Foreign & Commonwealth Office

coffey

A TETRA TECH COMPANY

# မြန်မာ့စီးပွားရေးလုပ်ငန်းများအတွက် အုပ်ချုပ်မှုစနစ်ကောင်းများဆိုင်ရာ လမ်းညွှန်

## အဂတိလိုက်စားမှု ဆန့်ကျင်ရေးနှင့် ကျင့်ဝတ်နှင့် အညီလုပ်ငန်းဆောင်ရွက်ခြင်းလက်စွဲစာစောင်



## ကျေးဇူးတင်မှတ်တမ်း

ယခုလမ်းညွှန်စာစောင်ကို ဩစတြေးလျအစိုးရ Bilateral Programme Fund ၏ရန်ပုံငွေပံ့ပိုးမှုဖြင့် Coffey International Ltd. ကပြုစုခြင်းဖြစ်ပြီး ရန်ကုန်မြို့ရှိ ဩစတြေးလျသံရုံးမှ ကူညီပေးပါသည်။ Coffey International Ltd. အနေနှင့် အသိပညာများနှင့် ၎င်းတို့၏ အတွေ့အကြုံများကို သုတေသနလေ့လာမှုအတွင်း မျှဝေရှင်းပြခဲ့ကြသော စီးပွားရေးလုပ်ငန်းများ၊ အန်ဂျီအိုများနှင့် အစိုးရအဖွဲ့အစည်းတာဝန်ရှိသူများ အားလုံးကို ဦးစွာကျေးဇူးတင်ရှိပါသည်။ အလားတူပင် ကနဦးတွေ့ရှိချက်များကို ပြန်လည်သုံးသပ်ခြင်းနှင့် အကြံပြုဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသော Coca Cola Myanmar ၊ Building Markets၊ Myanmar Centre for Responsible Business၊ Myanmar Directorate for Investment and Company Administration (DICA)၊ The PLAN: Public Legal Aid Network၊ Telenor Mynamar နှင့် Yoma Strategies, Ltd. တို့မှ မိတ်ဖက်အဖွဲ့ဝင်များကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ အင်တာဗျူး ဖြေဆိုသူများဖြစ်သော နွေးအေးအေးဝေနှင့် ကျော်ထွန်းတို့အားလည်းကောင်း၊ ၎င်းတို့၏ စီးပွားရေးနယ်ပယ်အတွေ့အကြုံများမှ ဥပမာကောင်းများကို မျှဝေပေးခဲ့သော SMART Technical Services အားလည်းကောင်း သီးသန့်ကျေးဇူးတင်စကားဆိုလိုပါသည်။

## မသက်ဆိုင်ကြောင်းဖော်ပြချက်

ယခုလမ်းညွှန်စာစောင်တွင်ဖော်ပြထားသော ဥပမာများသည် လေ့လာရန်ရွေးချယ်ထားသော မိတ်ဖက်အဖွဲ့အစည်းများနှင့် အင်တာဗျူး ဖြေဆိုသူများ၏ အတွေ့အကြုံများနှင့် နိုင်ငံတကာအဖွဲ့များ၏ အတွေ့အကြုံများဖြစ်သည်။ ထိုဥပမာများသည် မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီများ၊ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ၏ အလေ့အကျင့်ကောင်းများအားလုံးကို ကိုယ်စားပြုနိုင်ခြင်းမရှိနိုင်ပါ။

ယခုစာစောင်တွင် ကောက်နှုတ်ဖော်ပြထားသော တွေ့ဆုံမေးမြန်းခံရသူများ၏ ထင်မြင်သုံးသပ်ချက်များသည် Coffey International Ltd. သို့မဟုတ် ဩစတြေးလျအစိုးရတို့၏ ထင်မြင်ယူဆချက်များဖြစ်သည်ဟု မှတ်ယူခြင်းမပြုနိုင်ပါ။ Coffey International Ltd. နှင့် စာရေးသူများသည် စာစောင်ပါအကြောင်းအရာများ၏ ဘာသာပြန်ဆိုမှု သို့မဟုတ် အနက်ကောက်မှုများကိုလည်းကောင်း၊ စာဖတ်သူများ၏ သက်ဆိုင်ရာနိုင်ငံ ဥပဒေများအရ အသရေဖျက်မှု သို့မဟုတ် ဥပဒေချိုးဖောက်မှုဖြစ်စေနိုင်သည့် ဖော်ပြချက်တစ်စုံတရာပါဝင်ပါကလည်းကောင်း တာဝန်ယူမည်မဟုတ်ပါကြောင်းကို ရှင်းလင်းဖော်ပြအပ်ပါသည်။

## အတိုကောက်/အတိုချုံးစကားလုံးများ

| | |
|---|---|
| ASEAN | Association of South East Asian Nations |
| BHC | British High Commission |
| CAC | Coalition against Corruption |
| CIEN | China Integrity Education Network |
| CIPE | Centre for International Private Enterprise |
| DICA | Directorate for Investment and Company Administration |
| EITI | Extractive Industries Transparency Initiative |
| FCPA | Foreign Corrupt Practices Act |
| FMI | First Myanmar Investment Ltd. |
| GE | General Electric |
| MBF | Myanmar Business Forum |
| MCRB | Myanmar Centre for Responsible Business |
| NGO | Non-governmental organisation |
| NIS | National Integrity System |
| OMI | Open Myanmar Initiative |
| OSS | One Stop Service |
| PDF | Portable Document Format |
| PLAN | Public Legal Aid Network |
| SME | Small and Medium sized enterprises |
| SMS | Short message service |
| TI | Transparency International |
| TiME | Transparency in Myanmar Enterprise |
| TYACN | Thai Youth Anti-Corruption Network |
| UMFCCI | Union of Myanmar Federation of Chambers of Commerce and Industry |
| UNCAC | United Nations Convention against Corruption |
| UNDP | United Nations Development Programme |

# မာတိကာ


၁။ ဤလမ်းညွှန်ကို မည်သူဖတ်ရှုသင့်သနည်း ..... 1

၂။ အဂတိလိုက်စားမှုကို အဘယ့်ကြောင့် အလေးထား သတိပြုသင့်သနည်း ..... 3

၃။ ယခုဆွေးနွေးနေသော အဂတိလိုက်စားမှုဆိုသည်မှာ အဘယ်နည်း။ ..... 6

၃.၁။ အဂတိလိုက်စားမှုကို အဓိပ္ပါယ်သတ်မှတ်ခြင်း ..... 6

၃.၂။ အဂတိလိုက်စားမှုဖြစ်ပွားနိုင်ချေမြင့်သော နယ်ပယ်များ ..... 8

၃.၃။ ကျင့်ဝတ်ဖြောင့်မှန်ခြင်း- အဂတိလိုက်စားခြင်းကို တိုက်ဖျက်ခြင်းရာတွင် ဖြစ်နိုင်ဖွယ် နည်းလမ်းတစ်ခု ..... 9

၄။ အဂတိလိုက်စားမှုကို ဆန့်ကျင်ရန်နှင့် ကျင့်ဝတ်ဖြောင့်မှန်ရန် မည်သို့ဆောင်ရွက် နိုင်သနည်း ..... 11

၄.၁။ အဖွဲ့အစည်းတွင်း။ ခိုင်မာသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒနှင့် အစီ အစဉ်များ ကုမ္ပဏီအတွင်း၌ ထူထောင်ခြင်း ..... 11

၄.၂။ အဖွဲ့အစည်းပြင်ပ။ သင်၏ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အခြားသောအဖွဲ့ အစည်းများကို ရှင်းလင်းအသိပေးခြင်း ..... 28

၄.၃။ စုပေါင်းလုပ်ဆောင်မှု။ ကျင့်ဝတ်ဖြောင့်မှန်မှုကို မြှင့်တင်ရန်နှင့် အဂတိ လိုက်စားမှု ကိုတိုက်ဖျက်ရန် စီးပွားလုပ်ငန်းများမှ အတူတကွ လုပ်ဆောင်ခြင်း ..... 29

၅။ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်း- မည်သည့်အခန်းကဏ္ဍကို တာဝန်ယူ လုပ်ဆောင်နိုင်သနည်း။ ..... 34

၅.၁။ အစိုးရ- စီးပွားလုပ်ငန်းများ အဂတိကင်းရေးကြိုးပမ်းအားထုတ်မှုတွင် အရေးပါသော မိတ်ဖက် ..... 34

၅.၂။ အရပ်ဘက်အဖွဲ့အစည်း- သတင်းအချက်အလက်များ၏ အရေးပါသော အခန်းကဏ္ဍ ..... 40

၆။ နိဂုံးချုပ်၊ သင်မည်သို့ ရှေ့ဆက်ဆောင်ရွက်မည်နည်း ..... 45

၆.၁ အဂတိလိုက်စားမှု ဖြစ်လာနိုင်သည့် အခင်းအကျင်းများ ။ သင်မည်သို့ လုပ်ဆောင်နိုင် သနည်း။ ..... 45

နောက်ဆက်တွဲ- ၁။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ..... 48

နောက်ဆက်တွဲ- ၂။ ကုမ္ပဏီများ၏အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒနမူနာများ ..... 48

နောက်ဆက်တွဲ- ၃။ Code of Conduct နမူနာများ ..... 48

နောက်ဆက်တွဲ- ၄။ အခြားကိုးကားစရာ အရင်းအမြစ်များ ..... 50

## မြန်မာ့စီးပွားရေးလုပ်ငန်းများအတွက် အုပ်ချုပ်မှုစနစ်ကောင်းများဆိုင်ရာ လမ်းညွှန်

## အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကျင့်ဝတ်နှင့်အညီလုပ်ငန်းဆောင်ရွက်ခြင်းလက်စွဲစာစောင်

# ၁။ ဤလမ်းညွှန်ကို မည်သူဖတ်ရှုသင့်သနည်း

ဤအဂတိလိုက်စားမှု တိုက်ဖျက်ရေး လမ်းညွှန်သည် အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေနိုင်သည့် အခြေအနေများ ကို လျှော့ချကာ အဂတိလိုက်စားမှု အလေ့အထများကို ဆန့်ကျင်တိုက်ဖျက်လိုသည့် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များနှင့် မန်နေဂျာများ ကိုအကူအညီပေးရန် ပြုစုတင်ပြထားခြင်းဖြစ်သည်။ ဤလမ်းညွှန်ကို လုပ်ငန်း အမျိုးအစားအမျိုးမျိုး၊ အထူးသဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများတွင် အသုံးပြုနိုင်အောင် ပုံစံချထားသည်။ သို့သော် ဤလမ်းညွှန်ပါ အတွေးအမြင်များနှင့် အကြံပြုချက်များသည် လုပ်ငန်းအားလုံးအတွက် သင့်လျော်မှန်ကန်နိုင်လိမ့်မည် မဟုတ်ပေ။ မန်နေဂျာများနှင့် လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ရည်ရွယ်ချက်များနှင့် အဂတိလိုက်စားမှုကြုံရနိုင်သည့် အခြေအနေများကို ကိုယ်တိုင်အကဲဖြတ် သုံးသပ်ပြီး ၎င်းတို့ အတွက် မှန်ကန်သင့်လျော်သော လုပ်ငန်းစဉ်များကို ဆုံးဖြတ်လုပ်ကိုင်ရန်လိုအပ်ပေလိမ့်မည်။

အဂတိလိုက်စားမှုကို တိုက်ဖျက်ရေးသည် အစိုးရ၏တာဝန်တစ်ရပ်သာဖြစ်ပြီး စီးပွားရေးလုပ်ငန်းများမှာမူ စီးပွားရေးဝန်းကျင် အခြေအနေများ ကောင်းမွန်စေမည့်အပြောင်းအလဲများကို စောင့်စားရန်သာရှိသည်ဟု တွေးဆမှုများရှိနိုင်သည်။ အဂတိလိုက်စားမှု ကျယ်ပြန့်စွာအမြစ်တွယ်နေပါက အဂတိလိုက်စားမှုပြုနိုင်သော အခွင့်အလမ်းများကို လျှော့ချရန်အတွက် စီးပွားရေးဆိုင်ရာ စည်းမျဉ်းများနှင့် အလေ့အကျင့်များပြုပြင်ပြောင်းလဲခြင်း၊ အဂတိလိုက်စားမှုကို ဆန့်ကျင်သည့် ဥပဒေများ၊ စည်းမျဉ်းများကို အသက်ဝင်အောင်ဆောင်ရွက်ခြင်း၊ ကျူးလွန်သူများကို တရားစွဲ အပြစ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ရန် အစိုးရတွင် တာဝန်ကြီးစွာရှိနေသည်။

သို့ရာတွင် အဂတိလိုက်စားမှုသည် အစိုးရ၏ပြဿနာသက်သက် မဟုတ်ပေ။ အဂတိလိုက်စားမှု ပေါ်ပေါက်ရခြင်းမှာ အာဏာပိုင်များမှ တံစိုးလက်ဆောင်နှင့် အခြားသော အကျိုးအမြတ်များတောင်းရန် အခွင့်အလမ်းများ ရှိနေခြင်း တစ်မျိုးတည်းကြောင့်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းများကိုယ်တိုင်က လာဘ်ပေးသောကြောင့်၊ အဂတိလိုက်စားမှုကို မည်သို့ရှောင်ရှားနိုင်သည်ကို မသိသောကြောင့်နှင့် ယင်းနှင့်ပတ်သက်ပြီး ပြောဆို၊ လုပ်ပိုင်ခွင့်မရှိဟု ယူဆနေသောကြောင့်ဖြစ်သည်။ စီးပွားရေးအဖွဲ့အစည်းများသည် ပြဿနာ၏ အစိတ်အပိုင်းဖြစ်နိုင်သကဲ့သို့အဖြေလည်း ဖြစ်နိုင်သည်။ စီးပွားရေးလုပ်ငန်းများအနေနှင့် စီးပွားရေးအလေ့အကျင့်ကောင်းများကို မြှင့်တင်ခြင်း၊ ပွင့်လင်းမြင်သာ မှုကို ဖော်ဆောင်ခြင်း၊ အစိုးရ၏ ဥပဒေများ၊ ကျင့်ထုံးများ ပြုပြင်ပြောင်းလဲရန်အတွက် တိုက်တွန်းနှိုးဆော်ခြင်း စသည့်တို့ကို လုပ်ဆောင်ခြင်းအားဖြင့် ဤပြဿနာအတွက် အဖြေလည်းဖြစ်နိုင်သည်။

ဤ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလမ်းညွှန်၏ အဓိကဦးတည်ချက်မှာ မြန်မာစီးပွားရေးလုပ်ငန်းများကို အကြံဉာဏ်များနှင့် နမူနာကောင်းများ ပေးရန်ဖြစ်သည်။ ထို့ပြင် အစိုးရများမှ အကောင်အထည်ဖော်လုပ်ဆောင် နိုင်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံသားများနှင့် အန်ဂျီအိုများမှပါဝင်ဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများကိုလည်း အကြံပြုပေးရန်ရည်ရွယ်ပါသည်။

ဤလမ်းညွှန်စာစောင် အောက်ပါအကြောင်းရာများပါဝင်သည်။

**အခန်း (၂)** ။ ။ အဘယ့်ကြောင့် မိမိတို့လုပ်ငန်းခွင်များတွင် အဂတိလိုက်စားမှုကို သတိထားသင့်သနည်း။

**အခန်း (၃)** ။ ။ အဂတိလိုက်စားမှုဆိုသည်မှာ အဘယ်နည်း။ ကျင့်ဝတ်ဖြောင့်မှန်မှု ဆိုသည်မှာ အဘယ်နည်း။

**အခန်း (၄)** ။ ။ အဂတိလိုက်စားမှုကို မည်သို့မည်ပုံ ဆန့်ကျင်၍ ဂုဏ်သိက္ခာရှိသော လုပ်ငန်းတစ်ခုအဖြစ် မည်သို့ လည်ပတ်လုပ်ဆောင်နိုင်သနည်း။

- အဖွဲ့အစည်းအတွင်း။ ။ မိမိတို့လုပ်ငန်းအတွင်း အလေ့အကျင့်ကောင်းများ တိုးတက်စေခြင်း
- အဖွဲ့အစည်းပြင်ပ။ ။ အဖွဲ့အစည်းပြင်ပတွင်လည်း မိမိလုပ်ငန်းအား နမူနာကောင်းအဖြစ် ရပ်တည်စေခြင်း
- စုပေါင်းလုပ်ဆောင်မှု။ ။ အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန် စီးပွားလုပ်ငန်းများမှ အတူတကွ လုပ်ဆောင်ခြင်း

**အခန်း (၅)** ။ ။ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းသည် အဂတိလိုက်စားမှုကို တိုက်ဖျက်ရန်နှင့် စီးပွားရေးလုပ်ငန်းများအတွက် ဝန်းကျင်ကောင်းဖွံ့ဖြိုးရန် မည်သို့မည်ပုံ ကူညီလုပ်ဆောင်နိုင်သနည်း။

# ၂။ အဂတိလိုက်စားမှုကို အဘယ့်ကြောင့် အလေးထား သတိပြုသင့်သနည်း

## မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး

မြန်မာနိုင်ငံသည် နိုင်ငံရေးအကူးအပြောင်းကာလအတွင်းတွင် ရှိနေသည်။ ဥပဒေများကို ပြန်လည်သုံးသပ် ပြင်ဆင်နေပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများအတွက် အခွင့်အလမ်းများလည်း ပိုမိုများပြားလာသည်။ သို့ရာတွင် မည်သည့် တိုင်းပြည်/အဖွဲ့အစည်းမှ အရာခပ်သိမ်းကို ချက်ချင်းပြောင်းလဲသွားအောင် မစွမ်းဆောင်နိုင်ပေ။ ထို့ကြောင့် လုပ်နည်းကိုင်နည်းဟောင်း၊ အလေ့အကျင့်ဟောင်းများ ကြွင်းကျန်နေသေးခြင်း ဖြစ်သည်။ ထိုသို့စနစ်ဟောင်းမှ အကျင့်ဟောင်းများကြွင်းကျန်နေခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် အန္တရာယ်များသော ဝန်းကျင်တစ်ခု ဖြစ်စေနိုင်သည်။ ဆိုလိုသည်မှာ စီးပွားရေးလုပ်ရာတွင် မှန်ကန်မှု၊ တရားမျှတမှုဆိုင်ရာ စံများကိုရှင်းလင်းပြတ်သားစွာ သိမနေသေးခြင်းဖြစ်သည်။ သို့သော် ဤအခြေခံပေါ်မှနေ၍ ရေတိုရေရှည် ရလဒ်ကောင်းများအတွက် အလေ့အကျင့်အသစ်များ၊ အလေ့အကျင့်ကောင်းများ စတင်ကျင့်သုံးရန် အခွင့်အလမ်းကောင်း တစ်ခုလည်းရှိနေပါသည်။

> *"ကျွန်တော်တို့မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒ ရှိပါတယ်။ ဝန်ထမ်းအားလုံးကိုလည်း စီးပွားရေး ကျင့်ဝတ်တွေကို သင်ပေးထားလို့ လုပ်ငန်းလည်ပတ်မှုတွေ ပိုကောင်းလာတယ်။ ဥပမာ အစိုးရဝန်ကြီးဌာနတွေနဲ့ ဆက်စပ်လုပ်ကိုင်ရတဲ့ ဝန်ထမ်းတွေဟာ လက်ဖက်ရည်ဖိုးနဲ့ အခြားအပိုတောင်းဆိုတာတွေကို ပေးလို့မရဘူး ဆိုတာ ကောင်းကောင်းသိထားကြတယ်။ ဒါကြောင့် ဒီလို လက်ဖက်ရည်ဖိုးကိစ္စတွေမှာ အထက်ကိုမေးနေစရာမလို တော့လို့ အချိန်ကုန်သက်သာ သွားတယ်။ သူတို့အနေနဲ့ ဘာမှမပေးနိုင်ဘူးဆိုတဲ့ အကြောင်း အစိုးရအရာရှိကို ချက်ချင်းတုန့်ပြန် ပြောဆိုနိုင် ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ မူဝါဒကို ကျွန်တော်တို့နဲ့ဆက်ဆံ ရတဲ့သူတိုင်း ကောင်းစွာသိရှိထား တဲ့အတွက် ခုဆိုကျွန်တော့်ဝန်ထမ်းတွေကို လက်ဖက်ရည်ဖိုးတောင်းတာ မရှိသလောက်နည်းသွား တယ်။"*
>
> မြန်မာလုပ်ငန်းရှင်တစ်ဦး

## အဂတိလိုက်စားမှုသည် စီးပွားရေးလုပ်ငန်းများကို အခက်အခဲဖြစ်စေနိုင်ပြီး စရိတ်စကကြီးမားစေသည်

အဂတိလိုက်စားမှုကြောင့် ကုန်ကျမှုများသည် အထူးသဖြင့် အသေးစား လုပ်ငန်းများအတွက် အလွန်သိသာထင်ရှားနိုင်သည်။ အကောက်ခွန်ဌာနနတွင် ကြန့်ကြာနေသော ကုန်ကြမ်းပစ္စည်း သင်္ဘောတစ်စီး စာကပင် ကုမ္ပဏီအသေးစားတစ်ခုအတွက် လုပ်ငန်းလည်ပတ် ရန်၊ ဖောက်သည်ကို ထိန်းထားရန်တို့တွင် အခက်အခဲကြီးစွာ ဖြစ်စေနိုင်သည်။ ထိုအခြေအနေတွင် ကုမ္ပဏီအကြီး တစ်ခုအနေဖြင့် အခြားရွေးချယ်စရာနည်းလမ်းများ ရှိနေ သည့်အတွက် ကြန့်ကြာမှုကို အချိန်အတန် ကြာတောင့်ခံစောင့်ဆိုင်းနေနိုင်သည်။ လုပ်ငန်းငယ်လေးတစ်ခုသည် အဆိုပါပြဿနာကို ဖြေရှင်းပေးနိုင်သော အဆင့်မြင့်အရာရှိတစ်ဦးဦးကို တံစိုးလက်ဆောင်မပါပဲ အကူအညီတောင်းဆိုနိုင်သည့် အခြေအနေမျိုးလည်း ရှိနိုင်မည် မဟုတ်ပေ။

## အဂတိလိုက်စားမှုသည် ဆုံးရှုံးနိုင်ချေများသည်

လာဘ်ပေးခြင်းသည် မည်သည့်အခါမှ ပြီးဆုံးလုံလောက်သည်ဟူ၍ မရှိသောကြောင့် အဂတိလိုက်စားမှုမှာ အတောသတ်မည်မဟုတ်ပေ။ ထို့ကြောင့် လာဘ်ပေးသူဘက်မှ အကုန်အကျတန်ဖိုး ကြီးမြင့်လေ့ရှိသည်။ မြန်မာနိုင်ငံတွင် အစိုးရဝန်ထမ်းများမှ တံစိုးလက်ဆောင်ယူခြင်းသည် တရားမဝင်ပေ။ အဂတိလိုက်စားမှုကို ဆန့်ကျင်သော ကုလသမဂ္ဂသဘောတူညီချက်[1] United Nations Convention Against Corruption ကဲ့သို့သော နိုင်ငံတကာကျင့်ဝတ်စည်းမျဉ်းများကို လေးစားလိုက်နာသည့် တိုင်းပြည်အနေဖြင့် လာဘ်ပေးခြင်းကို ဥပဒေဆန့်ကျင်မှုအဖြစ် သတ်မှတ်သည်။ အကယ်၍ သင်လာဘ်ပေးထားသည့် ကိစ္စမအောင်မြင်ပါက (သို့) သင်လာဘ်ပေးပြီး

[1] UNCAC နှင့်ပတ်သက်ပြီး ထပ်မံသိလိုသည်များအတွက် နောက်ဆက်တွဲ- ၄ ကို ကြည့်ပါ။

ရထားသည့် ကန်ထရိုက်ကို လာဘ်ယူထားသူမှ မပေးသည့်အခါ မည်သူ့ထံမှ တိုင်ကြား၍ရမည်မဟုတ်ပါ။ ထို့ကြောင့်ပင် စီးပွားရေးစီမံခန့်ခွဲမှုအမြင်အရ အဂတိလိုက်စားမှုသည် ရှုံးနိုင်ချေ မြင့်မားသော လုပ်ဆောင်ချက်တစ်ခုပင် ဖြစ်သည်။

## အဂတိလိုက်စားမှုသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုလျော့နည်းစေနိုင်သည်

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရပ်ခြား အဂတိလိုက်စားမှုဆိုင်ရာ အက်ဥပဒေနှင့် ဗြိတိန်နိုင်ငံ၏ လာဘ်ပေးမှု ဆန့်ကျင်ရေးအက်ဥပဒေများအရ နိုင်ငံတကာစီးပွားရေး လုပ်ငန်းများ ကို မြန်မာနိုင်ငံရှိ ၎င်းတို့၏ ကိုယ်စားလှယ်များ၊ ကုန်ပစ္စည်းတင်သွင်းသူများ (သို့) ဆက်စပ်ကုမ္ပဏီခွဲများမှ လာဘ်ပေးမှုများရှိပါက ယင်းတိုင်းပြည်များတွင် ပြစ်ဒဏ်ချမှတ်နိုင်သည်။ ထို့ကြောင့် နိုင်ငံတကာလုပ်ငန်းများနှင့် တွဲဖက်လုပ်ကိုင်လိုသော မြန်မာစီးပွားရေးလုပ်ငန်းများသည် ၎င်းတို့ထံတွင် ခိုင်မာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများ[2] ထားရှိကျင့်သုံးခြင်းရှိမရှိ လေ့လာသုံးသပ်ရန်လိုအပ်သည်။ ကုမ္ပဏီတစ်ခုသည် အဂတိလိုက်စားမှုတွင် ပါဝင်ပတ်သက်မိသည်ဆိုပါက ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဥရောပသမဂ္ဂ အပါအဝင် အဖွဲ့အစည်းအများအပြားမှ ၎င်းကုမ္ပဏီအား လုပ်ငန်းလေလံဆွဲခွင့်ပြုတော့မည် မဟုတ်ချေ။ ထိုသို့ဖြစ်ပါက မြန်မာနိုင်ငံကဲ့သို့ နိုင်ငံတကာ အကူအညီ အထောက်အပံ့များနှင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေစီးဆင်းမှုများပြားသော တိုင်းပြည်တွင် စီးပွားရေးလုပ်ခွင့် များစွာဆုံးရှုံးသွားနိုင်သည်။

*မြန်မာနိုင်ငံတွင် စီးပွားလာရောက်လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းများ အထူးသဖြင့် ဥရောပ (သို့) မြောက်အမေရိကမှ လာရောက်လုပ်ကိုင်သော လုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းများကို အထူးစစ်ဆေးစီစစ်ခြင်းများနှင့် ရင်ဆိုင်ကြရသည်။ ထိုသို့စစ်ဆေးခံရခြင်းများကို လာအို၊ ကမ္ဘောဒီးယား (သို့) ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံပါက ၎င်းတို့အနေဖြင့် ကြုံတွေ့ရမည် မဟုတ်ပေ။*

***စီးပွားရေးလုပ်ငန်းဆိုင်ရာမြန်မာစင်တာ ပွင့်သစ်စ/ မြန်မာနိုင်ငံ၌ ပွင့်လင်းမြင်သာမှုလုပ်ငန်းအစီရင်ခံစာ ၂၀၁၆ စာ-၁၀***

**သင့်ကုမ္ပဏီသည်နိုင်ငံတကာမိတ်ဖက်များအတွက် (အဂတိလိုက်စားမှုဆိုင်ရာ) အန္တရာယ်အချက်ပေးမှုတွင် ပါနေသလား**

နိုင်ငံတကာမှလုပ်ငန်းများသည် တတိယအဖွဲ့အစည်းများနှင့် အလုပ်သဘောဆက်ဆံရေးတစ်ခု တည်ဆောက်ရာတွင် ကြုံလာနိုင်သော (အဂတိလိုက်စားမှုဆိုင်ရာ) အန္တရာယ်သတိပေးချက်များကို အလေးပေးအာရုံစိုက်လေ့ရှိသည်။ မိမိတို့ကုမ္ပဏီသည် ထိုသို့သော သတိပေးချက်များတွင်ပါနေပါက ယင်းကြောင့်အဖိုးတန် စီးပွားရေးအဆက်အသွယ်ကို ဆုံးရှုံးသွားနိုင်သည်။ အောက်ပါအခြေအနေများတွင် အန္တရာယ်သတိပေးချက်ပြုခြင်းခံရနိုင်သည်။

- ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိခြင်း
- ပိုင်ဆိုင်မှု (သို့) စီမံအုပ်ချုပ်မှုတွင် အစိုးရအရာရှိများ ပါဝင်နေခြင်း
- အစိုးရက (လုပ်ငန်းတွဲဖက်ဆောင်ရွက်ရန်) အတင်းအကျပ် အားပေးထောက်ခံထားသည့် ကုမ္ပဏီဖြစ်ခြင်း
- အများသုံး ငွေစာရင်း စံနှုန်းများနှင့်ညီသော ငွေစာရင်းရှင်းတမ်းထုတ်ပြန်မှု မပြုနိုင်ခြင်း
- ကုမ္ပဏီ၏ အများနှင့်သက်ဆိုင်သောမှတ်တမ်းမှတ်ရာများကို အချိန်ကိုက်ထုတ်ပြန်ပေးနိုင်မှုမရှိခြင်း
- စည်းကမ်းလျော့ရဲသော နိုင်ငံရပ်ခြားရှိ မှတ်ပုံတင်အဖွဲ့အစည်းထံတွင် လုပ်ငန်းမှတ်ပုံတင်ထားသော်လည်း (အခွန်ဆောင်ရန်မလိုသောနိုင်ငံတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း) မြန်မာနိုင်ငံတွင် တရားဝင်ရုံးလိပ်စာမရှိခြင်း
- အတိတ်၌ တရားမဝင် (သို့) သံသယဖြစ်ဖွယ်လုပ်ဆောင်ချက်များတွင် ဆက်စပ်ပါဝင်နေခဲ့ခြင်း
- လုပ်ငန်းဆိုင်ရာ အတွေ့အကြုံအနည်းငယ်သာရှိခြင်း (သို့) လုပ်ငန်းနယ်ပယ်အတွင်း လူသိနည်းခြင်း
- ကော်မရှင်ကြေး (သို့) ဆုကြေးငွေ ကဲ့သို့သော လုပ်ရိုးလုပ်စဉ်မဟုတ်သည့် ပေးချေမှုများလုပ်လေ့ရှိခြင်း
- နိုင်ငံရပ်ခြား အစိုးရများနှင့် ဆက်နွယ်နေသော လျှုဒါန်းမှုအဖွဲ့များကိုလည်း တွဲဖက်ဆောင်ရွက်ခြင်း

Source: Center for International Private Enterprise (CIPE), Anti-Corruption Compliance: A guide for mid-sized companies in emerging markets (2014)

[2] ဤဥပဒေများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက နောက်ဆက်တွဲ- ၄ ကိုကြည့်ပါ။

## အဂတိလိုက်စားမှုကို ခိုင်ခိုင်မာမာဆန့်ကျင်ခြင်းသည် ကုမ္ပဏီအတွက် ကောင်းကျိုး များစေသည်

- ကုမ္ပဏီတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်ကောင်းတစ်ခုရှိပါက ဝန်ထမ်းများကြောင့် နိုင်ငံတကာကုမ္ပဏီများမှ သင့်အား ပြစ်ဒဏ်ပေးခြင်း (သို့) နာမည်ပျက်စာရင်းသွင်းမှ ကာကွယ်ထားနိုင် သည်။
- ကုမ္ပဏီသည် လာဘ်ပေးမှု မပြုခြင်းကြောင့် နာမည်ကောင်းရထားလျှင် ဝန်ထမ်းများကို လာဘ်တောင်းခံရခြင်း နည်းပါးသွားနိုင်သည်။
- သန့်ရှင်းသောပြိုင်ဆိုင်မှုဖြင့် ရရှိထားသော လုပ်ငန်းကန်ထရိုက်များသည် ပို၍ တရားဝင်ဖြစ်သည်။
- လူမှု နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်၌ ကျင့်ဝတ်စံနှုန်းကောင်းများ ရှိခြင်းကြောင့် ဂုဏ်သတင်းကျော်ဇောမှုသည် ယနေ့ကမ္ဘာတွင် စိတ်ဝင်စားမှု တိုးပွားလာနေသောကြောင့် ကုမ္ပဏီအား ဆွဲဆောင်မှုတစ်ခုဖြစ်စေသည်။
- နိုင်ငံတကာမှလုပ်ငန်းတစ်ခု (သို့) အဖွဲ့အစည်းတစ်ခု၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီအောင်လုပ်ဆောင်နိုင်ခြင်းဖြင့် အခြားသော နိုင်ငံတကာလုပ်ငန်း ကန်ထရိုက်များ နှင့် ရင်းနှီးမြှုပ်နှံမှုများ ရရန်အထောက်အကူဖြစ်စေသည်။
- နာမည်ကောင်းတစ်ခုရှိခြင်းသည် ဝန်ထမ်းကောင်းများကို ဆွဲဆောင်နိုင်ပြီး စိတ်ဓာတ်ကောင်းများဖြစ်စေရန် နှင့် လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်စေရန် တွန်းအားပေးနိုင်သည်။

> *ကုမ္ပဏီသေးတစ်ခု၌ ခိုင်မာသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများနှင့် အလေ့အကျင့်များရှိခြင်း၏ အရေးပါသော အကျိုးအမြတ်တစ်ခုမှာ စီမံကိန်းကောင်းကောင်းဆွဲနိုင်ခြင်းဖြစ်သည်။ သင်၏ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များကို ပိုမိုထိရောက်အကျိုးဖြစ်အောင် စီမံထားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လာဘ်ပေးရသည့် အခါ နောက်ထပ်အကြိမ်မည်မျှ ထပ်ပေးရမည်ကို မသိနိုင်သည့်အပြင် လာဘ်ပေးခြင်းကြောင့် နောက်ပိုင်းတွင် ပိုမိုကြီးမားသော အကျိုးဆက်ဖြစ်လာနိုင်မနိုင်ဆိုသည်ကိုလည်း သင်မသိနိုင်သောကြောင့်ဖြစ်သည်။*
>
> **မြန်မာလုပ်ငန်းရှင်တစ်ဦး**

**အောင်မြင်သောအတွေ့အကြုံ- အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်းနှင့် ကျင့်ဝတ်ဖြောင့်မှန်မှုကို မြှင့်တင်ခြင်း အကျိုးရလဒ်များ**

SMART နည်းပညာဝန်ဆောင်မှုလုပ်ငန်းသည် ကော်ပိုရိတ်လုပ်ငန်းကျင့်အစီအစဉ်ကို လုပ်ဆောင်ထား၍ ရလာဒ်ကောင်းများရရှိထားပြီးဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် မလွယ်ကူခဲ့သော်လည်း ၎င်းတို့လုပ်ငန်းမူဝါဒများနှင့် မှတ်တမ်းများကို အမေရိကန်ကုမ္ပဏီ GE မှ တစ်နှစ်ကြာသုံးသပ်စစ်ဆေးပြီးနောက် SMART နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းသည် GE ၏အဓိကကုန်သွယ်ဖက်လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ရခဲ့သည်။ GE သည် အမေရိကန်နိုင်ငံ၏ နိုင်ငံရပ်ခြားအဂတိလိုက်စားမှုဆိုင်ရာ အက်ဥပဒေကို လိုက်နာသော ကုမ္ပဏီဖြစ်သည်။ ထို့ကြောင့် GE ကုမ္ပဏီသည် SMART နှင့် GE ကုန်သွယ်ဖက်မဖြစ်ခင်ကပင် SMART လုပ်ငန်းအနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအတွက် လိုအပ်ချက်အားလုံးကို ကိုက်ညီအောင်လုပ်ဆောင်ထား မှုရှိမရှိ စစ်ဆေးသည်။ အဆိုပါအောင်မြင်မှုကပင် SMART အား ကျင့်ဝတ်ဖြောင့်မှန်သော၊ စိတ်ချယုံကြည်ရသော ကုမ္ပဏီအဖြစ် အတည်ပြုပေးခဲ့ပြီး ဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနယ်ပယ်၌ SMART ကုမ္ပဏီသည် အခြားသော နိုင်ငံတကာကုမ္ပဏီများနှင့်အတူတွဲဖက်ကာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

အရင်းအမြစ်။ ။ တွေ့ဆုံမေးမြန်းမှု၊ အောက်တိုဘာ ၂၀၁၆

## ၃။ ယခုဆွေးနွေးနေသော အဂတိလိုက်စားမှုဆိုသည်မှာ အဘယ်နည်း။

### ၃.၁။ အဂတိလိုက်စားမှုကို အဓိပ္ပါယ်သတ်မှတ်ခြင်း

အဂတိလိုက်စားမှု ဖြစ်နိုင်သော လုပ်ကိုင်ဆောင်ရွက်ချက် ပုံစံအမျိုးမျိုးရှိနိုင်သည်။ အချို့လုပ်ဆောင်ချက်များ ကို မြန်မာနိုင်ငံတွင် တရားမဝင်အဖြစ် သတ်မှတ်ထားသည်။ တချို့ကိုမူ ထိုသို့ မသတ်မှတ်ပေ။ တရားမဝင်ဖြစ်သည်ဟု မသတ်မှတ်ထားသော်လည်း ယင်းအလေ့အကျင့်ဆိုးများသည် စီးပွားရေးတိုးတက်မှု၊ အများပြည်သူဝန်ဆောင်မှုနှင့် အမျိုးသားဖွံ့ဖြိုးရေးဦးတည်ချက်များအား ထိခိုက်ပျက်စီးစေနိုင်သည်။

မြန်မာနိုင်ငံ ဥပဒေ၌ အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူမှုအဖြစ် တရားဝင်သတ်မှတ်ထားသည်။ ဥပဒေတွင်

> *အဂတိလိုက်စားမှုသည် ယုံကြည်အပ်နှင်းထားသော အာဏာကို ပုဂ္ဂိုလ်ရေးအကျိုးအမြတ်ရရန်အတွက် အလွဲသုံးစား ပြုခြင်းဖြစ်သည်။ အဂတိလိုက်စားသည့် လုပ်ရပ်များသည် ပုဂ္ဂိုလ်တစ်ဦး (သို့) အဖွဲ့အစည်းတစ်ခုက ၎င်းတို့ကိုအပ်နှင်းထားသော အာဏာကို အခွင့်ကောင်းယူ၍ (၎င်းအတွက်၊ အဖွဲ့အစည်းအတွက်၊ ၎င်းတို့၏ အဆက်အနွယ်များအတွက်) ခွင့်ပြုထားသည်ထက်ပိုမိုသော အကျိုးအမြတ်ရရန် လုပ်ဆောင်သည့် လုပ်ရပ်ဖြစ်သည်။*

- လာဘ်ပေးလာဘ်ယူမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာ ရှိသူကရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစုံတရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီ ပြု လုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့် အညီရထိုက်သော အခွင့်အရေး ပေးအပ်ရန် (သို့) ဥပဒေနှင့် အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန် သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တစိုး လက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားလူတဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်း အတွက်သော်လည်းကောင်း ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်းနှင့် သို့မဟုတ် တနည်းနည်းဖြင့်ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းကိုဆိုသည်။
- တစိုးလက်ဆောင်ဆိုရာတွင် လာဘ်ပေးလာ်ယူမှုပြုလုပ်ရန် အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့်တန်ဖိုးမ ပေးပဲလက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသော ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သောအခြားအကျိုးခံစားခွင့်များ[3] ပါဝင်သည်။

လက်တွေ့ဘဝတွင်ရှိသည့် လာဘ်ပေးလာဘ်ယူမှုပုံစံနှင့်ပတ်သက်၍ ဥပမာတစ်ခုများစွာရှိနိုင်သည်။

- နိုင်ငံကူးလက်မှတ်ရုံးမှ စာရေးသည် လျှောက်လွှာတင်ရေးကိစ္စ မြန်ဆန်စေဖို့ လက်ဖက်ရည်ဖိုးလက်ခံကာ လုပ်ဆောင်ပေးသည်။
- မြို့နယ်အုပ်ချုပ်ရေးအရာထမ်းသည် လက်ဆောင်ကောင်းကောင်းယူကာ ဒေသတွင်းရှိမြစ်ကို မိုင်းတွင်းလုပ်ငန်းမှ ညစ်ညမ်းစေသည့်ကိစ္စအား လျစ်လျူရှုပေးထားသည်။
- ဘဏ်မန်နေဂျာတစ်ယောက်သည် ချေးငွေလျှောက်ထားသောကုမ္ပဏီမှလာဘ်ငွေမပေးမချင်း ချေးငွေခွင့်ပြုမှုကို အချိန်ဆွဲထားသည်။
- ရဲအရာရှိသည် လမ်းပြောင်းပြန်မောင်းသည့် အငှားယာဉ်မောင်းကို ရပ်ခိုင်းပြီး စည်းကမ်းဖောက်ဖျက်မှုကို မှတ်တမ်းတင်ကာ ယာဉ်မောင်းလိုင်စင်ကို သိမ်းယူရမည့်အစား အမှုပိတ်သိမ်းဖို့အတွက် သူ့အား ချက်ချင်းပိုက်ဆံပေးရန် ယာဉ်မောင်းကို အကြံပေးသည်။

**အရေးကြီးသောအချက်**။ အဂတိလိုက်စားမှုသည် စီးပွားရေးလုပ်ငန်းနှင့် ပြည်သူ့ဝန်ဆောင်မှု ကဏ္ဍအကြားတွင်သာ အမြဲရှိနေခြင်းမဟုတ်ပေ။ အောက်တွင်ဖော်ပြထားသည့် ပစ္စည်းဝယ်ယူရေး မန်နေဂျာ၏ ဥပမာကဲ့သို့ အဂတိလိုက်စားမှု

[3] မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ၂၀၁၃

ဓလေ့များသည် စီးပွားရေးလုပ်ငန်းများ အချင်းချင်းအကြားတွင်လည်း ဖြစ်ပွားနိုင်သည်။ ၎င်းဓလေ့များသည် ကုမ္ပဏီလုပ်ငန်းများရှင်သန်ရေးအတွက် အန္တရာယ်ဖြစ်စေသည်။

### အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူခြင်းထက် များစွာ ပိုလွန်သည်

*မြန်မာနိုင်ငံ၏ဥပဒေသည် အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူမှုအဖြစ် အဓိပ္ပါယ်ဖွင့်သည်။ သို့ရာတွင် အခြားအဓိပ္ပါယ်ဖွင့်ချက်များအရ အဂတိလိုက်စားမှုဖြစ်နေသော အခြားသောလုပ်ရပ်များလည်း ရှိနေသည်။ ထိုသို့သော အလေ့အကျင့်အားလုံးသည် စီးပွားရေးလုပ်ငန်းများနှင့် ပိုမိုကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်း အတွက် ဆိုးကျိုးသာပေးသည်။ ယခုဖော်ပြပေးမည့် အခြားသော အဂတိလိုက်စားမှု ပုံစံဥပမာများကို နိုင်ငံအများအပြား၌ တရားမဝင်ဟု သတ်မှတ်ထားသည်။*

- *ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအရာရှိသည် သူ၏ဒါရိုက်တာရာထူးကိုသုံးကာ သူ့ဌာနတွင် သူ့တူဖြစ်သူကို အလုပ်သွင်းထားသည်။*
- *ဝယ်ယူရေး မန်နေဂျာ၏ မိသားစုသည် ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီ ပိုင်ဆိုင်သည်။ ထုတ်ကုန်အသစ်အတွက် စာအုပ်ထုတ်ရန် ဈေးပြိုင်လေလံခေါ်ရမည့်အစား ဝယ်ယူရေး မန်နေဂျာသည် လုပ်ငန်းကန်ထရိုက်ကို သူ့မိသားစု ကုမ္ပဏီကိုပေးသည်။*
- *ဝန်ကြီးဌာန အရာရှိတစ်ဦးသည် ကုမ္ပဏီတစ်ခုအား လေလံအသေးစိတ်အချက်များကို စောစီးစွာ အသိပေးထားသည်။ အပြန်အလှန်အနေဖြင့် ၎င်းကုမ္ပဏီမှ ထိုအရာရှိ၏ နိုင်ငံရေးပါတီကို ထောက်ပံ့ရန် ဖြစ်သည်။ ထို့နောက် ဝန်ကြီးဌာနမှ အများပြည်သူဆိုင်ရာ ကုန်ပစ္စည်းဝယ်ယူမည် ဖြစ်ကြောင်း ကြေညာချက်ထုတ်ကာ လုပ်ငန်းတင်ဒါတင်သွင်းရမည့် နောက်ဆုံးပိတ်ရက်ကိုမူ ရက်အနည်းငယ်မျှသာ ပေးထားသည်။*
- *ကျောင်းဆရာ/ဆရာမများသည် ပုံမှန်ကျောင်းတက်ချိန်များတွင် သင်ခန်းစာများကို သင့်တော် လုံလောက်အောင်မသင်ပေးဘဲ ကျောင်းသားများကို ၎င်းတို့၏ ကိုယ်ပိုင်ကျူရှင်များတွင် တက်ခိုင်းကာ နောက်ဆုံးစာမေးပွဲကြီးတွင် ပါမည့်သင်ခန်းစာများကို သင်ပေးသည်။*

*အစိုးရဆီမှ လုပ်ငန်းကန်ထရိုက်ရလိုသော ကုမ္ပဏီသည် အရေးပါအရာရောက်သော အစိုးရအရာရှိအတွက် ခရီးစီစဉ်ပေးပြီး ကုန်ကျစရိတ်အားလုံးကို ကျခံကာ အရာရှိနှင့် သူ၏မိသားစုကို ဇိမ်ခံဟိုတယ်တွင် ထားပေးသည်။*

- *ခရီးသွားလာရေးဝန်ကြီးဌာနရှိ အရာရှိတစ်ဦးသည် ဟိုတယ်အားလုံး၌ လုံခြုံရေးစစ်ဆေးရန် ဓာတ်ရောင်ခြည်သုံးစက်များထားရှိရမည့် စည်းမျဉ်းသစ်ကို ဖန်တီးထုတ်ပြန်သည်။ ထိုအရာရှိသည် နိုင်ငံအတွင်း၌ အဆိုပါစက်များရောင်းချပေးသည့် တစ်ခုတည်းသော ကုမ္ပဏီကို ပိုင်ဆိုင်သည်။*

## ၃.၂။ အဂတိလိုက်စားမှုဖြစ်ပွားနိုင်ချေမြင့်သော နယ်ပယ်များ

ရှေ့အခန်းများ၌ ပေးခဲ့သောဥပမာများသည် အတော်အတန် ရှင်းလင်းပြည့်စုံနိုင်သော်လည်း မြန်မာနိုင်ငံ၌ တွေ့နေကျဖြစ်သော၊ ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသည့် အလေ့အကျင့်အချို့ ရှိသေးသည်။ သင့်လုပ်ငန်းသည် ရည်ရွယ်မထားသော်လည်း အဂတိလိုက်စားမှု အတွက်တရားခံဖြစ်နိုင်သည်။ စီးပွားရေးလုပ်ငန်းများ အတွက် အဂတိကြုံနိုင်ချေအထူးမြင့်သော နယ်ပယ်အချို့ရှိသည်။ အထူးအားဖြင့် အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်သည့်စနစ် ခိုင်ခိုင်မာမာမရှိသေးသည့်[4] နိုင်ငံများတွင် လုပ်ငန်းလုပ်ကိုင်ရသည့် အခါမျိုး၌ ဖြစ်သည်။ နောက်ပိုင်းအခန်းများတွင် စီးပွားရေးလုပ်ငန်းများအတွက် အဆိုပါအဂတိဖြစ်နိုင်ချေများမှ ကာကွယ်နိုင်မည့် နည်းလမ်းအချို့ကို ဖော်ပြပေးထားသည်။ ၎င်းနည်းလမ်းများကို သုံးပြီး လုပ်ငန်းများသည် ပြဿနာများပေါ်မလာအောင်ပင် ရှောင်ရှားနိုင်မည် ဖြစ်သည်။

**တယ်လီနော၏ ရန်ကုန်ရုံးတွင်ကပ်ထားသော လက်ဆောင်မပေးရ ပေါ်လစီ**




### လက်ဆောင်များနှင့် ဧည့်ဝတ်ပျူငှာမှု

မြန်မာနိုင်ငံနှင့် အခြားနိုင်ငံ အများအပြားတွင် လေးစားမှုကို ပြသရန်နှင့် သီတင်းကျွတ်၊ နှစ်သစ်ကူးကဲ့သို့သော အခါသမယများကို အမှတ်ရစေရန် လက်ဆောင်ပေးကြသည့် အခါသမယများရှိသည်။ အများအားဖြင့် စီးပွားရေးလုပ်ငန်းများ၌ အပြန်အလှန်လက်ဆောင်ပေးခြင်း (သို့) အစားအသောက် ကျွေးမွေးခြင်း (သို့) အခြားသောဧည့်ခံပြုစုမှုများ သည် ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်မှုများ၏ အစိတ်အပိုင်းပင် ဖြစ်သည်။ သို့ရာတွင် ဈေးကြီးသော လက်ဆောင်များ (သို့) အလျှံပယ် ဧည့်ခံပြုစုမှုများ (သို့) မကြာခဏ လက်ဆောင်ပေးခြင်းများကိုမူ လာဘ်ပေးလာဘ်ယူမှုအဖြစ် ရှုမြင်နိုင်သည်။ နောက်အခန်း၌ လက်ဆောင်ပေးခြင်း၊ လက်ခံခြင်းများအား မည်သို့မည်ပုံကိုင်တွယ်စီမံရန်အတွက် လမ်းညွှန်မှုများ ပိုမိုပါရှိသည်။

### လုပ်ငန်းအဆင်ပြေလွယ်ကူစေရန် ငွေပေးခြင်း (လက်ဖက်ရည်ဖိုး)

ဝန်ဆောင်မှုတစ်ခုအား မြန်မြန်ဆန်ဆန်ရရန်အတွက် ငွေပေးရခြင်းမျိုးကို နိုင်ငံအများအပြားတွင်တွေ့ရလေ့ရှိသည်။ ၎င်းတို့သည် လာဘ်ပေးလာဘ်ယူသည့် ပုံစံနောက်တစ်မျိုးပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အစိုးရအရာရှိတစ်ယောက်မှ မည်သည့် လာဘ်အမျိုးအစားကို ယူသည်ဖြစ်စေ တရားဥပဒေနှင့်ဆန့်ကျင်သည်ဟု သတ်မှတ်သည်။ အများစုက ကိစ္စရပ်တစ်ခုပြီးမြောက်စေရေးအတွက် လက်ဖက်ရည်ဖိုးငွေပေးခြင်းသည် မရှိမဖြစ်ဟုယူဆကြသည့်တိုင်အောင် ယင်းသည်တရားမဝင်လုပ်ဆောင်ချက်ဖြစ်သည်။ နောက်အခန်းတွင် ကုမ္ပဏီများမှ လက်ဖက်ရည်ဖိုးပေးရခြင်း ကို ရှောင်နိုင်မည့် နည်းလမ်းအချို့ကို အကြံပြုထားသည်။

### အကျိုးစီးပွားပဋိပက္ခ

အထက်တွင်ဖော်ပြခဲ့သော ပစ္စည်းဝယ်ယူရေးမန်နေဂျာနှင့် ပတ်သက်သည့် ဥပမာတွင် သူသည် သူ၏မိသားစု အကျိုးစီးပွားအတွက် ဆုံးဖြတ်လုပ်ဆောင်ခဲ့သည်။ သူ၏ရာထူးကိုအသုံးချကာ သူ့မိသားစုအသာရရေး အတွက်

---

[4] ဤဆွေးနွေးမှုသည် လာဘ်ပေးလာဘ်ယူမှုကို ဆန့်ကျင်တုန့်ပြန်ခြင်း- အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်စီးပွားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (၂၀၀၈ ခုနှစ် တည်းဖြတ်မှု) နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့မှ ထုတ်နုတ်အသုံးပြုထားခြင်းဖြစ်သည်။ အသေးစား၊ အလတ်စား အရွယ်ရှိစီးပွားရေးလုပ်ငန်းများ ၂၀၁၅ အတွက် ထုတ်ဝေထားသော G20-B20 အဂတိလိုက်စားမှုတိုက်ဖျက်ရေး လမ်းညွှန်ကိုလည်း ကိုးကားသည်။

လုပ်ဆောင်ခဲ့ခြင်းဖြစ်သောကြောင့် ကုမ္ပဏီ၏အကျိုးစီးပွားကို ဦးစားမပေးသည့် သဘောပင်ဖြစ်သည်။ သူ၏မိသားစု ကုမ္ပဏီသည် မျှတသည့်စျေးနှုန်းနှင့် ဝန်ဆောင်မှုကောင်းကောင်း ပေးသည့်တိုင်အောင် သူ၏လုပ်ရပ်သည် အကျိုးစီးပွားပဋိပက္ခကို ဖြစ်စေသည်။ လူတစ်ဦး (သို့) အဖွဲ့အစည်းတစ်ခု၌ မူလလုပ်ငန်း၏အကျိုးစီးပွားနှင့် ယှဉ်ကာ အခြားအကျိုးစီးပွားရှိနေသည့်ကိစ္စရပ်တိုင်းတွင် ယင်းအကျိုးစီးပွားနှစ်ရပ်အကြား ပဋိပက္ခဖြစ်နိုင်ချေ အလားလာ ရှိမြဲဖြစ်သည်။ ထိုပဋိပက္ခအလားလာကို သက်ဆိုင်ရာ အာဏာပိုင်များဆီသို့ အမြဲအကြောင်းကြားပေးသင့်သည် (ယခုကိစ္စရပ်တွင် ကုမ္ပဏီအုပ်ချုပ်ရေးအဖွဲ့ထံသို့)။ သို့မှသာ အကျိုးစီးပွားပဋိပက္ခလျော့ချရေး အစီအမံများကို လုပ်ဆောင်ထားနိုင်မည် ဖြစ်သည်။ ဤပြသနာ၌ အဆိုပါကန်ထရိုက်လုပ်ငန်းအတွက် အခြား ဝယ်ယူရေး မန်နေဂျာတစ်ယောက်အား တာဝန်ပေးခြင်း (သို့) မိသားစုကုမ္ပဏီမှ အသင့်တော်ဆုံးစျေးနှုန်းနှင့် အကောင်းဆုံး ပစ္စည်းကို ပေးနိုင်ကြောင်းသိသာထင်ရှားစေရန် အိတ်ဖွင့်တင်ဒါခေါ်ခြင်းအစရှိသည့် အစီအမံများ လုပ်ဆောင်နိုင်သည်။ နိုင်ငံတကာလုပ်ငန်းစုကြီး၏ လုပ်ငန်းခွဲတစ်ခု (သို့) နိုင်ငံခြားကုမ္ပဏီ တစ်ခုကို ကိုယ်စားပြုနေသော ကုမ္ပဏီအတွက်မူ အကျိုးစီးပွားပဋိပက္ခကိစ္စရပ်သည် ပို၍အရေးကြီးသည်။ မြန်မာနိုင်ငံတွင် တရားဝင်ကြေညာမှု မရှိသော၊ လျော့ပါးစေမည့်အစီအမံများမရှိသော အကျိုးစီးပွားပဋိပက္ခများအားလုံး တရားမဝင်မဟုတ်သော်လည်း ကျန်နိုင်ငံ အများအပြားတွင်မူ တရားမဝင်ဟု ပြဌာန်းထားလေ့ရှိသည်။

## အလှူသဘောထည့်ဝင်ခြင်း၊ ကူညီပံ့ပိုးပေးခြင်းများနှင့် နိုင်ငံရေးဆိုင်ရာ ထည့်ဝင်မှုများ

တံစိုးလက်ဆောင်/လာဘ်ပေးမှုကို လူပုဂ္ဂိုလ်တစ်ဦးဆီသို့ တိုက်ရိုက်ပေးစရာမလိုဘဲ အရာရှိတစ်ဦး (သို့ ) စီးပွားရေးသမားတစ်ဦး နှစ်သက်သော ကုသိုလ်ပြုအဖွဲ့များထံသို့ ထည့်ဝင်လှူဒါန်းပေးခြင်း၊ အရာရှိ (သို့ ) လုပ်ငန်းရှင်လုပ်ဆောင်နေသော စီမံကိန်းဖြစ်သည့် အခမ်းအနားတစ်ခု (သို့) လှုပ်ရှားမှုတစ်ခုကို (အားကစားအသင်း အစရှိသဖြင့်) ငွေကြေးထောက်ပံ့ကူညီပေးခြင်း၊ နိုင်ငံရေးပါတီသို့ ထည့်ဝင်ပေးခြင်း စသည်တို့ကို ၎င်းပုဂ္ဂိုလ်၊ အဖွဲ့အစည်းထံမှ အထူးအခွင့်ရေးရရန်အတွက် လုပ်ဆောင်ပါက လာဘ်ပေး လာဘ်ယူမှုဖြစ်စေသည်။ ကိုယ်ကျိုးအခွင့်ရေး (သို့) မျက်နှာသာပေးမှုကို ရှာဖွေနေခြင်း မဟုတ်သည့် သန့်ရှင်းသည့် စီးပွားရေးလုပ်ငန်းအဖြစ် အဆိုပါထည့်ဝင်ပေးမှုအားလုံးကို ပွင့်လင်းစွာ လုပ်ဆောင်သင့် သည်။ အထူးအရေးကြီးသည့်အချက်မှာ ၎င်းထည့်ဝင်မှုများအား ပြင်ပစောင့်ကြည့်လေ့လာသူများမှ မည်သို့ထင်မြင်ယူဆကြမည်ဆိုသည့် အချက်ကို သေချာစဉ်းစားရန် ဖြစ်သည်။ အထူးသဖြင့် သင့်လုပ်ငန်း သည် သင်ထည့်ဝင်လှူဒါန်းထားသော အဖွဲ့အစည်းများနှင့် ဆက်စပ်နေသည့် တစ်စုံတစ်ဦးထံမှ ဝန်ဆောင်မှု၊ ခွင့်ပြုချက် (သို့) လုပ်ငန်းစာချုပ်ရရှိရန် ကြိုးပမ်းနေချိန်မျိုး၌ ဖြစ်သည်။

## ၃.၃။ ကျင့်ဝတ်ဖြောင့်မှန်ခြင်း- အဂတိလိုက်စားခြင်းကို တိုက်ဖျက်ခြင်းရာတွင် ဖြစ်နိုင်ဖွယ် နည်းလမ်းတစ်ခု

ဤအခန်းသည် ရှောင်ရှားသင့်သည့် အဂတိလိုက်စားမှုနှင့် အဂတိလိုက်စားမှုအလေ့အကျင့် ပုံစံများ အကြောင်းအားလုံးကို ဖော်ပြထားသည်။ ယင်းကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုအနေနှင့် မလုပ်သင့် သည့်အရာများကို သိရှိရသကဲ့သို့ သင့်လုပ်ငန်းမှ မည်သည်ကိုလုပ်ဆောင်ရမည်နှင့် မည်သို့ရပ်တည်သင့် သည် စသော အချက်များကို စဉ်းစားရာတွင်လည်း အကူအညီဖြစ်စေသည်။ သင်လုပ်ငန်းကို မည်သည့် တန်ဖိုးနှုန်းစံများနှင့် တွဲ၍ အများကမြင်စေလိုသနည်းဟူသောအချက်ကိုလည်း စဉ်းစားသင့်သည်။ **ကျင့်ဝတ်ဖြောင့်မှန်ခြင်းသည်** အဆိုပါ အမေးများအတွက် အဖြေတစ်ခုဖြစ်သည်။ ကျင့်ဝတ်ဖြောင့်မှန်သော ကုမ္ပဏီသည် ၎င်း၏စီးပွားရေး ရည်မှန်းချက်များ ရရှိအောင်မြင်ရေးအတွက် လာဘ်ပေးလာဘ်ယူတွင် ပါဝင်ပတ်သက်စရာမလိုပဲ လိုအပ်သည့် ကျွမ်းကျင်မှုများ၊ အရင်းအမြစ်များကို ပိုင်ဆိုင်ထားလေ့ရှိသည်။

**ကျင့်ဝတ်ဖြောင့်မှန်မှုသည် တာဝန်ခံမှု၊ ကျွမ်းကျင်လိမ္မာမှု၊ ကျင့်ဝတ်တရားနှင့် အဂတိကင်းမှုများတို့၏ ပေါင်းစည်းမှုဖြစ်သည်။**

တာဝန်ခံမှု

- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များကို တာဝန်ယူသည်
- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပြောသည့်အတိုင်း လုပ်ဆောင်သည်
- ကျွန်ုပ်တို့လုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ကြသူများအားလုံးအား ကျွန်ုပ်တို့၏ အလုပ်များကို စစ်ဆေးရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များပေးသည်

ကျွမ်းကျင်လိမ္မာမှု

- အလုပ်ပြီးမြောက်ဖို့ရာ လိုအပ်သည့်အရာများ ကျွန်ုပ်တို့တွင် ရှိသည်
- ကျွန်ုပ်တို့သည် အလုပ်ကိုကောင်းစွာ လုပ်ဆောင်သည်
- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အလုပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ စီမံသည်

ကျင့်ဝတ်နှင့်ညီသော ပြုမူဆောင်ရွက်ချက်

- ကျွန်ုပ်တို့သည် အခြားသူများ၏ အတွေးအမြင်များကို တန်ဖိုးထားသည်
- ကျွန်ုပ်တို့ကို ယုံကြည်နိုင်ပါသည်
- ကျွန်ုပ်တို့သည် အများကောင်းကျိုးအတွက် လုပ်ဆောင်သည်

အဂတိလိုက်စားမှုကင်းခြင်း/ အဂတိလိုက်စားမှုကို ထိန်းချုပ်ခြင်း

- ကျွန်ုပ်တို့သည် အဂတိကင်းစွာ လုပ်ကိုင်ဆောင်ရွက်သည်။
- ကျွန်ုပ်တို့သည် လမ်းညွှန်ချက်များသုံးကာ အဂတိလိုက်စားမှုကို ခက်ခဲအောင် လုပ်ဆောင်ထားသည်။
- ကျွန်ုပ်တို့သည် အဂတိလိုက်စားမှု လျော့ချရန် ကြိုးပမ်းကြသူများကို ထောက်ပံ့ပေးသည်။

ပေါင်းစည်းမှု။ ကျွန်ုပ်တို့သည် ပြောသည့်အတိုင်း လုပ်ဆောင်သည့်အတွက်ကြောင့် ကျွန်ုပ်တို့၏ ပြောစကားများနှင့် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအကြား ကွဲပြားခြားနားချက်ဟူ၍ မရှိပေ။ တာဝန်ခံမှု၊ ကျွမ်းကျင်လိမ္မာမှုနှင့် ကျင့်ဝတ်တရားများသည်တစ်ခုနှင့်တစ်ခုညီညွတ်ကိုက်ညီနေ၍ကျင့်ဝတ်ဖြောင့်မှန်မှုကိုခိုင်မာအားကောင်း ရေးအတွက်လည်း တစ်ခုနှင့်တစ်ခု အပြန်အလှန်ထောက်ပံ့မှုပေးသည်ဟု ကျွန်ုပ်တို့နားလည်ထားသည်။

အရင်းအမြစ်။ ကျင့်ဝတ်ဖြောင့်မှန်ရေး လုပ်ဆောင်ချက်၊ ကျင့်ဝတ်ဖြောင့်မှန်စွာ နေထိုင်ရေးနှင့် လုပ်ကိုင်ဆောင်ရွက် ရေး၊ "သင်လုပ်နိုင်ပါတယ်" (ကျင့်ဝတ်ဖြောင့်မှန်ရေး လုပ်ဆောင်ချက်၊ ၂၀၁၅)

၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက်များသည် ကျင့်ဝတ်ဖြောင့်မှန်သော ကုမ္ပဏီတစ်ခု တည်ထောင်ဖန်တီးရေးအတွက် လှုံ့ဆော်အားပေးနိုင်သည်။ စီးပွားရေးဦးဆောင်သူများနှင့် ဝန်ထမ်းများသည် ကိုယ့်ကိုကိုယ်ပြန်မေးသင့်သည်မှာ- နိုင်ငံပြုပြင်ပြောင်းလဲမှု၊ ကောင်းမွန်သည့်အုပ်ချုပ်ရေး၊ တာဝန်ခံမှု၊ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးရေး ရည်မှန်းချက်များ

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အမျိုးသားရည်မှန်းချက်**

*မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ (၂၀၁၃) ၏ ဦးတည်ချက်များ*

- *လာဘ်ပေးလာဘ်ယူမှု အမြစ်ဖြတ်တိုက်ဖျက်ခြင်းကို အမျိုးသားတာဝန်တစ်ရပ်အဖြစ် လုပ်ဆောင်ရန်*
- *အများပြည်သူဆိုင်ရာ စီမံကွပ်ကဲမှု၌ သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုကို ဖန်တီးရန်*
- *တာဝန်ခံမှုနှင့် သိက္ခာကို မြှင့်တင်ရန်*
- *လူမှုအသိုင်းအဝိုင်းနှင့် နိုင်ငံသားများ၏အခွင့်အရေးများနှင့် ကောင်းကျိုးများ၊ နိုင်ငံ၏ ပိုင်ဆိုင်မှုများကို လာဘ်ပေးလာဘ်ယူမှုကြောင့် အဟန့်အတားဖြစ်ခြင်းမှ ကာကွယ်ရန်*
- *လာဘ်ပေးလာဘ်ယူမှုပြုကြောင်း တွေ့ရှိရသူများကို ထိထိရောက်ရောက် အပြစ်ပေးရန်*
- *ပိုမို ပွင့်လင်းမြင်သာသည့် ဥပဒေအုပ်စိုးမှုနှင့် စီမံကွပ်ကဲမှုများမှတဆင့် ဒေသတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်*

အရင်းအမြစ်။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ (၂၀၁၃) (တရားဝင်ထုတ်ပြန်ထားခြင်းမဟုတ်သည့် ဘာသာပြန်)

စသည်တို့ ဖွံ့ဖြိုးတိုးတက်စေရန် မည်သည့်စီးပွားရေးအလေ့အကျင့်များကို လုပ်ဆောင်ရမည်နှင့် လုပ်ငန်း/ အလုပ်ရှင်မှ မြှင့်တင်နေသည့် ကျင့်ဝတ်တန်ဖိုးများကို ဂုဏ်ယူမှုရှိမရှိဆိုသည့် မေးခွန်းများဖြစ်သည်။

## ၄။ အဂတိလိုက်စားမှုကို ဆန့်ကျင်ရန်နှင့် ကျင့်ဝတ်ဖြောင့်မှန်ရန် မည်သို့ဆောင်ရွက်နိုင်သနည်း

လုပ်ငန်းတိုင်းသည် အဂတိလိုက်စားမှုကြောင့် ဖြစ်တတ်သည့် ဆိုးကျိုးများ လျော့ချရေးကို စိတ်ဝင်စားကြသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် အချို့နည်းလမ်းများသည် လွယ်ကူရှင်းလင်း၍ အချို့မှာ ပို၍ရှုပ်ထွေးခက်ခဲနိုင်ပါသည်။ လုပ်ငန်းများ၌ ကျင့်ဝတ်ဖြောင့်မှန်ခြင်းနှင့် ဂတိလိုက်စားမှုကို ဆန့်ကျင်တိုက်ဖျက်ခြင်းအတွက် အဆင့်သုံးဆင့်သတ်မှတ် စဉ်းစားနိုင်ပါသည်။

- အဖွဲ့အစည်းအတွင်း။ ရှင်းလင်းသည့် အခြေခံမူများကို အခြေခံ၍ ခိုင်မာသည့် အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေး မူဝါဒနှင့် ၎င်းမူဝါဒနှင့် ကိုက်ညီသော အစီအစဉ်များ၊ ဝန်ထမ်းများနှင့် စီးပွားဖက်များအတွက် သင်တန်းများ။ သတင်းပေးပို့မှုလမ်းကြောင်းများ၊ စောင့်ကြည့်လေ့လာရေး ကိစ္စရပ်များကဲ့သို့သော အခြားအထောက်အပံ့စနစ်များကိုလည်း ထည့်သွင်းနိုင်သည်။ လုပ်ငန်း၏ အရွယ်အစား၊ နယ်ပယ်အကျယ်အဝန်းနှင့် ၎င်းရင်ဆိုင်ရသည့် အဂတိဖြစ်နိုင်ချေအနေအထားပေါ် မူတည်၍ အစီအစဉ်တစ်ခု၏ အခြေခံအချက်များသည် ပို၍များပြား (သို့) ပို၍နည်းပါး လာနိုင်ပါသည်။
- အဖွဲ့အစည်းပြင်ပ။ ကျင့်ဝတ်ဖြောင့်မှန်ရေးနှင့် အဂတိလိုက်စားမှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်း ကတိကဝတ်များကို လုပ်ငန်းတွဲဖက်များနှင့် အခြားသော ပါဝင်ပတ်သက်သူများထံသို့ အသိပေး ဆက်သွယ်လုပ်ဆောင်ခြင်း။
- စုပေါင်းလုပ်ဆောင်မှု။ စီးပွားရေးနယ်ပယ်အတွင်း အဂတိလိုက်စားမှုဘေးကို ရင်ဆိုင်ဖြေရှင်းရန် ပိုမိုကျယ်ပြန့်သော သဘောတူညီချက်များနှင့် စံနှုန်းများ ထူထောင်ရေးအတွက် အခြားကုမ္ပဏီများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခြင်း။

ဤအခန်းသည် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို ပိုမိုခိုင်မာစေရေးအတွက်နှင့် လူတိုင်းကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကူညီနိုင်သည့်ကွန်ရက် ဖန်တီးရေးအတွက် စီးပွားရေးလုပ်ငန်းများမှ လုပ်ကိုင်နိုင်သည့် အရာများကို အကြံပြုချက်များ၊ ဥပမာများဖြင့် ဖော်ပြပေးသည်။

### ၄.၁။ အဖွဲ့အစည်းတွင်း။ ခိုင်မာသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒနှင့် အစီအစဉ်များ ကုမ္ပဏီအတွင်း၌ ထူထောင်ခြင်း

အထူးသဖြင့် ပြီးခဲ့သည့်အခန်းတွင် ဖော်ပြခဲ့သည့် အဂတိဖြစ်နိုင်ချေများသော နယ်ပယ်အချို့တွင် လုပ်ငန်း လုပ်ကိုင်သည့် အခါ၌ လုပ်ငန်းတိုင်းသည် စည်းမျဉ်းဥပဒေများ ရှိထားရမည် ဖြစ်ပြီး အလေ့အကျင့်များကို ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းထားသင့်သည်။ အဆိုပါ စည်းမျဉ်းဥပဒေများကို အကောင်ထည်ဖော်ဆောင်ရွက်နေကြောင်း သေချာစေရန် ထပ်မံလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ လိုအပ်သည်။ မည်သို့လုပ်ဆောင်ရမည်ဟူသည့် အခြေခံများကို နားလည်ရန် မြန်မာဘာသာပြန်ထားသည့် အထောက်အကူပြု အရင်းအမြစ်များစွာ- ဥပမာ Transperancy International ၏ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးအတွက် စီးပွားရေးနိယာမများ (အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အထူးထုတ်) ကဲ့သို့သော အရင်းအမြစ်များ ရရှိနိုင်ပြီ ဖြစ်သည်။ ကုမ္ပဏီ၌ ခိုင်မာသော




Transparency International ၏ Business Principles for Countering Bribery— Small and Medium Enterprise (SME) Edition အတွက် မြန်မာဘာသာပြန်ကို http://www.myanmarresponsiblebusiness.org/pdf/2014-11-04-TI-Guide-Business-Principles-for-Countering-Bribery.pdf တွင် သို့မဟုတ်ပါက ရန်ကုန်ရှိ Myanmar Center for Responsible Business တွင်ရယူနိုင်သည်။ အင်္ဂလိပ်ဘာသာဖြင့် https://www.transparency.org/whatwedo/tools/business_principles_for_countering_bribery_sme_edition/1/ တွင် ရရှိနိုင်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်များ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များစွာကို Trasperancy International ၏လမ်းညွှန်တွင် ထည့်သွင်းထားပြီး ဖြစ်သည်။ ထို့ကြောင့် ဤလမ်းညွှန်တွင် ထိုအချက်အလက်များကို ထပ်မံဖော်ပြတော့မည် မဟုတ်ပေ။ ယင်းအစား ဤအခန်းသည် အချက်အလက်အချို့ကိုသာ အကျဉ်းချုံးဖော်ပြပြီး မြန်မာနိုင်ငံတွင် မရနိုင်သေးသည့် အခြားအရင်းအမြစ်များမှ လမ်းညွှန်ချက်များကို ဖော်ပြပေးမည် ဖြစ်သည်။ ထို့ပြင် ၎င်းလမ်းညွှန်ချက်များအား လက်တွေ့ကျင့်သုံးရာတွင် မည်သို့မည်ပုံဖြစ်နိုင်သည်ကို နိုင်ငံတကာနှင့် ဒေသတွင်း အကြံပြုချက်များနှင့်တကွ ဖော်ပြထားသည်။

### ၄.၁.၁။ ပထမအဆင့်လုပ်ငန်းစဉ်။ အဂတိဖြစ်နိုင်ချေများကို သုံးသပ်အကဲဖြတ်ကာ ဦးစားပေးသတ်မှတ်ခြင်း

ကုမ္ပဏီတိုင်း၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစီအစဉ်များသည် တူညီနေစရာမလိုပေ။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်တစ်ခုသည် ၎င်းကုမ္ပဏီရင်ဆိုင်ကြုံတွေ့ရသည့် အဂတိဖြစ်နိုင်ချေအတိုင်းအတာနှင့် ၎င်းဘေးများကို ရင်ဆိုင်ရန် ရရှိနိုင်သော အရင်းအမြစ်များကြား အချိုးကျနေသင့်သည်။

**လူမှုကွန်ရက်များသုံးကာ ဘေးကြောင့်ထိခိုက်ဆုံးရှုံးနိုင်ချေများကို ဆန်းစစ်ခြင်း**

*ရန်ကုန်ရှိ ကုမ္ပဏီမန်နေဂျာတစ်ယောက်သည် ဖေ့ဘုတ်တွင် ဝန်ထမ်းများနှင့်ပတ်သက်သည့် တိုင်ကြားချက်များကိုကြည့်ကာ ထိုတိုင်ကြားချက်များကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး သင်တန်းများ သို့မဟုတ် မူဝါဒသတ်မှတ်ခြင်းများတွင် ထည့်သွင်းစဉ်းစားစေသည်။ အရင်းအမြစ်။ အမေးအဖြေကဏ္ဍ၊ စက်တင်ဘာ ၂၀၁၆*

ဒေသတွင်း၌သာ ဝန်ဆောင်မှုပေးနေသည့် အလွန်သေးငယ်သည့် ကုမ္ပဏီလေးအဖို့ ဒေသတွင်း ပစ္စည်းတင်သွင်းသူများအတွက် ဆင့်ပွားသင်တန်း အစီအစဉ်များ လုပ်ဆောင်ပေးရန် မလိုအပ်နိုင်ပါ။ သို့သော် လာဘ်တောင်းခံမှုကို ဝန်ထမ်းများမှ ဆန့်ကျင်ရန်နှင့် လက်ဆောင်လက်ခံ/ပေးရသည့် သင့်တော်သည့် အတိုင်းအဆကို နားလည်ရန် ရှင်းလင်းသော စည်းမျဉ်းများကိုမူ လိုအပ်နေဆဲဖြစ်သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုတွင်း၊ သစ်တောနှင့် ဆောက်လုပ်ရေး စသည့်လုပ်ငန်းများသည် အဂတိလိုက်စားမှု ဖြစ်နိုင်ချေမြင့်မားလွန်းသည့် အနေအထား (ဥပမာ-မြေလုပ်ပိုင်ခွင့်အတွက်ပေးရသည့် တန်ဖိုးမြင့် မသမာကြေးများ အပါအဝင်) ၌ လုပ်ကိုင်နေကြသည်။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများမှာမူ ပမာဏနည်းပါးသော လာဘ်ပေးရမှုအား အကောက်ခွန်ဌာန၌ ကုန်ပစ္စည်းထုတ်ယူရာတွင်လည်းကောင်း (သို့) ကုန်ပစ္စည်းများကို နိုင်ငံအတွင်း သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း ကြုံတွေ့ရနိုင်သည်။ အကယ်၍ သင့်ကုမ္ပဏီသည် အခမ်းအနားများအတွက် ငွေကြေးမထောက်ပံ့ (သို့) နိုင်ငံရေးအတွက် လှူဒါန်းမှုမပြုပါက ယင်းကိစ္စရပ်များအတွက် မူဝါဒများ ထားရှိရန်မလိုအပ်ပေ။

**အဂတိလိုက်စားမှုကြောင့် အဂတိဖြစ်နိုင်ချေများကိုဆန်းစစ်ရန် ရိုးရှင်းသောနည်းလမ်း- ဝန်ထမ်းများနှင့် ဆွေးနွေးပါ**

သင်၏လုပ်ငန်းတွင် အဂတိလိုက်စားမှုဖြစ်နိုင်ချေများကိုဆန်းစစ်ရန် အရိုးရှင်းဆုံးနည်းလမ်းမှာ ဝန်ထမ်းများထံမှ သင်ယူခြင်း ဖြစ်သည်။

- ဝန်ထမ်းများကို တွေ့ဆုံမှုပြီး သင့်ကုမ္ပဏီ၏ အဂတိလိုက်စားမှုလျှော့ချရန် ကြိုးပမ်းမှု အားကောင်းစေရေးအတွက် ရည်မှန်းချက်ကို စတင်မိတ်ဆက်ပေးပါ။
    - အဂတိလိုက်စားမှုတွင်ပါဝင်ပတ်သက်ခြင်းသည် ကုမ္ပဏီအတွက် အန္တရာယ် ဖြစ်စေသည်ကို ရှင်းလင်းပြောပြပါ။
- အဂတိလိုက်စားမှုဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ချေများအကြောင်း ပြောခြင်းအတွက် စိတ်ပူစရာမလိုကြောင်း ဝန်ထမ်းများကို ရှင်းပြပါ။
- သင်၏ဝန်ထမ်းများကို အောက်ပါမေးခွန်းများကို မေးပါ
    - အစိုးရအရာရှိများနှင့် အခြားသောကုမ္ပဏီများနှင့် မည်သို့ဆက်သွယ်ဆောင်ရွက်နေကြသနည်း
    - ဆက်သွယ်ဆောင်ရွက်ရာတွင် လက်ဖက်ရည်ဖိုးပေးခြင်း၊ လက်ဆောင်ပေးခြင်း/ လက်ခံခြင်း (သို့) အတွင်းသတင်းနှိုက်ခြင်းကဲ့သို့သော အဂတိလိုက်စားမှု (သို့) အန္တရာယ်များသည့် အလေ့အကျင့်များ၌ ပါဝင်ပတ်သက်နေပါသလား။
    - အဂတိဖြစ်နိုင်သည့် ဆောင်ရွက်မှုများကိုလုပ်ငန်း၏ မည်သည့်အပိုင်းတွင် တွေ့မြင်ရလေ့ရှိသနည်း။ ကန်ထရိုက်ရရန်ကြိုးစားခြင်း။ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများ ဝယ်ယူရာ၌လား။ အခွန်ဆောင်ရာ၌လား။ ဝန်ဆောင်မှုရယူရာ၌လား (လျှပ်စစ်၊ တယ်လီဖုန်း၊ အင်တာနက်)။ လုပ်ပိုင်ခွင့်ပါမစ်နှင့် ခွင့်ပြုချက်ရရှိရေးကြိုးပမ်းရာ၌လား။
- အဆိုပါ ထိခိုက်ဆုံးရှုံးနိုင်ချေရှိသော လုပ်ငန်းနယ်ပယ်များအကြောင်း ဆွေးနွေးကာ မည်သည့်နယ်ပယ်များသည် အရေးကြီးဆုံးဖြစ်သည်ကို ဆုံးဖြတ်သည်။ အကယ်၍ သင်၏ဝန်ထမ်းများသည် ထိုကိစ္စများကိုဆွေးနွေးရန် အဆင်မပြေပါက ၎င်းတို့ကြုံတွေ့ရလေ့ရှိသည့် အဂတိလိုက်စားမှု အလေ့အကျင့်များရှိနေသော လုပ်ငန်းနယ်ပယ်များကို ချရေးရန် ပြောနိုင်သည်။
- အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲ အကောင်အထည်ဖော်နေစဉ်၌ ထိခိုက်ဆုံးရှုံးနိုင်ချေရှိသည့် လုပ်ငန်းနယ်ပယ်များနှင့် ဦးစားပေး လုပ်ဆောင်သင့်သည့် နယ်ပယ်များကို ရွေးချယ်ဆုံးဖြတ်ရန် ထိုသတင်း အချက်အလက်များကို သုံးသည်။

**အရေးကြီးသောအချက်**။ ထိခိုက်နိုင်ချေများကို ဆန်းစစ်၍ ထိုအဂတိဘေးကို ရင်ဆိုင်ရန် ဆုံးဖြတ်ပြီးချိန်တွင် မိမိတို့ကိုယ်တိုင် ပြဿနာ၏အစိတ်အပိုင်းဖြစ်နေသေးကြောင်း စီးပွားရေး လုပ်ငန်းများအနေနှင့် ရိုးသားစွာ လက်ခံထားရန်လိုအပ်သည်။ လုပ်ငန်းအတွင်း အလေ့အကျင့်များ ပြောင်းလဲခြင်းသည် အကျိုးအမြတ်ရှိရုံသာမက အခက်အခဲများလည်း ကြုံတွေ့နိုင်သည်ကို အသိမှတ်ပြုထားရသည်။ လုပ်ငန်းစာချုပ်ရရှိရေး (သို့) အခွန်ကိစ္စရပ်များကဲ့သို့သော လုပ်ငန်း၏ အဓိကအကျိုးအမြတ်ကိစ္စရပ်များ လုပ်ဆောင်ရသောအခါ အလေ့အကျင့်ဟောင်းများကို အမြစ်ဖြတ်ရန် ခက်ခဲနိုင်သည်။

## ၄.၁.၂ ။ လာဘ်ပေးလာဘ်ယူမှုကို ရှောင်ရှားရန်နှင့် ဂုဏ်သိက္ခာကို မြှင့်တင်ရန် ရှင်းလင်းသောစည်းမျဉ်းများ ထုတ်ပြန်ခြင်း

ကုမ္ပဏီတိုင်း၌ လာဘ်ပေးလာဘ်ယူမှု (သို့) အခြား အဂတိလိုက်စားမှု ပုံစံများကို ဆန့်ကျင်သည့် ရပ်တည်ချက်ကို ရှင်းလင်းစွာဖော်ပြထားသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒ ရှိရန်လိုအပ်သည်။ ထိုမူဝါဒသည်

ရှည်လျားရှုပ်ထွေးမနေဘဲ တိုတိုနှင့်ရှင်းရှင်းဖြစ်ပါက ပိုကောင်းပါသည်။ (အောက်တွင်ဖော်ပြထားသည့် FMI ၏မူဝါဒကဲ့သို့)။ အခြားသော ဥပမာများကို နောက်ဆက်တွဲ (ခ) တွင်တွေ့နိုင်သည်။

**FMI ကုမ္ပဏီလီမီတက်၏ လာဘ်ပေးလာဘ်ယူမှု ဆန့်ကျင်ရေးမူဝါဒမှ ကောက်နှုတ်ချက်**

FMI အုပ်စုသည် လာဘ်ပေးလာဘ်ယူမှု (သို့) အဂတိလိုက်စားမှု မည်သည့်ပုံစံကိုမျှ လက်သင့်မခံပါ။

စီးပွားရေးအခွင့်သာမှုရရန် (သို့) မျက်နှာသာပေးခံရရန်အတွက် လက်ဆောင်၊ ကိုယ်ရေးကိုယ်တာ အတွက် ပေးချေမှုအား ကမ်းလှမ်းခြင်း၊ ပေးခြင်း၊ ပြုလုပ်ခြင်း၊ ရှာဖွေခြင်းနှင့် လက်ခံခြင်း မပြုလုပ်ရပါ။ သင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် နေရာတိုင်းတွင် မြန်မာနိုင်ငံ၏ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများကို ကျင့်သုံးနေကြောင်း အမှတ်ရကာ အုပ်စုမှ လိုက်နာသည့် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

အကယ်၍ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုတွင် ပါဝင်နေပါက အပြစ်ပေးအရေးယူခံရခြင်း၊ အလုပ်မှ ထုတ်ပယ်ခံရခြင်း၊ တရားစွဲခံရခြင်းနှင့် ထောင်ကျခံရနိုင်သည်။

အတူလုပ်ကိုင်နေသူများသည် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုကို လက်သင့်မခံနိုင်ကြောင်း နားလည်နေရန်လိုအပ်သည်။

လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေးအတွက် စုပေါင်းချမှတ်ထားသော လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

ထိုမူဝါဒကို ဝန်ထမ်းအားလုံး၊ ကန်ထရိုက်များ၊ပစ္စည်းတင်သွင်းသူများ၊စီးပွားတွဲဖက်လုပ်ကိုင်သူများအားလုံး သိရှိစေရန် ထုတ်ပြန်ကြေညာပေးရမည်။

မူဝါဒအပြည့်အစုံကို http://fmi.com.mm/anti-bribery-policy/ တွင်ကြည့်ပါ။ မြန်မာပြန်ကို http://fmi.com.mm/myanmar/anti-bribery-policy/ တွင်ကြည့်ပါ

အများအားဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒသည် အရေးကြီးသော အခြေခံမှုများအား ထုတ်ပြန်ချက်တစ်ရပ်ဖြစ်သည်။ မူဝါဒက မည်သို့ဆိုလိုသည်ကို နိုင်လုံသော အသုံးအနှုန်းများနှင့် ပိုမိုရှင်းလင်းသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ပေးရန် လိုအပ်သည်။၎င်းကို လုပ်ငန်းကျင့်ဝတ် (သို့) လက်စွဲစာအုပ် တွင်ဖော်ပြထားလေ့ရှိပြီး ယင်းကျင့်ဝတ်များ၌ ဝန်ထမ်းများ၏ မည်သည့်အပြုအမူများကို မျှော်လင့်ထား သည်ကို သီးသန့်ဖော်ပြထားလေ့ရှိသည်။ လုပ်ငန်းကျင့်ဝတ်လက်စွဲတွင် အများအားဖြင့် အဂတိလိုက်စားမှု ကိစ္စရပ်ထက်ပိုသော အကြောင်းအရာများ ပါဝင်လေ့ရှိသော်လည်း ၎င်းသည် အဂတိလိုက်စားမှုနှင့် ဆက်စပ်သော လက်ခံနိုင်သည့်၊ လက်မခံနိုင်သည့် အပြုအမူများကို ခွဲခြားပြရမည် ဖြစ်သည်။ အထူးသဖြင့် အဂတိလိုက်စားမှု အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်ကို သတ်မှတ်ပေးရမည့်အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ် အကောင်ထည်ဖော်ရေးအတွက် မည်သူထံတွင် တာဝန်ရှိသည်ဆိုသည်ကိုလည်း ရှင်းလင်းသတ်မှတ်ပေးရမည်။ (လုပ်ငန်းကျင့်ဝတ်နှင့် ပတ်သက်သည့် လမ်းညွှန်ချက်အချို့နှင့် မြန်မာနိုင်ငံမှ နမူနာအချို့ကို နောက်ဆက်တွဲ ၃ တွင်ကြည့်ပါ)

ထိခိုက်နိုင်ချေမြင့်မားသော နယ်ပယ်နစ်ခုအတွက်ရည်ရွယ်သည့် ရှင်းလင်းပြတ်သားသော မူဝါဒများနှင့် လုပ်ငန်းကျင့်ဝတ်တို့ကို သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သင့်သည်။ ပထမတစ်ခုမှာ ကိစ္စရပ်တစ်ခု မြန်ဆန်လွယ်ကူစေရန် လက်ဖက်ရည်ဖိုးပေးရခြင်းများ ဖြစ်သည်။ (ပြီးခဲ့သည့် အခန်းတွင်တင်ပြခဲ့ပြီး) လက်ဖက်ရည်ဖိုးပေးရခြင်း ကို ပြဿနာကြီးတစ်ရပ်အဖြစ် မမြင်နိုင်ကြသော်လည်း ယင်းသည် သင့်အား အဆုံးမရှိသော လာဘ်ပေးမှုသံသရာတွင်

လည်ပတ်နေစေနိုင်သည်။ တစ်ချိန်တည်းမှာပင် သင့်လုပ်ငန်းခွင့်ပြုချက်၊ လျှပ်စစ်သွယ်သည့်ကိစ္စရပ်၊ အကောက်ခွန်ကြေညာခြင်း စသည်ကိစ္စရပ်များတွင် အချိန်ကြာနေလျှင် လုပ်ငန်းအတွက် အခက်အခဲဖြစ်သည်။

> လက်ဖက်ရည်ဖိုးပေးရခြင်းဆိုင်ရာ နမူနာမူဝါဒ
>
> အဆိုပါလာဘ်ပေးခြင်းများအား အမြဲရှောင်ရှားဖို့ မဖြစ်နိုင်ပေ။ သို့ရာတွင်လုပ်ဆောင်နိုင်သောအဆင့်များရှိသည်။
>
> - အကယ်၍ပေးရန်တောင်းဆိုပါက ပြင်းပြင်းထန်ထန်ငြင်းပါ။ (နောက်အပိုင်းတွင် ငြင်းဆိုရန် အကြံပြုချက်အချို့ ပါရှိသည်)
> - အကယ်၍ပေးရလျှင် မန်နေဂျာထံ သတင်းပို့ပါ
> - ပေးသည့်ပမာဏကို အနည်းဆုံးဖြစ်အောင် လုပ်ပါ။
> - ပေးရသည်ကို မှတ်တမ်းတင်ထားပါ
>
> အရင်းအမြစ်။ နိုင်ငံတကာ ငွေကြေး ကော်ပိုရေးရှင်း၏ SME များအတွက် ကျင့်ဝတ်လက်စွဲလမ်းညွှန် http://www.smetoolkit.org/smetoolkit/en/content/en/54665/SME-Integrity-Tool-Level-1#sthash.7L0kIZKb.dpuf

အရေးကြီးသောအချက်။ မြိမ်းခြောက်မှုနှင့် အခြားအန္တရာယ်ရှိသောအခြေအနေများတွင် လက်ဖက်ရည်ဖိုးပေးရခြင်းကို ရှောင်ရှား၍ မရနိုင်ပေ။ထိုအခြေအနေများ၌ ဝန်ထမ်းများသိရှိထားရန် လိုအပ်သည်မှာ ကုမ္ပဏီသည် ၎င်းတို့ကို ထောက်ခံမှုပြုထားကြောင်းနှင့် ၎င်းတို့၏လုံခြုံရေးအတွက် တစ်စုံတစ်ခု လုပ်ဆောင်ရခြင်းကြောင့် ၎င်းတို့ကို အပြစ်ပေးမည်မ ဟုတ်ကြောင်းပင် ဖြစ်သည်။ အခြားရွေးချယ်စရာ လုံးဝမရှိသည့် အနေအထားတွင် လာဘ်ပေးရသည့်အမှုကို အသိပေး အကြောင်းကြားရန် လိုအပ်ပြီး ယင်းသတင်းပေးပို့ချက်များသည် လုပ်ငန်းအတွက် အဓိကကျသည့် ထိခိုက်နိုင်သော နယ်ပယ်များကို လေ့လာရာတွင် အထောက်အကူဖြစ်သကဲ့သို့ နောင်အနာဂတ်တွင် ထိုအဂတိဖြစ်နိုင်ချေများကို လျော့ချရေး အတွက် မဟာဗျူဟာများနှင့် အစီအစဉ်များ ဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပေးနိုင်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများနှင့် လုပ်ငန်းကျင့်ဝတ်များသည် လက်ဆောင်ပေးခြင်း၊ လက်ဆောင် လက်ခံခြင်းနှင့် ဧည့်ခံကျွေးမွေးပြုစုခြင်းနှင့် ပတ်သက်ပြီးရှင်းလင်းစွာ သတ်မှတ်ပြဌာန်းထားရန် လိုသည်။ လာဘ်နှင့် လက်ဆောင်ကို ခွဲခြားဖို့ခက်ခဲသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် လက်ဆောင်ပေးခြင်းသည် တွေ့နေကြဖြစ်ပြီး အများ လက်ခံထားသည့် ရိုးရာဓလေ့ဖြစ်သည်။ သင့်ကုမ္ပဏီသည် လက်ဆောင်လက်ခံထားသူနှင့် လုပ်ငန်းစီးပွားတစ်ခုလုပ်ကိုင်ရန် ကြိုးပမ်းနေလျှင် (သို့) လက်ဆောင် လက်ခံထားသူ၏ ကိုယ်စားလှယ်နှင့် ကြိုတင်၍ လုပ်ငန်းလုပ်ကိုင်ထားလျှင် အဂတိဖြစ်နိုင်ချေရှိသည်။ လက်ဆောင်အသေးအဖွဲ့များကို ယေဘုယျအားဖြင့် အပြစ်မဆိုသာသော်လည်း တန်ဖိုးကြီးလက်ဆောင်များမှာမူ စီးပွားရေးကိစ္စရပ်အတွက် တရားမဝင် အကျိုးမျှော်ကိုးကာ ပေးသည့် အသွင်ရှိပါက လာဘ်ပေးမှုဖြစ်ဟန်ရှိသည်။ ၎င်းတို့သည် ကုမ္ပဏီ၏ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သည်။ လက်ဆောင်အဖြစ် ငွေပေးခြင်း/ယူခြင်းကိုမူ လုံးဝခွင့်မပြုသင့်ပေ။

> လက်ဆောင်များပေးခြင်း။ မေးရန်မေးခွန်းများ
> သင်သည် ဒေသအစိုးရရုံးတစ်ခုတွင် ရောက်နေပြီး ခွင့်ပြုချက်လက်မှတ်ထိုးထားသည့် စာတစ်စောင်ရရှိရန် ကြိုးပမ်းနေသည်။ ဒေသဘုန်းကြီးကျောင်းတစ်ခုအတွက် လှူဒါန်းရန် အလှူခံပုံးကို စားပွဲရှေ့တွင်ချထားသည်။ အလှူငွေထည့်ပါက အဂတိလိုက်စားမှု ဖြစ်ပါသလား။ သင်ကိုယ်ကို မေးရန်မေးခွန်းအချို့ရှိသည်။
>
> - လက်ဆောင်သည် လက်ခံသူ၏ မူလရည်ရွယ်ချက်တာဝန်ကို ဆောင်ရွက်ရာတွင် လွှမ်းမိုးနိုင်ခြေ ရှိပါသလား။
> - သင့်ကုမ္ပဏီတွင် လက်ဆောင်သည် သင့်တင့်လျောက်ပတ်မှုရှိသည့် အစဉ်အလာတစ်ခု သဖွယ်ဖြစ်နေပါသလား။
> - လက်ဆောင်သည် ကုမ္ပဏီပြင်ပမှ လူများအတွက် လာဘ်တစ်ခုအဖြစ် ထင်မြင်ခံရပါသလား။
>
> **အရင်းအမြစ်။ G20-B20 မှ ကိုးကားယူထားသည့် မေးခွန်းများ- အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလမ်းညွှန်ချက်များ**

**အရေးကြီးသောအချက်**။ ထိုသို့ဖြစ်ရန် မရည်ရွယ်သည့်တိုင် လက်ဆောင်များသည် လာဘ်ပေး မှုများနှင့် တူနိုင်သည်။ သင့်ကုမ္ပဏီပြင်ပမှ လူများသည် လက်ဆောင်ကို ဆုံးဖြတ်ချက်တစ်ခုအား လွှမ်းမိုးရန် (သို့) အခြားသော အခွင့်သာမှုတစ်ခုရစေရန် မသင့်လျော်သော ကြိုးပမ်းမှုအဖြစ် မြင်ကောင်းမြင်နိုင်သည်။ အဂတိလိုက်စားမှု ပေါ်ပေါက်လာခြင်းကို ရှောင်ရှားရန် အပြင်းအထန်ကြိုးပမ်းသော ကုမ္ပဏီအချို့ရှိသည်။ ထို့ကြောင့် နိုင်ငံတကာ လုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်ရာ၌ အကယ်၍ သင်သည် တန်ဖိုးကြီးလက်ဆောင်ပေးရန် ကြိုးပမ်းမိလျှင် သင်လုပ်ငန်း၏ ဂုဏ်သတင်းထိခိုက်စေမည် ဖြစ်ကြောင်း သတိရပါ။

ကုမ္ပဏီ၏ မန်နေဂျာ (သို့) ဝန်ထမ်းထံသို့ **တန်ဖိုးရှိလက်ဆောင်ကမ်းလှမ်းခံရပါက မည်သို့ လုပ်ဆောင်သင့်ကြောင်း**နှင့် ပတ်သက်ပြီး ရှင်းလင်းသည့် မူဝါဒရှိထားသင့်သည်။ အများပြည်သူ အခမ်း အနားများ၌ ပေးခြင်းဖြစ်ပါက တခါတရံတွင် လက်ဆောင်ကို ငြင်းပယ်ခြင်းသည် မသင့်လျော်ပေ။ သို့ရာတွင် ၎င်းတို့ကို မည်သို့လုပ်ဆောင်ရမည်နှင့် ပတ်သက်သည့် အစီအစဉ် တစ်ခုရှိသင့်သည်။ ထိုလက်ဆောင်များကို မှတ်တမ်းတင်ကာ ကုသိုလ်ပြုအဖွဲ့များထံ လှူဒါန်းနိုင်သည်။ တန်ဖိုးရှိ လက်ဆောင်တစ်ခုကို ကိုယ်ရေးကိုယ်တာအတွက် သိမ်းဆည်းထားခြင်းသည် ဘယ်သောအခါမှ မသင့်တော်ပါ။ လက်ဆောင်ကို မည်သို့လုပ်ဆောင်လိုက်ကြောင်းနှင့် အဘယ်ကြောင့်ထိုသို့ လုပ်ဆောင်ကြောင်းကို လက်ဆောင်ပေးသူထံ အသိပေးရာတွင် အကူအညီဖြစ်နိုင်သည်။ သို့မှသာ နောင်တွင် ယင်းအခြေအနေမျိုး ထပ်ကြုံရခြင်းမှ ရှောင်ရှားနိုင်မည်။

**အရေးကြီးသောအချက်**။ အလုပ်ရှင်များနှင့်မန်နေဂျာများသည် ဝန်ထမ်းများအား လက်ဆောင်ကိစ္စနှင့် ကြုံရသောအခါ မေးခွန်းများမေးရန်နှင့် လမ်းညွှန်ချက်များ ရယူရန် အားပေးတိုက်တွန်းသင့်သည်။ မေးခွန်းများကြိုတင် မေးမြန်းခြင်းသည် နောက်ပိုင်းတွင် ပြဿနာကြုံရခြင်းထက် ပိုကောင်းသည်[5]။

**ရှင်းလင်းပြတ်သားသော စည်းမျဉ်းများ အောက်ပါအခြေအနေများတွင်လည်း လိုအပ်သည်။** ၎င်းတို့မှာ အကျိုးစီးပွား ပဋိပက္ခများ၊ နိုင်ငံရေးထည့်ဝင်မှုများ၊ လှူဒါန်းခြင်းများနှင့် စပွန်ဆာထောက်ပံ့ပေးမှုများ စသည် တို့ဖြစ်သည်။ ဝယ်သူများ (သို့) ဖောက်သည်များအတွက် ခရီးစီစဉ်ကုန်ကျခံခြင်း၊ အထူးခံစားခွင့်တောင်း ခံခြင်းများ၊ စာချုပ်ထဲတွင်ထည့်သွင်းချုပ်ဆိုထားသည့် (ကော်မရှင်ခများ၊ ပညာရှင်ကြေးများ၊ ပေးချေရမည့် ပုံစံနှင့် နေရာ ကဲ့သို့သော) သီးသန့်ပေးချေမှုများလည်းရှိသည်။ အဆိုပါကိစ္စရပ်များကို မည်သို့ကိုင်တွယ်စီမံနိုင်သည်နှင့် ပတ်သက်သည့်အကြံပြုချက်များအား အထက်တွင်ဖော်ပြထားခဲ့သည့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ အသေးစားနှင့် အလတ်စားလုပ်ငန်း လမ်းညွှန်တွင် တွေ့နိုင်သည်။

[5] နိုင်ငံတကာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ လာဘ်ပေးလာဘ်ယူမှုကို တိုက်ဖျက်ရေး- အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် စီးပွားရေးအခြေခံမူများ (စာမျက်နှာ ၂၀)

### အစိုးရအရာရှိများကို လက်ဆောင်ပေးခြင်းနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ ဥပဒေနှင့် ညွှန်ကြားချက်များကို သင်သိပါသလား။

မြန်မာနိုင်ငံ၏ အစိုးရညွှန်ကြားချက်အသစ်တွင် ပြောထားသည်မှာ ၂၅ ဒေါ်လာထက်ပိုသော လက်ဆောင်ကို (သို့) တစ်နှစ်အတွင်း ဒေါ်လာ ၁၀၀ ထက်ပိုသော လက်ဆောင်များကို မည်သည့်အစိုးရအရာရှိမှ မယူနိုင်ပါ။ ဤသည်မှာ တန်ဖိုးကြီးမားလွန်းသော လက်ဆောင် (သို့) သာလွန်ရက်ရောမှုများ စသည်ဖြင့် ခွဲခြားဆုံးဖြတ်ရန် စံသတ်မှတ်ချက်ကောင်းတစ်ခုဖြစ်နိုင်သည်။

မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေသည် လာဘ်ပေးလာဘ်ယူမှုကို အလွန်ကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ထားပြီး လက်ဆောင်သည် အစားအသောက်၊ နေရာထိုင်ခင်း၊ ခရီးစဉ်၊ ကလပ်အဖွဲ့ဝင် ဖြစ်ခွင့်များ၊ ရွှေနှင့် ငွေကဲ့သို့သော လက်ဆောင်ပုံစံအမျိုးမျိုးရှိနိုင်သည်ကို အသိမှတ်ပြုထားသည်။

အခြေခံမူအရ ညွှန်ကြားချက်တွင် အစိုးရအရာရှိများကို အဖွဲ့အစည်းတစ်ခု (သို့) လူပုဂ္ဂိုလ်တစ်ဦးထံမှ ၎င်းအရာရှိ၏ ရာထူးအာဏာကိုမျှော်ကိုးကာ ပေးသည့်/ကမ်းလှမ်းသည့် မည်သည့်လက်ဆောင်ကိုမျှ လက်မခံရန် တားမြစ်ပိတ်ပင်ထားသည်။ ပို၍ရှင်းလင်းအောင် ဖော်ပြရလျှင် လက်ဆောင်ပေးသူသည် အရာရှိ၏ ကြီးကြပ်ကွပ်ကဲ မှုအောက်တွင်ရှိနေသည့် အေဂျင်စီတစ်ခုနှင့် လုပ်ငန်းလုပ်ကိုင်ရန် ကြိုးပမ်းနေခြင်း (သို့) လက်ဆောင်ပေးသူသည် အရာရှိ၏အခွင့်အာဏာဖြင့် ဆောင်ရွက်ပေးမှုတစ်ခုကြောင့် အကျိုးအမြတ်ရနေခြင်းကို ဆိုလိုသည်။

ထိုနည်းတူစွာ အစိုးရအရာရှိများကို လက်ဆောင်များ တောင်းဆိုခြင်း မပြုလုပ်ရန် ညွှန်ကြားထားသည်။ လက်ခံသည်ဖြစ်စေ၊ ငြင်းပယ်လိုက်သည်ဖြစ်စေ လက်ဆောင် ကမ်းလှမ်းခံရခြင်းနှင့်ပတ်သက်၍ အထက်အရာရှိများထံ ချက်ချင်းအကြောင်းကြားပေးရန် လိုအပ်သည်။

သို့ရာတွင် ညွှန်ကြားချက်အရ လက်ဆောင်လက်ခံခြင်းကို ခွင့်ပြုထားသည့် ခြွင်းချက် အခြေအနေ များရှိသည်။

- လက်ဆောင်တစ်ခု၏တန်ဖိုးသည် ကျပ် ၂၅၀၀၀ ထက်မပိုသည့်အခါ (တစ်နှစ်တွင်းရရှိသည့် လက်ဆောင် အားလုံး၏ စုစုပေါင်းတန်ဖိုးသည် ကျပ် ၁၀၀၀၀၀ ထက်မပိုစေရပါ။)
- မိသားစု (သို့) ပုဂ္ဂိုလ်ရေးခင်မင်မှုကြောင့်ပေးသော လက်ဆောင်များ
- ခရစ်စမတ်နှင့် သတင်းကျွတ်ကဲ့သို့သော အထူးအခါသမယတွင်ပေးသည့် ကျပ် ၁၀၀၀၀၀ ထက်မပိုသည့် လက်ဆောင်များ

ကိုးကားချက်များ။ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၃) http://www.accm.gov.mm/acc/image/data/acc/books/ACCL_en.pdf

Source: Berwin Leighton Paisner LLP, "Myanmar issues guidelines to combat 'rampant and obvious' bribery," Expert Legal Insights Blog, 26 April 2016. http://www.lexology.com/library/detail.aspx?g=9a78b6ae-0c14-473c-a215-c6b0bfda87df. Accessed 1 October 2016.

## ၄.၁.၃။ အဂတိလိုက်စားမှုကို ရှောင်ရှားခြင်း- သင်မည်သို့ လုပ်ဆောင်နိုင်သနည်း။

တစ်ခါတစ်ရံတွင် လာဘ်ပေးခြင်း (သို့) အဂတိလိုက်စားမှုတစ်ခုခုတွင် ပါဝင်ပတ်သက်ခြင်း သည် ရှောင်လွဲမရနိုင်ဟု ထင်မြင်ရသည်။ အထူးသဖြင့် ထိုသို့မလုပ်ဆောင်ပါက အမှန်တကယ် ဒုက္ခရောက်သွားနိုင်သော အခါမျိုး၌ ဖြစ်သည်။ သို့ရာတွင် သင်တွေးထင်ထားသည်ထက် ပိုသော အခြားရွေးချယ်စရာများ ရှိနေနိုင်ပါသည်။

### ၄.၁.၃.၁။ ကာကွယ်ခြင်း

အဂတိလိုက်စားမှု တစ်ခုတွင် မဖြစ်မနေပါဝင်ပတ်သက်မိအောင် ဖိအားပေးလာနိုင်မည့် အခြေအနေမျိုးကို မည်သို့ရှောင်လွှဲနိုင်မည်နည်း ဆိုသည်မှာ ပထမဦးစားပေးဖြစ်သည်။ ထို့ပြင် ထိုဖြစ်လာနိုင်ချေများ[6] အတွက်လည်း ကြိုတင်ပြင်ဆင်ရန် ဦးစားပေးလုပ်ဆောင်ရသည်။

- ***ခွင့်ပြုချက်၊ လိုင်စင် (သို့) အခြားဝန်ဆောင်မှုကို လိုအပ်ပါက စည်းမျဉ်းများ၊ အမှန်တကယ် ကုန်ကျသည့် စရိတ်၊ ကြာနိုင်သည့်အချိန် စသည်တို့ကို သိထားပါ။*** စာရွက်စာ တမ်းပြည့်စုံစွာရှိထားပြီး လျှောက်လွှာကိုလည်း အချိန်မီတင်သွင်းထားပြီးကြောင်း သေချာစေရန် လုပ်ဆောင်ပါ။ အကြီးစား လုပ်ငန်းစာချုပ်အတွက် တင်ဒါတင်သွင်းခြင်းကဲ့သို့သော ရှုပ်ထွေးသည့် ကိစ္စရပ်တွင် ပါဝင်ရသည့်အခါ၌ ခွင့်ပြုထားသည့်အရာ/ခွင့်မပြုထားသည့်အရာများကို သိထားရန် အထူးလိုအပ်သည်။ ဉပမာ- တင်ဒါတင်သွင်းသူတစ်ဦးကို အကျိုးဖြစ်သည့် သတင်း အချက်အလက်များပေးခြင်း (သို့) ကုမ္ပဏီတစ်ခု အသာရစေရန် တင်ဒါလိုအပ်ချက်များကို ပြင်ဆင်ထားခြင်း စသည်တို့ကို တွေ့ရှိရပါက ချက်ချင်းဆိုသလို ထပြီး ကန့်ကွက်နိုင်မည်ဖြစ်သည်။ ဤသတင်းအချက်များကို အမြဲတမ်း လွယ်ကူစွာမရနိုင်သောကြောင့် သင့်အနေနှင့် တတ်နိုင်သမျှ အကောင်းဆုံး လေ့လာပြင်ဆင်ထားရမည်။
- ***ပွဲစားများ (သို့) ကိုယ်စားလှယ်များနှင့် အတူလုပ်ကိုင်သောအခါတွင် သတိထားလုပ်ကိုင်ပြီး ၎င်းတို့အား သင့်ကုမ္ပဏီ၏မူဝါဒများကို အသိပေးထားပါ။*** မြန်မာနိုင်ငံတွင် စည်းမျဉ်း အချို့လျင်မြန်စွာ ပြောင်းလဲနေ၍ ကျန်စည်းမျဉ်းဉပဒေများကိုလည်း ရှာဖွေတွေ့ရန် ခက်ခဲသည်မှာ အမှန်ပင်ဖြစ်သည်။ ခက်ခဲသည့် ကိစ္စရပ်များကို ပြီးမြောက်စေရန် ကုမ္ပဏီများကို ကူညီပေးနေသည့် ရှေ့နေနှင့် ကိုယ်စားလှယ်အချို့ရှိပြီး ၎င်းတို့သည် လာဘ်ပေးမှုမှမဟုတ်ပဲ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကို အခြေခံကာ လုပ်ဆောင်နေစေရန် စောင့်ကြည့်ရမည်။
- ***စည်းမျဉ်းများအတိုင်း လိုက်နာပါ။*** ဖြတ်လမ်းလိုက်ခြင်းသည် သင်လိုချင်သည့် အရာကို အလျင်အမြန်ရနိုင်သည့်အတွက်ကြောင့် အကျိုးများသည်ဟု ထင်မြင်နိုင်ပါသည်။ ထို့ပြင် အရာရှိများကို လာဘ်တောင်းရန် ခွင့်ပေးသကဲ့သို့ ဖြစ်စေနိုင်ရုံသာမက ယင်းကိစ္စသည် ဉပဒေချိုးဖောက်မှု ဖြစ်ပြီး နစ်နာသူအနေနှင့် ကုမ္ပဏီက တိုင်ကြားခွင့်မရှိဖြစ်စေနိုင်သည်။
- ***အစီအစဉ်ချပြီး ပြင်ဆင်ထားပါ။*** လိုအပ်မည်ထင်သည့် အချက်အလက်များကို စဉ်းစားထား၍ သင့်တော်သော စီးပွားရေးမှတ်တမ်းများကို သတ်မှတ်ထားသည့်အတိုင်း ယူဆောင်သွားနိုင်ရန် ကြိုးပမ်းပါ။ အကယ်၍ လာဘ်တောင်းခံသည့် ကိစ္စဖြစ်နိုင်ချေရှိပါက အနည်းဆုံးဝန်ထမ်း နှစ်ယောက်ပါသော အသင်းအဖွဲ့ဖြင့် လုပ်ကိုင်ပါ။ ပထမအကြိမ် လုပ်ငန်းနှောင့်နှေးမှုကြုံရုံမျှဖြင့် အလုပ်မြန်ဆန်စေရန် အကူအညီမတောင်းခံပါနှင့်။ ထိုနှောင့်နှေးမှုသည် ကျိုးကြောင်းသင့်စွာ ဖြစ်နိုင်သည်။ ထို့ကြောင့် အလုပ်တွင်စေရန် တရားဝင်နည်းလမ်းများ ပိုမိုရှာဖွေထားပါ။
- ***မှတ်တမ်းများကို ကောင်းစွာထိန်းသိမ်းထားပါ။*** မည်သည်များကို တင်ပြထားပြီး မည်သည့်အချိန်၌ မည်သူကလက်ခံထားသည်ဆိုသည့် မှတ်တမ်းအားလုံးကို သေချာစွာ သိမ်းဆည်းထားပါ။ စာရွက်စာတမ်းများနှင့် ပေးချေမှုများကို တင်သွင်းသောအခါ လက်ခံရရှိကြောင်း ပြေစာပေါ်၌ နေ့စွဲတံဆိပ်နှိပ်၍ လက်မှတ်ထိုးပေးရန် တောင်းဆိုပါ။ စာရင်းစစ်များ (သို့) စုံစမ်းစစ်ဆေးသူများ၏ အရေအတွက်နှင့် လာရောက်သည့် အကြိမ်ရေကို မှတ်တမ်းပြုကာ လာရောက်သည့် အကြိမ်တိုင်းအတွက် အရာရှိကို လက်မှတ်ထိုးခိုင်းပါ။ အရာရှိများနှင့် တွေ့ဆုံပြီးနောက် မည်သည့်အရာများကို ပြောဆိုကြကြောင်း

[6] ဤအပိုင်းသည် SME များအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လက်စွဲစာအုပ်၊ Hills program on Governance မှ အနည်းငယ် လိုက်လျောညီထွေ ပြုပြင်ထားခြင်းဖြစ်သည်။ (Asian Institute of Management Hills Program on Governance, 2011) စာမျက်နှာ ၄၄-၅၅

(သို့) သဘောတူ ကြကြောင်း မှတ်တမ်းပြုပါ။ အကယ်၍ လာဘ်တောင်းခံပါက အဖြစ်အပျက်များ ကို ဖော်ပြသည့် ဌာနတွင်းမှတ်တမ်းတစ်ခု ရေးပါ။

### ၄.၁.၃.၂။ ဆန့်ကျင်ငြင်းပယ်ခြင်း

အကယ်၍ အထက်ဖော်ပြပါအပိုင်းတွင်ပါဝင်သည့် မဟာဗျူဟာများသည် လာဘ်ပေးရန် ဖိအားပေးခံရခြင်း (သို့) အခြားအဂတိလိုက်စားမှု လုပ်ရပ်များကို ရှောင်ရှားရန် အလုပ်မဖြစ်ပါက အဂတိလိုက်စားမှုကို[7] ဆန့်ကျင်ရန် ကြိုးပမ်းနိုင်သည့် နည်းလမ်းအချို့ကို ဤနေရာတွင် တင်ပြထားပါသည်။

- *ငြင်းဆိုရန် ကြိုးပမ်းပါ*။ သို့သော် သင့်တင့်လျောက်ပတ်သော စကားလုံးကို ရွေးချယ်ပါ။ လာဘ်မပေးနိုင်ကြောင်း တိုက်ရိုက်ငြင်းဆိုရန် မဖြစ်နိုင်သည့်အခါ အောက်တွင် အကြံပြုထား သကဲ့သို့ အခြားအရာများကို ပြောနိုင်ပါသည်။
- *လာဘ်ပေးရန်ကိစ္စကို အလွန်ရှုပ်ထွေးခက်ခဲစေရန် လုပ်ဆောင်ထားပါ*။ (သင်သည် ဤကိစ္စအတွက် ဆုံးဖြတ်ချက်ချနိုင်သူ ဖြစ်သည့်တိုင်အောင်) သင်သည် အထက်လူကြီး (သို့) ပိုင်ရှင်နှင့် တိုင်ပင်ရဦးမည်ဟု ပြောပါ။ လာဘ်တောင်းခံချက်ကို စာဖြင့်ရေးပေးရန် ပြောပါ (သို့) သင်နှင့် လာဘ်တောင်းသူသည် ပိုင်ရှင်ထံသွားတွေ့ရန် လိုကြောင်း အကြံပြုပါ။ ပိုင်ရှင်မှ သဘောတူခဲ့ ပါကလည်း ငွေလက်ခံပြေစာလိုအပ်ကြောင်း ပြောပါ။ အကယ်၍ လာဘ်တောင်းခံသူသည် သူ့နောက်တွင် အဖွဲ့အစည်းရှိ အထက်လူကြီးများ မှ ထောက်ခံပေးထားခြင်းမရှိဘဲ တစ်ယောက်တည်း လုပ်ဆောင်နေပါက ယခုဖော်ပြပါ နည်းများသည် အလုပ်ဖြစ်ဆုံးဖြစ်နိုင်ပါသည်။
- *အခြေအနေကို ပိုမိုသိရှိနိုင်ရန် ကြိုးပမ်းပါ*။ အခြားသူများလည်း ထိုကဲ့သို့သော ပြဿနာများ ကြုံရမှုရှိမရှိ စုံစမ်းပါ။ အကယ်၍ အဖွဲ့အစည်း (သို့) အေဂျင်စီသည် အဂတိလိုက်စားမှုများ အကျယ်အပြန့်ရှိနေကြောင်း လူသိများနေပါလျှင် သင်၏ အလုပ်ရှင် (သို့) အေဂျင်စီရှိ အထက်လူကြီးတစ်ဦးကို ထိုအခြေအနေကို တင်ပြရန်ကြိုးပမ်းခြင်းသည် ဘေးအန္တရာယ်ပိုများနိုင်ပါသည်။ ထို့ကြောင့် အလားတူဝန်ဆောင်မှုပေးနိုင်သည့် အခြားနေရာတစ်ခုကို ရှာဖွေထားပါ။
- *လုပ်ငန်းဆောင်ရွက်ရာ၌ ကုမ္ပဏီအနေနှင့် လိုက်နာရသည့် တရားဝင်ကန့်သတ်ချက်များနှင့်* အဂတိလိုက်စားမှုကြောင့်ဖြစ်နိုင်သည့် ထိခိုက်ဆုံးရှုံးနိုင်ချေများကို ထောက်ပြပြောဆိုပါ။ သင့်ကုမ္ပဏီ၏ လုပ်ငန်းကျင့်ဝတ်များကို သင်နှင့်တစ်ပါတည်းယူဆောင်သွားကာ ထောက်ပြ ပြောဆိုနိုင်သည်။
- *တရားမဝင်လုပ်ဆောင်ချက်များကို တရားဝင်လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲနိုင်ရန် နည်းလမ်းရှာပါ*။ စီးပွားရေးလုပ်ငန်းဝန်းကျင်ကို ထိခိုက်စေနိုင်သော်လည်း အချို့အခြေအနေတွင် လက်ဖက်ရည်ဖိုး အနည်းငယ်ပေးခြင်းသည် တရားဝင်ဖြစ်နိုင်သည်။ ပေးချေမှုများကို ပွင့်ပွင့်လင်းလင်း လုပ်ဆောင်သင့်ပြီး

> သင်မည်သို့ပြောနိုင်သနည်း။
> အကယ်၍ လာဘ်တောင်းခံရပါက သင်ပြောနိုင်သည့် အရာအချို့မှာ-
> · အပိုငွေသုံးခွင့်မရှိကြောင်း ပြောပါ။
> · လာဘ်ပေးမှုကိုဆန့်ကျင်သည့် တင်းကြပ်သည့်မူဝါဒ ကုမ္ပဏီတွင် ရှိကြောင်း၊ အဆိုပါမူဝါဒကို ချိုးဖောက်လျှင် အလုပ်ပြုတ်လိမ့်မည်ဖြစ်ကြောင်းပြောပါ။
> · အပိုပေးချေမှုများအားလုံးကို အကြီးတန်းမန်နေဂျာများဆီသို့ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း ပြောပါ။
> · ပေးချေမှုလိုအပ်ကြောင်း သိရှိနိုင်သည့် စည်းမျဉ်းရှိပါက ပြသပေးရန် ပန်ကြားတောင်းဆိုပါ။
> · သင်၏နိုင်ငံတကာ လုပ်ငန်းတွဲဖက်များမှ သင်၏လုပ်ငန်းကို ပုံမှန် စာရင်းစစ်နေကြောင်း ပြောပါ။
> · အထူးဝန်ဆောင်မှုများ (သို့) စီစဉ်ပေးမှုများကို ရှာဖွေနေခြင်းမဟုတ်ကြောင်း ပြောပါ။
> · ၎င်းတို့၏ မန်နေဂျာနှင့် စကားပြောခွင့်ရှိနိုင်မလား မေးပါ။
> · ၎င်းတို့၏အမည်များနှင့် ရာထူးများကို သိခွင့်ရှိနိုင်မလားဟု မေးမြန်းပါ။
> · ၎င်း၏ အထက်ကြီးကြပ်သူထံ သွားတွေ့မည်ဟု ပြောပါ။
> · လူမှုကွန်ရက်ဖေ့ဘုတ်တွင် ဤကိစ္စကို တင်ပြသွားမည်ဖြစ်ကြောင်း ပြောပါ
>
> **အရင်းအမြစ်။ မြန်မာအင်တာဗျူးများ နှင့် အုပ်ချုပ်မှုအတွက် ပေးလ်အစီအစဉ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလက်စွဲ (စာ-၅၁)**

[7] ဤအပိုင်းသည် SMEsများအတွက် G20-B20 အဂတိလိုက်စားမှုတိုက်ဖျက်ရေး လမ်းညွှန်မှ အနည်းငယ် လိုက်လျောညီထွေ ပြုပြင်ထား ခြင်းဖြစ်သည်။ စာမျက်နှာ ၅၂-၅၄

ကုမ္ပဏီစာရင်းတွင် မှတ်ထားပါ။ လက်ဆောင် ငွေသားပေးခြင်းသည် မည်သည့်အခါတွင်မျှ မသင့်လျော်ပါ။ အရေးကြီးသောအချက်မှာ မည်သည့်ပေးချေမှုမဆို ပွင့်လင်းစွာ လုပ်ဆောင်၍ လက်ခံပြေစာများနှင့်အတူ မှတ်တမ်းတင်ထားပါ။

- ဥပဒေစည်းကြပ်သည့်အဖွဲ့၊ မီဒီယာနှင့် အခြားအာဏာပိုင်များထံ ပြဿနာကို တင်ပြခြင်းဖြင့် *တိုင်ကြားသတိပေးပါ*။ ယင်းသည် ရွေးချယ်စရာကောင်းတစ်ခုတော့ အမြဲမဖြစ်နိုင်ချေ။ အထူးသဖြင့် ဥပဒေစည်းကြပ်သည့်အဖွဲ့သည် သင့်လျော်စွာလုပ်ကိုင်နိုင်ချေမရှိသည့် အခြေအနေ (သို့) သင်တိုင်ကြားလိုက်သော လူပုဂ္ဂိုလ် (သို့) အဖွဲ့အစည်းသည် သင်ကုမ္ပဏီအတွက် နောက်ထပ်ပြဿနာဖြစ်စေနိုင်သည်အထိ အင်အားကြီးမားသည့် အခြေအနေမျိုးတွင် ဖြစ်သည်။ သို့သော် ကုမ္ပဏီသည် လုပ်ငန်းလုပ်ရာတွင် အများသူငှာကဲ့သို့ အလွယ်လမ်းလိုက်ကာ စီးပွားလုပ်ဆောင်မည်မဟုတ်ကြောင်း အသိပေးထားရာ ရောက်ပေသည်။
- *စုပေါင်းလုပ်ဆောင်ပါ*။ တစ်ခါတစ်ရံတွင် ပြဿနာကို တစ်ဦးတည်း ရင်ဆိုင်ဖြေရှင်းခြင်းထက် စုပေါင်းလုပ်ဆောင်ခြင်းက ပိုမိုလွယ်ကူကာ ပိုမိုအန္တရာယ်ကင်းနိုင်သည်။ အခြားစီးပွားရေးသမားများနှင့် အတူတကွ လုပ်ကိုင်နိုင်ရန် အကြံပြုချက်များကို ဤအခန်းတွင် တင်ပြထားမည် ဖြစ်သည်။

**မြန်မာနိုင်ငံမှ အသံများ။ အဂတိလိုက်စားမှု ဆန့်ကျင်ရာတွင် သင်အသုံးပြုခဲ့သည့် မဟာဗျူဟာများမှာ အဘယ်နည်း**

ကျွန်တော်တို့ဝန်ထမ်းတစ်ယောက်သည် ဆောက်လုပ်ရေးလုပ်ငန်းခွင် ခွင့်ပြုချက်ပါမစ်ရရန် လုပ်ဆောင်နေပြီး ခွင့်ပြုချက်မရခင် အရာရှိထံ လှူဒါန်းမှုတစ်ခုပြုရန်လိုအပ်ကြောင်း သူ့ကိုပြောလာသည်။ ကျွန်တော်တို့၏ လုပ်ငန်းကျင့်ဝတ်များအရ ထိုကိစ္စကို ခွင့်ပြုမထားသောကြောင့် ဝန်ထမ်းသည် သူ၏မန်နေဂျာထံမှာ ခွင့်တောင်းရမည်ဖြစ်ကြောင်းနှင့် လက်ခံပြေစာပြန်ပေးရန် လိုကြောင်း အရာရှိကို ပြောခဲ့သည်။ အရာရှိမှ ငြင်းဆိုသည့်အခါ ကျွန်တော်တို့ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် လုပ်ငန်း လုပ်ခွင့်လိုင်စင် ရထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အပိုအခကြေးငွေများ ပေးစရာမလိုကြောင်း ကျွန်တော်တို့ဝန်ထမ်းမှ ပြောဆိုခဲ့ပါသည်။ နောက်ဆုံးတွင် ဝန်ထမ်းသည် ဆောက်လုပ်ရေး လုပ်ငန်းခွင့်ပြုချက် ရခဲ့သည်။ (မြန်မာနိုင်ငံရှိ နိုင်ငံတကာကုမ္ပဏီမှ စည်းကမ်းထိန်းသိမ်းရေး အရာရှိ)

ကျွန်တော်သည် တစ်ခါတစ်ရံ၌ ကျွန်တော့်ကို ငွေထပ်ပေးရန်ပြောသည့် လူနာမည်ကို မေးတတ်သည်။ ထိုသို့လုပ်လိုက်ခြင်းကြောင့် ၎င်းတို့၏နာမည်များကို လူမှုကွန်ယက်တွင် တင်ပြနိုင်သည် (သို့) ၎င်းတို့၏ ကြီးကြပ်သူထံ တင်ပြနိုင်သည်ဟု ထင်မြင်သွားစေပါသည်။ (မြန်မာစီးပွားရေးသမား တစ်ဦး)

ကျွန်တော် ထောက်ပို့မန်နေဂျာအဖြစ် လုပ်ကိုင်စဉ်က ပစ္စည်းတင်သွင်းသူများအား ကျွန်တော့် အိမ်လိပ်စာကို မည်သည့်အခါမျှမပေးပါ။ ကျွန်တော်သည် ပစ္စည်းတင်သွင်းသူများကို ရုံးချိန်အတွင်း ရုံး၌သာ လက်ခံတွေ့ဆုံခဲ့ပါသည်။ (မြန်မာ အန်ဂျီအို ဝန်ထမ်း)


ကျွန်တော့်ကုမ္ပဏီကို အစိုးရရုံးများထံမှ ၎င်းတို့၏သတင်းလွှာများတွင် ကြော်ငြာထည့်သွင်းရန် မကြာခဏတောင်းဆိုကြသည်။ ကျွန်တော်တို့၏ ဥပဒေရေးရာဌာနနှင့် တိုင်ပင်ကာ တောင်းဆိုချက်တစ်ခုချင်း စီကို ပြန်လည်သုံးသပ်၍ မည်သည့်အခွင့်သာပေးမှုမျှမပေးမိစေရန် သတိထားသည်။ ကျွန်တော်တို့ အမြဲတမ်းမေးရမည့် မေးခွန်းတစ်ခုမှာ ကျွန်တော်တို့၏ ကြော်ငြာမှ တရားဝင်အကျိုးဖြစ်မှုရှိစေရန် သတင်းလွှာကို အမှန်တကယ် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိမှု ရှိမရှိဆိုသည့် မေးခွန်းဖြစ်သည်။ ကုမ္ပဏီ၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုမရှိသော သီးသန့်ကြော်ငြာအခွင့်ရေး မဟုတ်ပါက တောင်းဆိုချက်အများစုကို ယဉ်ကျေးစွာ ငြင်းပယ်ပါသည်။ (မြန်မာနိုင်ငံရှိ နိုင်ငံတကာကုမ္ပဏီမှ အရာရှိ)

### ဝန်ထမ်းများ အဂတိလိုက်စားမှုကို ဆန့်ကျင်ရန် သင်မည်ကဲ့သို့ ကူညီနိုင်သနည်း

တစ်ခါတစ်ရံတွင် ဝန်ထမ်းတစ်ယောက်အဖို့ လာဘ်ပေးရန်တောင်းဆိုခံရမှုကို ဆန့်ကျင်ရန် ခက်ခဲပါသည်။ အကယ်၍ သူ၏ကုမ္ပဏီမှ လုပ်ခိုင်းသောကြောင့် ဆန့်ကျင်ငြင်းဆိုရကြောင်း ပြသနိုင်ပါက ပိုလွယ်ကူနိုင်ပါသည်။ ကိုကာကိုလာသည် ၎င်း၏ဝန်ထမ်းများ လာဘ်ပေးရန်ဖိအားပေးခံရပါက အသုံးပြုနိုင်ရန် ကဒ်ပြားပေးထားသည်။




ကိုကာကိုလာကုမ္ပဏီသည်
မည်သည့်အကူအညီ မျိုးအတွက်မဆို
ငွေပေးခြင်းမပြုပါ။ ထိုသို့ပေးခြင်း အား
မိမိအိတ်စိုက်ဖြစ်စေကာမူမပေးရန်
ကျွန်ုပ်အားတားမြစ်ထားပါသည်။
လေးစားသည့် အနေဖြင့် ကျွန်ုပ်ဆီမှ
ငွေကြေး သို့မဟုတ် တန်ဖိုးရှိသည့်အ
ရာတစ်စုံတစ်ခုတောင်းခံခြင်း မပြုပါနှင့်။
ထိုသို့ပေးခြင်းသည် ကုမ္ပဏီမူဝါဒနှင့်
ဥပဒေကိုချိုးဖောက်ရာရောက်သဖြင့်
ကျွန်ုပ်မှ နေ၍
ကုမ္ပဏီ၏အုပ်ချုပ်ရေးပိုင်းအား
အကြောင်းကြားရန် လိုပေလိမ့်မည်။



ကိုကာကိုလာကုမ္ပဏီနှင့် ၎င်း၏ထုတ်လုပ်သူ
ကိုကာကိုလာ ပင်းယအဖျော်ယမကာမြန်မာ
တို့သည် အလုပ်အကိုင်ဖန်တီးခြင်းနှင့်
အမျိုးသမီးများအားလုပ်ပိုင်ခွင့်ပေးခြင်းတို့
မှ တဆင့် မြန်မာ့စီးပွားရေးတိုးတက်ရန်
ဦးတည်လုပ်ဆောင်နေပါသည်။
ကျွန်ုပ်တို့သည် လုပ်ငန်းအား
လာဘ်ပေးလာဘ်ယူကင်းစွာဖြင့်
လည်းကောင်း၊
လူ့အခွင့်အရေးကိုလေးစားခြင်း
ဖြင့်လည်းကောင်း၊ ကိုကာကိုလာကုမ္ပဏီ၏
လုပ်ငန်းဆောင်ရွက်မှုစည်းမျဉ်းဥပဒေနှင့်
လုပ်ငန်းခွင်အခွင့်အရေးမူဝါဒတို့တွင်ဖော်ပြ
ထား သည့် ကျွန်ုပ်တို့၏တန်ဖိုးများနှင့်အညီ
လုပ်ဆောင်နေပါသည်။



## ၄.၁.၄။ ဆက်သွယ်အသိပေးမှုများနှင့် သင်တန်းပေးခြင်း

အကယ်၍ မူဝါဒအကြောင်း မည်သူမှ မသိပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒရှိခြင်းသည် မည်သည့် ကောင်းကျိုးမျှ မရှိနိုင်ချေ။ ထို့ကြောင့် မူဝါဒများအား ဝန်ထမ်းအားလုံးကို ရှင်းလင်းစွာ **အသိပေးထားသင့်သည်**။ ပစ္စည်းတင်သွင်းသူများနှင့် ကိုယ်စားလှယ်များကိုလည်း အသိပေးထားသင့်သည်။ လိုင်စင်၊ ပါမစ်လျှောက်ထားခြင်း၊ ကုန်ပစ္စည်းသယ်ပို့ခြင်း၊ လုပ်ငန်းစာချုပ်ချုပ်ရန် ကြိုးပမ်းခြင်း (သို့) ကုန်စည်နှင့်ဝန်ဆောင်မှုများ ထောက်ပို့ပေးခြင်း စသည်တို့ကဲ့သို့သော အဂတိနှင့်ကြုံရနိုင်ချေမြင့်မားသည့် လုပ်ငန်းများလုပ်ဆောင်ရသည့် ဒါရိုက်တာများ၊ အလုပ်ရှင်များ၊ ဝန်ထမ်းများ၊ ပစ္စည်းတင်သွင်းသူများနှင့် ကိုယ်စားလှယ်များအတွက် မူဝါဒများကို သိရှိထားရန် အလွန်အရေးကြီးပါသည်။ ကုမ္ပဏီ၏ဦးဆောင်သူများမှ ဤကိစ္စကို ပံ့ပိုးထောက်ခံပေးထားကြောင်း လူတိုင်းသိရှိစေရန်အတွက် **အမြင့်ဆုံးအဆင့် စီမံအုပ်ချုပ်ရေး**အဖွဲ့မှ အဆိုပါမူဝါဒများအကြောင်း

> **"ပြဿနာကြီးတစ်ခုမှာ ဝန်ထမ်းများအား အဂတိလိုက်စားမှု၌ မပါဝင်ကြရန်ပြောဆိုထားသော်လည်း တစ်ချိန်တည်းမှာပင် အလုပ်အမြန်ပြီးမြောက်အောင် ဆောင်ရွက်ခိုင်းထားခြင်းဖြစ်သည်။ အဂတိလိုက်စားမှုကို ဆန့်ကျင်ရန် ကုမ္ပဏီ၏ထောက်ပံ့ပေးမှု လိုအပ်ပါသည်။ ဝန်ထမ်း၏လုပ်ဆောင်ချက်ကိုသုံးသပ်ရာတွင် ကျင့်ဝတ်ညီစွာလုပ်ဆောင်ခြင်းကို ထည့်သွင်းသုံးသပ်သင့်သည်။"**
> **မြန်မာဝန်ထမ်း**

ကို အသိပေးရှင်းလင်းရန် အရေးကြီးသည်။ အရေးကြီးဆုံးအချက်မှာ ဝန်ထမ်းများမှ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုကို ရှောင်ရှားရန် ကြိုးစားစဉ်တွင် ပြဿနာများကြုံလာရပါက အုပ်ချုပ်ရေး အဖွဲ့သည် ဝန်ထမ်းများကို ကူညီပေးရမည်။ **ထိပ်ပိုင်းမှစပြီး စံနမူနာပြလုပ်ဆောင်ခြင်း**သည် အောင်မြင်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်၏ အဓိကကျသော အစိတ်အပိုင်းတစ်ရပ် ဖြစ်ပြီး အပြောထက်လက်တွေ့ လုပ်ဆောင်ပြရန်လိုသည်။ အကြီးတန်းမန်နေဂျာများနှင့် အလုပ်ရှင်များသည် ကုမ္ပဏီ၏မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်နေကြောင်းနှင့် ဝန်ထမ်းများအားလည်း ထိုသို့တူညီစွာ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းအားပေးကြောင်း လက်တွေ့ရှင်းလင်းပြသင့်သည်။

> "ကျွန်တော်တို့ကုမ္ပဏီ၏ ခေါင်းဆောင်မှုသင်တန်းများသည် ဖော်ထုတ်ပြောဆိုနိုင်စွမ်းကို အလေးပေး ကာ လေ့ကျင့်သင်ကြားပေးသည်။ လူများသည် အဂတိလိုက်စားမှုနှင့် အခြားပြဿနာများကို ဆွေးနွေးရန် ကြောက်ရွံ့တတ်သည်။ အဆိုပါစိန်ခေါ်ချက်များအား ရိုးသားစွာ ဖော်ထုတ်ပြော ဆိုခြင်းသည် အလွန်အရေးကြီး ကြောင်း ကျွန်တော်တို့၏ဝန်ထမ်းများကို နားလည် စေချင်သည်။"
>
> **မြန်မာကုမ္ပဏီတစ်ခုမှ စည်းကမ်းထိန်းသိမ်းရေး အရာရှိ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးမူဝါဒများနှင့် ကတိကဝတ်များကို အစည်းအဝေးတစ်ခုတည်းတွင် (သို့) မှတ်တမ်းတစ်ခုတည်းဖြင့် ရှင်းလင်းတင်ပြခြင်းမျိုး မပြုသင့်ပါ။ ဝန်ထမ်းများ စတင်အလုပ်ဝင်စဉ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒ မိတ္တူတစ်ခုပေးခြင်းမျိုးထက်ပိုသည့် ဝန်ထမ်းများမှ မူဝါဒများကို ထိတွေ့နိုင်သည့် အခြေအနေမျိုး ရှိသင့်သည်။ နံရံကပ်ပိုစတာများနှင့် အခြားသော သတိပေးစာများသည် အရေးပါသော နှိုးဆော်စာများ ဖြစ်သော်လည်း ၎င်းတို့နှင့် မလုံလောက်သေးပါ။

ပြီးပြည့်စုံသည့် အစီအစဉ်ဟူ၍ မရှိပါ။ သို့သော် အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ် လူကိုယ်တိုင် (သို့) အွန်လိုင်းမှ သင်တန်းပေးခြင်းသည် အလေ့အကျင့်ကောင်းတစ်ခု ဖြစ်သည်။ ဝန်ထမ်းများကို မူဝါဒများနှင့် ပတ်သက်ပြီး ပြောဆိုနိုင်ရန်၊ ကြုံတွေ့လာနိုင်သည့် ပြဿနာများအကြောင်းမေးမြန်းရန်နှင့်မည်သို့မည်ပုံ ဖြေရှင်းနိုင်သည်နှင့်ပတ်သက်ပြီး အကြံတောင်းခံရန် အခွင့်ရေးပေးပါ။ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု၏ အခြားပုံစံများကို ဆွေးနွေးရန် ခက်ခဲတတ်သည်။ လူများသည် မှားယွင်းပြောဆိုမိမည်ကို ကြောက်ရွံ့တတ်သည်။ ထို့ကြောင့် ဝန်ထမ်းများ လွတ်လပ်စွာပြောဆိုနိုင်ရန် ၎င်းတို့အတွက် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးရန် အရေးကြီးသည်။

အကယ်၍ကုမ္ပဏီသည် ဝန်ထမ်းများနှင့် အဆိုပါဆွေးနွေးမှုများပြုလုပ်ရန် အရင်းအမြစ်မရှိပါက စည်းကမ်းထိန်းသိမ်း ကြပ်မတ်ရေးဌာန ကဲ့သို့သော အရင်းအမြစ်ရှိနိုင်သည့်နေရာများကို ပြောပြထားခြင်းသည် အကူအညီဖြစ်စေသည်။ (ကုမ္ပဏီငယ်များအတွက်ဆိုပါက အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒများကို ကိုင်တွယ်ရန် တာဝန်အပ်နှင်းထားသည့်သူနှင့် အဂတိကြုံရနိုင်မှုအန္တရာယ်ကို စီမံရေးတာဝန်ရှိသူ)

**အရေးကြီးသောအချက်။** ရုံးချုပ်နှင့် အဝေးဆုံးတွင်ရှိသူများသည် မကြာခဏဆိုသလို အရှုပ်အထွေးများနှင့် ရင်ဆိုင်ရတတ်ခြင်း (သို့) ကုမ္ပဏီ၏ အထောက်အပံ့နှင့် စောင့်ကြည့်စစ်ဆေးရေးစနစ်များနှင့် ချိတ်ဆက်မှုမရှိဟု ခံစားရခြင်းများ ရှိတတ်သည်။ သင်တန်းပေးခြင်း၊ အဂတိလိုက်စားမှုဆန့်ကျင်ရေးနှင့်[8] ပတ်သက်ပြီး ရှင်းလင်းပြောဆိုပေးခြင်း စသည်တို့ကိုလုပ်ဆောင်ခြင်းဖြင့် ကုမ္ပဏီများအနေနှင့် အဆိုပါဝန်ထမ်းများထံသို့ရောက်ရှိရန် ပိုမိုကြိုးပမ်းမှုများ လုပ်သင့်သည်။ ပစ္စည်းတင်သွင်းသူများနှင့် အခြားလုပ်ငန်းခွဲများကို သင်တန်းပေးရန် အထူးကြိုးပမ်းမှုများသည် အလွန်အရေးပါနိုင်သည်။

[8] SME များအတွက် G20-B20 အဂတိလိုက်စားမှုတိုက်ဖျက်ရေး လမ်းညွှန်။ စာမျက်နှာ ၄၂

**အဂတိလိုက်စားမှုဆန့်ကျင်ရေးသင်တန်းနှင့် ဆက်သွယ်ရေးများကို အထိရောက်ဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း**

အဂတိလိုက်စားမှုဆန့်ကျင်ရေးသင်တန်းပေးခြင်းကို အကောင်းဆုံးဖြစ်စေရန် နည်းလမ်းအချို့ရှိသည်။

- ရိုးရှင်းလွယ်ကူသော ဘာသာစကားကို အသုံးပြုပါ၊ ဗန်းစကားသုံးခြင်းကို ရှောင်ရှားပါ။
- အကြောင်းအရာနှင့် တင်ပြမည့်ပုံစံကို ခွဲခြားလုပ်ဆောင်ပါ- ဝန်ထမ်းများကို ဟောပြောပို့ချချက်ပုံစံဖြင့် မသင်ကြားပါနှင့်။
- အနာဂတ်ဖြစ်နိုင်ချေများကို သုံးကာ သရုပ်ဆောင်စေနည်းကို အသုံးပြုပါ။
- ဌာနအမျိုးမျိုးမှ ဝန်ထမ်းများနှင့် မတူညီသည့် ရာထူးအဆင့်အမျိုးမျိုးပါဝင်ပါစေ။
- အလုပ်လိုအပ်ချက်များတွင် အဂတိလိုက်စားမှုဆန့်ကျင်ရေးသင်တန်းပေးခြင်း ပါဝင်ခြင်းကြောင့် ဝန်ထမ်းများအား သင်တန်းတက်နိုင်ရန် စီစဉ်ပေးပါ။

အဂတိလိုက်စားမှုဆန့်ကျင်ရေးသင်တန်းပေးခြင်းကို ထိထိရောက်ရောက် ပြီးမြောက်စေ ရန် နောက်ထပ်အဆင့်အချို့ကို တင်ပြထားပါသည်။

- တံခါးဖွင့်မူဝါဒ။ ကျင့်ဝတ်များနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် တာဝန်ရှိသောသူသည် မေးခွန်းများ ဖြေကြားရန်နှင့် အကြံဉာဏ်ပေးရန် အသင့်ရှိနေကြောင်း လူတိုင်းသိရှိစေရန် လုပ်ဆောင်ပါ
- ကြီးကြပ်သူများကို လှမ်းဆက်သွယ်ပါ။ အများအားဖြင့် ကြီးကြပ်သူများသည် စည်းကမ်းချိုးဖောက်မှုများ၊ စိုးရိမ်ပူပန်မှုရှိပါက ဝန်ထမ်းများ၏ ပထမဆုံးဆက်သွယ်မှုခံရသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကြီးကြပ်သူများကို ထိုအခြေအနေများကြုံတွေ့လျှင် မည်သို့တုန့်ပြန်ရမည်ကို ကောင်းစွာလေ့ကျင့်သင်ကြားပေးရန် လိုသည်။
- အသင်းအစည်းအဝေးများနှင့် ကုမ္ပဏီမှတ်တမ်းများ။ ၎င်းတို့သည် ကုမ္ပဏီ၏ တန်ဖိုးထားမှုများနှင့် ကျင့်ဝတ်တို့ကို ခိုင်မာစေသည့် အရေးပါသည့်နည်းလမ်းများ ဖြစ်နိုင်သည်။ အစည်းအဝေးများနှင့် ရုံးတွင်းမှတ်တမ်းများသည် အရောင်းရည်မှန်းချက်များကိုဆန့်ကျင်ကာ လုပ်ဆောင်ချက်ပိုမိုကောင်းမွန်ရန် အားပေးသည်။ အဂတိလိုက်စားမှု (သို့) အခြားမေးခွန်းထုတ်စရာဖြစ်စေသည့် လုပ်ရပ်များဖြင့် အဆိုပါရည်မှန်းချက်များကို အောင်မြင်အောင် မလုပ်သင့်ကြောင်း ရှင်းလင်းဖော်ပြထားသင့်သည်။ ဖြစ်ရပ်လေ့လာမှုများနှင့်အတူ ဌာနတွင်းသတင်းလွှာများ။ ကုမ္ပဏီကြီးများတွင် အဂတိလိုက်စားမှု လုပ်ဆောင်ချက်တစ်ခုကို သတင်းပို့လာသောအခါ (သို့) ဖော်ထုတ်သိရှိရသောအခါ ဝန်ထမ်းများသည် မည်သို့ဖြစ်လာနိုင်သည်ကို သိချင်လာနိုင်သည်။ သတင်းလွှာများနှင့် အခြားသတင်းပေးသည့် ပုံစံများသည် ဝန်ထမ်းများကို ကိစ္စရပ်တစ်ခုနှင့် ပတ်သက်၍နောက်ဆုံးပိတ်အခြေအနေများကို သိရှိစေသည့်အတွက် ဝန်ထမ်းများကို ထိုအဖြစ်အပျက်မှ သင်ခန်းစာယူနိုင်ရန် အကူအညီပေးသည်။ ထို့ပြင် လုပ်ငန်းစဉ်များသည် ပွင့်လင်းမြင်သာကြောင့် ဝန်ထမ်းများနှင့် ယုံကြည်မှုတည်ဆောက်ရာ၌ အထောက်အကူဖြစ်သည်။ ဝန်ထမ်းများ၏ ကိုယ်ရေးကိုယ်တာအချက်များကို ကာကွယ်ရန် အမည်နာမ မထည့်ခြင်း၊ဌာန (သို့) ဌာန၏ တည်နေရာ မဖော်ပြခြင်းများ လုပ်ဆောင်ထားရန်လိုသည်ကို သတိပြုပါ။

အရင်းအမြစ်။ နိုင်ငံတကာပုဂ္ဂလိကပိုင်လုပ်ငန်း စင်တာမှ ကိုးကားသည်။ အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ စည်းမျဉ်းများ ထွက်ပေါ်လာသည့် ဈေးကွက်အသစ်များရှိ အလတ်စားကုမ္ပဏီများအတွက် လမ်းညွှန်ချက် (၂၀၁၄) စာ-၂၄-၂၅

## ၄.၁.၅။ ထိန်းချုပ်၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်း

အဂတိလိုက်စားမှုဆန့်ကျင်ရေး မူဝါဒများအပြင် အဂတိလိုက်စားမှုကို ရှောင်ရှားခြင်းနှင့် တွန်းလှန်ခြင်းအတွက် အလေ့ကျင့်ကောင်းများ၊ သင်တန်းပေးခြင်းနှင့် ဆက်သွယ်အသိပေးခြင်းများလည်းရှိသည်။ ကုမ္ပဏီများသည် ခိုင်မာသော ဌာနတွင်းအဂတိလိုက်စားမှုဆန့်ကျင်ရေး အစီအစဉ်တစ်ခုကို ရှာဖွေကာ ထိန်းချုပ်မှု၊ စောင့်ကြည့်စစ်ဆေးမှုနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ မူဝါဒများ၊ ကျင့်ထုံးများကို အကောင်ထည်ဖော်ရန်လိုသည်။ ၎င်းတို့တွင်

ငွေကြေးစီမံထိန်းချုပ်မှုများ ၊အဂတိလိုက်စားမှုအတွက် သံသယများကို တင်ပြနိုင်သည့် စနစ်၊ အဂတိလိုက်စားမှုကြောင့် ထိခိုက်ဆုံးရှုံးနိုင်ချေများနှင့် တိုးတက်မှုကို အချိန်နှင့်အမျှ စောင့်ကြည့်စစ်ဆေးမှုစနစ်၊ အပြုအမူကောင်းများကို ဆုပေးခြင်းနှင့် အပြစ်လုပ်သူကို ဒဏ်ပေးခြင်း စသည်တို့ပါဝင်သည်။ ဤအပိုင်းတွင် ထိုစနစ်များ၏ အခြေခံ အချက်များကို ဖော်ပြထားသည်။ ပိုမိုကြီးမား၊ ရှုပ်ထွေးသည့် ကုမ္ပဏီများသည် ကုမ္ပဏီငယ်များထက် အဂတိလိုက်စား မှုဆန့်ကျင်ရေး အစီအစဉ်များ နှင့်အတူ ခက်ခဲသည့်စနစ်များ ပိုမိုလိုအပ်သည်။

**ကုမ္ပဏီ၏ ရန်ပုံငွေများကို ခန့်ခွဲခြင်း**

ကုမ္ပဏီတိုင်းသည် စာရင်းကိုင်စနစ်နှင့် ထောက်ပို့ရေးမူဝါဒ လိုအပ်သည်။ ထိုစနစ်များ၏ ရှုပ်ထွေးခက်ခဲမှုသည် ကုမ္ပဏီ၏အရွယ်အစားပေါ် မူတည်သည်။ ကုမ္ပဏီသေးများအတွက် စတင်ရမည့် အခြေခံစည်းမျဉ်းအချို့မှာ[9]

- အီလက်ထရောနစ်မဟုတ်သည့် ပေးချေမှုအားလုံးကို အမြဲတမ်းမှတ်တမ်းတင်ထားပြီး ပြေစာများနှင့်အတူ သိမ်းဆည်းထားပါ။
- ငွေအထုတ်အသွင်းများကို မှတ်သားထားပြီး လက်မှတ်ထိုးထားပါ။
- ငွေသားပေးချေမှုများနှင့် ပြေစာများကို ပေးချေမှုအနည်းဆုံးပမာဏဖြစ်စေရန် ကန့်သတ်ထားသင့်သည်။ အများဆုံးပမာဏကို သတ်မှတ်ပြီး ဝန်ထမ်းများသိရှိအောင် ဆောင်ရွက်ပါ။
- ဝန်ထမ်း၏ကိုယ်ရေးကိုယ်တာသုံးခြင်းအတွက် ငွေကြိုထုတ်ပေးသည်များကို ကန့်သတ်ပါ။
- သတ်မှတ်ငွေပမာဏတစ်ရပ်ထက် ကျော်လွန်သည့်ပေးချေမှုအားလုံးသည် လက်မှတ်တစ်ခုထက်ပို၍ လိုသင့်သည်။
- ကုမ္ပဏီ၏ ထောက်ပို့ရေးမူဝါဒသည် အကြီးစားဝယ်ယူမှုတိုင်းအတွက် တစ်ဦးထက်ပိုသည့် ပစ္စည်းတင်သွင်းသူ များထံမှ ဆိုဈေးနှုန်းစာရင်းကို လိုအပ်သည်။ (အနည်းဆုံးတန်ဖိုးတစ်ခု သတ်မှတ်ထားပါ)

**သံသယရှိသည့် အဂတိလိုက်စားမှုကို တင်ပြရေးစနစ်**

ကုမ္ပဏီတိုင်းသည် အဂတိလိုက်စားမှုကို တင်ပြရေးအတွက် ရှုပ်ထွေးသည့်စနစ်တစ်ခုကို မလိုအပ်ပါ။ သို့သော် ဝန်ထမ်းများအတွက် စိုးရိမ်မှုများကိုတင်ပြရန်နှင့် မေးမြန်းရန် လမ်းကြောင်းတစ်ခု ရှိသင့်သည်။ ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်းများကို ၎င်း၏ အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒ (သို့) လုပ်ငန်းကျင့်ဝတ်လက်စွဲတွင် ဖော်ပြထား သင့်သည်။ အခြားနည်းလမ်းအချို့မှာ[10]

- ကြီးကြပ်သူ (သို့) မန်နေဂျာထံ တင်ပြခြင်း။ တင်ပြချက်အများစုသည် ကြီးကြပ်သူ (သို့) အကြီးတန်း မန်နေဂျာထံသို့ ရောက်သင့်သည်။ သို့ရာတွင် ကြီးကြပ်သူ (သို့) မန်နေဂျာနှင့်ပတ်သက်၍ ပြဿနာရှိနေသော ဝန်ထမ်းအတွက် အခြားရွေးချယ်စရာ လမ်းကြောင်းတစ်ခု ရှိသင့်သည်။
- အရေးပေါ်ဆက်သွယ်ရေးလိုင်း (သို့) အခြားရွေးချယ်စရာနည်းလမ်း တင်ပြခြင်း။ ကြီးကြပ်သူ (သို့) မန်နေဂျာထံ မပို့နိုင်သည့် တင်ပြချက်များအတွက် ဝန်ထမ်းအနေနှင့် အခြားတစ်ယောက်ယောက် ဆီ ပို့နိုင်ရန် နည်းလမ်းတစ်ခုလိုသည်။ ကုမ္ပဏီကြီးများတွင် ဝန်ထမ်းများမှ တင်ပြချက်ပို့နိုင်သည့် ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ ထားရှိကြသည်။ ကုမ္ပဏီငယ်များ၌ အကြံပေးအရာရှိ တစ်ယောက်ကို တာဝန်ပေးနိုင်သည် (သို့) ဝန်ထမ်းများ စာဖြင့်ရေးသားတင်ပြနိုင်သည့် စာတိုက်သေတ္တာတစ်ခု ထားနိုင်သည်။ စာတိုက်သေတ္တာ၏တည်နေရာသည် သီးသန့်ကျ၍ အများအလွယ်တကူအသုံးပြုနိုင်သည့် နေရာဖြစ်သင့်

[9] SME များအတွက် G20-B20 အဂတိလိုက်စားမှုတိုက်ဖျက်ရေး လမ်းညွှန်မှ လိုက်လျောညီထွေ ပြုပြင်ထားသော စည်းမျဉ်းများ။ စာမျက်နှာ ၃၀။

[10] ဤအပိုင်းသည် SME များအတွက် G20-B20 အဂတိလိုက်စားမှုတိုက်ဖျက်ရေး လမ်းညွှန်မှ အနည်းငယ် လိုက်လျောညီထွေ ပြုပြင်ထားခြင်းဖြစ်သည်။ စာမျက်နှာ ၃၅။

သည်။ သင့်လျော်သည့် စုံစမ်းစစ်ဆေးမှုကို မပြုမချင်း တင်ပြချက်အားလုံးကို လျှို့ဝှက်အဖြစ်ထားသင့်သည်။ တင်ပြချက်ပို့သည့် ဝန်ထမ်း၏အချက်အလက်များကို အမြဲတမ်း လျှို့ဝှက်ထားသင့်သည်။

- တိုင်ကြားတင်ပြချက်များကို ဖြေရှင်းခြင်း။ တိုင်ကြားတင်ပြချက်များကို မည်သို့မည်ပုံ ဖြေရှင်းကိုင်တွယ်မည်ဆိုသည်အတွက် အစီအစဉ်တစ်ခု ရှိထားရန်လိုသည်။ တိုင်ကြားခံရသည့်ဌာနရှိ ကြီးကြပ်သူ (သို့) မန်နေဂျာမှ သေးငယ်သည့် ပြဿနာများကို စုံစမ်းဖော်ထုတ်ပေးနိုင်သည်။ ကြီးလေးသည့် ပြစ်မှု၊ ငွေပမာဏ အမြောက်အမြားပါဝင်နေသော (သို့) ရာထူးကြီးဝန်ထမ်းများ ပါဝင်ပတ်သက်နေသော ပြဿနာကိစ္စရပ်များအတွက် ကုမ္ပဏီသည် ကော်မတီတစ်ရပ်ဖွဲ့ကာ ပြဿနာကို မျှတစွာ စုံစမ်းဖော်ထုတ်ဖြေရှင်းပေးရမည်။
- တိုင်ကြားတင်ပြသည့်သူများကို ကာကွယ်ပေးခြင်း။ လျှို့ဝှက်စွာ လုပ်ကိုင် ဆောင်ရွက် သည့်တိုင်အောင် ဝန်ထမ်းများကြားတွင် သံသယများ မြင့်တက်လာနိုင်ပါသည်။အထူးသဖြင့် တိုင်ကြားခံရသူသည် မည်သူမှ ပြဿနာကို တိုင်ကြားနိုင်သည်နှင့် ပတ်သက်၍ သံသယဖြစ်လာတတ်သည်။ ထို့ကြောင့် ကုမ္ပဏီအကျိုးကိုလိုလားသဖြင့် တိုင်ကြားသူများကို (ဆိုလိုသည်မှာ တိုင်ကြားသူသည် မလိုမုန်းထားသဖြင့် တိုင်ကြားခြင်း (သို့) မမှန်မကန် လုပ်ကြံတိုင်ကြားခြင်းမျိုးမဟုတ်) လက်တုန့်ပြန်မှုပုံစံအမျိုးမျိုးထံမှ ကာကွယ်ပေးထားရန်အတွက် ကုမ္ပဏီ၌ ရှင်းလင်းသည့် မူဝါဒရှိသင့်သည်။ ထိုမူဝါဒကို လိုက်နာဆောင်ရွက်စေရေးမှာ အလုပ်ရှင်နှင့် မန်နေဂျာများ၏ တာဝန်ပင် ဖြစ်သည်။
- တိုင်ကြားတင်ပြချက်များကို နောက်ဆက်တွဲဆက်လက်လုပ်ဆောင်ခြင်း။ ဝန်ထမ်းများသည် စည်းကမ်းဖောက်ဖျက်ခြင်းကို တိုင်ကြားသော်လည်း အရေးယူဆောင်ရွက်မှုမရှိပါက သင်၏တိုင်ကြားတင်ပြသည့်စနစ်နှင့် သင်၏အဂတိလိုက်စားမှုဆန့်ကျင်ရေးစနစ်ကြီးတစ်ခုလုံးသည် အလျှင်အမြန် ပြိုလဲသွားလိမ့်မည်။ အကျိုးဆက်အနေနှင့် ကောလဟာလများနှင့် အခြားသော သံသယများလည်း ဖြစ်လာနိုင်ချေများသည်။ ကုမ္ပဏီသည် တိုင်ကြားတင်ပြမှုတိုင်းကို စာရင်းသွင်းကာ ပြဿနာကိုဖြေရှင်းပြီး (အကယ်၍တိုင်ကြားသူများသည် ၎င်းတို့၏ အမည်ကိုဖော်ပြထားလျှင်) တိုင်ကြားသူနှင့် နောက်ဆက်တွဲဆက်လက်လုပ်ဆောင်သင့်သည်။ သတင်းလွှာများ (သို့) လေးလပတ်/နှစ်ဝက်/နှစ်ပတ်လည် ကျင့်ဝတ် ထပ်မံပြုပြင်ဖြည့်စွက်ချက်များသည် လျှို့ဝှက်သတင်းအချက်များကို မဖော်ထုတ်သမျှ ဤအချက်များကို ဆက်သွယ်တင်ပြပေးသည့် နောက်ထပ်နည်းလမ်းဖြစ်နိုင်သည်။

အရေးကြီးသောအချက်။ မည်သည့်တိုင်ကြားတင်ပြမှုစနစ်မဆို ဝန်ထမ်းများ၏ စိုးရိမ်မှုပြဿနာများကို အလေးအနက်ထားလုပ်ဆောင်ပေးနေသရွေ့ စနစ်ကောင်းတစ်ခုဖြစ်နေမည်။ ကုမ္ပဏီအကျိုးကိုလိုလားသဖြင့် တိုင်ကြားရခြင်းအတွက် မည်သည့်လက်တုန့်ပြန်မှုမျိုးမှ မခံရကြောင်း သင်ယုံကြည်ရသရွေ့ ထိုစနစ်သည် စနစ်ကောင်းဖြစ်ကြောင်း အမှတ်ရပါ။

### ၄.၁.၅.၂ တိုးတက်မှုများနှင့် အဂတိဖြစ်နိုင်ချေများကို စောင့်ကြည့်စစ်ဆေးခြင်း

ခိုင်မာသည့် အဂတိလိုက်စားမှုဆန့်ကျင်ရေး အစီအစဉ်များ တည်ဆောက်ခြင်းသည် တစ်ကြိမ်ကြိုးစား အားထုတ်ရုံမျှနှင့် ဖြစ်နိုင်သည်မဟုတ်ပေ။ ကုမ္ပဏီသည် ၎င်း၏တိုးတက်မှုများနှင့် အဂတိဖြစ်နိုင်ချေများကို စောင့်ကြည့်ရန်လိုအပ်သည်။ အရေးကြီးသော လုပ်ဆောင်ချက်အဆင့်အချို့မှာ[11]

- မှန်ကန်သောမှတ်တမ်းများကို ထိန်းသိမ်းထားပါ။ စာရင်းအင်းများသည် ကုမ္ပဏီ၏ ငွေကြေးအဝင်အထွက်စာရင်းများအားလုံးကို ခြုံငုံမိသင့်သည်။

---

[11] ယခုအပိုင်းသည် SME များအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လက်စွဲစာအုပ်၊Hills program on Governanceနှင့် CIPE အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လိုက်နာကျင့်သုံးခြင်း- အလယ်အလတ်အရွယ်အစားရှိ ကုမ္ပဏီများအတွက်လမ်းညွှန်မှ လိုက်လျောညီထွေ ပြုပြင်ထားခြင်းဖြစ်သည်။

- ပြင်ပစာရင်းစစ်များနှင့် ပုံမှန်စစ်ဆေးမှုပြုပါ။ စာရင်းစစ်သည် လုပ်ငန်းကျွမ်းကျင်မှုရှိရန်နှင့် ကုမ္ပဏီ၏ စံတန်ဖိုးများနှင့်ကိုက်ညီစွာ လုပ်ဆောင်ရန်အရေးကြီးသည်။ စာရင်းစစ်များကို ကုမ္ပဏီ၏ဌာနတွင်း ထိန်းချုပ်မှုစနစ်များအား သုံးသပ်ပေးရန်နှင့် အားနည်းချက်များရှိသောနေရာများကို အကြံပြုပေးရန် တောင်းဆိုပါ။
- အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ တိုးတက်ထိရောက်မှု ကို စောင့်ကြည့်စစ်ဆေးပါ။ အဂတိလိုက်စားမှုဆန့်ကျင်ရေး သင်တန်းများ၌ ပါဝင်မှုကို ပြန်လည်သုံးသပ်ကြည့်ပါ။ စစ်တမ်းများ (သို့) အဖွဲ့လိုက်ဆွေးနွေးမှုများကိုသုံးကာ ဝန်ထမ်းများ၏ အဂတိလိုက်စားမှု ဆန့်ကျင်ရေးမူဝါဒများနှင့် ပတ်သက် သည့် ဗဟုသုတ၊ မူဝါဒများကို အကောင်ထည်ဖော် လိုက်နာရာတွင် ၎င်းတို့ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ အဂတိလိုက်စားမှု၌ ပါဝင်မိခြင်းကြောင့် ကြုံတွေ့ရသော ဖိအားပေးမှုများကို သိရှိရန်လုပ်ဆောင်ပါ။ အဂတိဖြစ်နိုင်သည့် နယ်ပယ်များ ကို သတ်မှတ်ဖော်ထုတ်ပြီး တုန့်ပြန်ဆောင်ရွက်မှုများကို တိုးတက်အောင် လုပ်ဆောင်ပါ။ ငွေသားသုံးခြင်း၊ အခြားသောပေးငေ ချမှုများ၊ ပစ္စည်းတင်သွင်းသူများနှင့် ကိုယ်စားလှယ်ရွေးချယ်မှု၊ ခရီးများစီစဉ်ပေးမှု၊ ဧည့်ခံပြုစုမှုစသည့် အသုံးစရိတ်သုံးခြင်းကဲ့ သို့သော အဂတိဖြစ်နိုင်ချေမြင့်သည့် နယ်ပယ်များ၏ ရှေ့အလားလာကို စောင့်ကြည့်စစ်ဆေးပါ။

> **"တစ်စုံတစ်ယောက်ကို အဂတိလိုက်စားမှုကြောင့် အပြစ်ပေး (သို့) အလုပ်မှထုတ်ပယ်သောအခါ ဌာနဆိုင်ရာ မန်နေဂျာများကို ဖြစ်သည့်ပြဿနာအမျိုးအစား၊ မည်သို့စုံစမ်းစစ်ဆေးပုံ၊ ဖော်ထုတ်တွေ့ရှိရသည့် အရာများ စသည်တို့နှင့် ပတ်သက်ပြီး အကြောင်းကြားပါသည်။ သို့သော် တစ်စုံတစ်ဦး၏နာမည်ဖော်ထုတ်ခြင်းကို မည်သည့်အခါမျှ မလုပ်ဆောင်ပါ။ ဤနည်းဖြင့် ကုမ္ပဏီသည် ကြုံတွေ့ခဲ့ရသောအတွေ့အကြုံများမှ သင်ယူပြီး အနာဂတ်တွင် စီမံခန့်ခွဲမှုတိုးတက်အောင် လုပ်ဆောင်ရသည်။"**

## ၄.၁.၅.၃ ပြစ်ဒဏ်များနှင့် ဆုပေးမှုများ။ အဂတိလိုက်စားမှုဆန့်ကျင်ရေး ကတိကဝတ်များကို လိုက်နာ ဖော်ဆောင်ခြင်း

ကုမ္ပဏီတွင် အကောင်းဆုံး အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒများ ရှိနိုင်ပါသည်။ သို့သော် ၎င်းတို့၌ မည်သည့်အကျိုးဆက်မှမရှိလျှင် ထိုမူဝါဒများရှိခြင်းသည် အသုံးမဝင်သည့် သဘောပင်ဖြစ်သည်။ မှန်ကန်တိကျသည့် စာရင်းများထိန်းသိမ်းခြင်းမှစ၍ တရားမဝင်ပေးချေမှုများ၊ မသင့်လျော်သော လက်ဆောင်များပေးခြင်းကို ရှောင်ရှားခြင်းအဆုံး အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒတစ်ခု၏ အခြေခံအားလုံးကို အကောင်ထည်ဖော်ရမည် ဖြစ်သည်။ မက်လုံးပေးခြင်း၊ ပြစ်ဒဏ်ပေးခြင်းဖြင့်[12] ဝန်ထမ်းများကို ကုမ္ပဏီ၏မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းအားပေးနိုင်သည်။

- အဂတိလိုက်စားမှုနှင့် အခြားကျင့်ဝတ်မညီသော ပြုမူလုပ်ဆောင်ချက်များကို အပြစ်ပေးပါ။ ကုမ္ပဏီများတွင် အဂတိလိုက်စားမှုနှင့် အခြားကျင့်ဝတ်မညီသော ပြုမူလုပ်ဆောင်ချက်များအတွက် မည်သည့်အပြစ်ပေးမှုများ လုပ်ဆောင်မည်နှင့်ပတ်သက်၍ ရှင်းလင်းသည့်မူဝါဒ ရှိထားသင့်သည်။ အရေးကြီးဆုံးအချက်မှာ မူဝါဒများကို သမာသမတ်ကျစွာ၊ မျှမျှတတကျင့်သုံးရန် ဖြစ်သည်။ မည်သူ့ကိုမျှ အထူးအခွင့်ရေးပေးခြင်း (သို့) မမျှတစွာ အပြစ်ပေးခြင်း မလုပ်သင့်ပေ။ ထို့ပြင် အပြစ်ပေးမှုများသည် ပြစ်မှုလုပ်ရပ်၏ ပြင်းထန်ကြီးလေးမှု အတိုင်းအဆနှင့်လျော်ညီစွာ ဖြစ်သင့်သည်။
    - ငွေပြန်ပေးလျော်မှု။ ပြစ်မှုတစ်ခုသည် သေးငယ်ပြီး ဗဟုသုတမရှိခြင်းကြောင့် (သို့) မရည်ဘဲလုပ်ဆောင်မိခြင်းကြောင့် ဖြစ်ရခြင်းဖြစ်ကြောင်း ဖော်ထုတ်ဆုံးဖြတ်သည့်အခါတွင် ကုမ္ပဏီမှ ကုန်ကျခဲ့သည့် ကုန်ကျစားရိတ်များအတွက် (တရားမဝင်ပေးသည့် ပမာဏ ကဲ့သို့သော) ဝန်ထမ်းကို ပြန်၍ပေးခိုင်းနိုင်ပါသည်။

[12] ဤအပိုင်းသည် SME များအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လက်စွဲစာအုပ်၊Hills program on Governance မှ အနည်းငယ် လိုက်လျောညီထွေ ပြုပြင်ထားခြင်းဖြစ်သည်။ စာမျက်နှာ ၄၂-၄၃

- သတိပေးချက်ထုတ်ပြန်မှု။ ယင်းမှာ စာဖြင့်သတိပေးချက်ဖြစ်ပြီး သေးငယ်သောပြစ်မှု (သို့) ပထမဆုံးအကြိမ်ပြစ်မှု လုပ်မိကြောင်းဝန်ခံသည့် ဝန်ထမ်းထံသို့ ပေးခြင်းဖြစ်သည်။ အချို့ပြစ်မှုများတွင် ငွေပြန်ပေးသွင်းမှုကိုပါ တစ်ပါတည်းလုပ်ဆောင်ခိုင်းနိုင်သည်။
- အလုပ်မှခေတ္တရပ်ဆိုင်းခြင်း။ ဝန်ထမ်းသည် အလုပ်ကို မလာရသည့်အပြင် လစာငွေနှင့် အကျိုးခံစားခွင့်များ မရရှိပါ။ စုံစမ်းစစ်ဆေးခံနေရသော ဝန်ထမ်းသည် စုံစမ်းစစ်ဆေးခံနေရသည့်အတောအတွင်း တာဝန်မှခေတ္တရပ်ဆိုင်းခြင်းခံရနိုင်သည်။
- အလုပ်မှထုတ်ပယ်ခြင်း။ ကုမ္ပဏီမှ ဂုဏ်သိက္ခာကင်းမဲ့စွာ ထုတ်ပယ်ခံရခြင်း။ ထုတ်ပယ်ခံရသည့် ဝန်ထမ်းသည် ၎င်းခံစားခွင့်ရှိသော ခွင့်များနှင့် လုပ်သက်ခံစား ခွင့်ငွေကြေး အပါအဝင် အခြားအကျိုးခံစားခွင့်များကို ဆုံးရှုံးရသည်။

- ***အဂတိလိုက်စားမှုဆန့်ကျင်တိုက်ဖျက်ခြင်းနှင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရေးကို မြှင့်တင်ခြင်း အတွက် မက်လုံးများ အကောင်ထည်ဖော်ခြင်း။*** ကုမ္ပဏီများသည် လုပ်ငန်းကျင့်ဝတ်၊ အဂတိလိုက်စားမှု ဆန့်ကျင်ရေးမူဝါဒ၊ ဂုဏ်သိက္ခာစောင့်ထိန်းမှုအတွက် ကုမ္ပဏီ၏ ကတိကဝတ်အားလုံး စသည်တို့ကို နမူနာစံပြအဖြစ် အကောင်းဆုံး အကောင်ထည်ဖော် လုပ်ဆောင်သည့် ပြုမူချက်များကို ဆုချီးမြှင့်သည်။
  - ကျင့်ဝတ်နှင့်ညီသော အပြုအမူများအတွက် တစ်ဦးခြင်းနှင့် အများရှေ့မှောက်တွင် အသိမှတ်ပြုမှုနှင့်အတူ ဆုပေးခြင်း။ အဂတိလိုက်စားမှုကို တိုင်ကြားတင်ပြသည့်သူကို ကုမ္ပဏီအကြီးအကဲများမှ ချီးကျူးဂုဏ်ပြုပေးသင့်သည်။ ကုမ္ပဏီအချို့သည် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို ကာကွယ်ပေးသည့် (သို့) ငွေကြေးကုန်ကျမှုကို သက်သာစေသည့် လုပ်ဆောင်ချက်များအတွက် ဆုကြေးငွေအနည်းငယ် ပေးသည်။ အချို့ကုမ္ပဏီများသည် နှစ်ပတ်လည် (လစဉ်/နှစ်ဝက်) ဆုကြေးကို ကုမ္ပဏီ၏ တန်ဖိုးထားမှုများကို အကောင်းဆုံး ကိုယ်စားပြုနိုင်သော ဝန်ထမ်းများအားပေးသည်။
  - ဝန်ထမ်း၏လုပ်ဆောင်မှုသုံးသပ်ချက်များအတွက် သုံးသပ်မှုစံနှုန်းများ၏ အစိတ်အပိုင်း အဖြစ် အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းနှင့် အခြားကျင့်ဝတ်နှင့်ညီသော အပြုအမူကို ထည့်သွင်းခြင်း။ ကျင့်ဝတ်နှင့်ညီသော အပြုအမူသည် မည်သူ့ကို ရာထူးတိုးမည် (သို့) အပိုဆုကြေးပေးမည်ဟု ဆုံးဖြတ်ရာတွင် အခြေခံအချက်ဖြစ်သင့်သည်။

## ၄.၂။ အဖွဲ့အစည်းပြင်ပ။ သင်၏ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အခြားသောအဖွဲ့အစည်းများကို ရှင်းလင်းအသိပေးခြင်း

ဤအခန်း၏ ပထမပိုင်းသည် ခိုင်မာသည့် အဂတိလိုက်စားမှုဆန့်ကျင်ရေးအစီအစဉ်များ ဖန်တီးရန် သင်လုပ်နိုင်သည့် အရာအမျိုးမျိုးကို ဖော်ပြပေးသည်။ ၎င်းသည် စီးပွားရေးလုပ်ငန်းများ တည်ငြိမ်ခိုင်မာမှုကို အားဖြစ်စေပြီး စီမံအုပ်ချုပ်ရေး အလေ့အကျင့်များ တိုးတက်ကောင်းမွန်ရေး၌ အကူညီဖြစ်စေသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအသစ်များ၊ အကူအညီပေးမှုများဝင်လာခြင်းနှင့်အတူ အဂတိလိုက်စားမှုမရှိဘဲ လုပ်ငန်းလုပ်ကိုင်နိုင်မှုစွမ်းရည်ကို တိုးမြှင့်ရန် ကြိုးပမ်းခြင်းသည် အလွန်အဖိုးဖြစ်စေနိုင်လိမ့်မည်။ အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများနှင့် ဖောက်သည်များကို သင်၏ကတိကဝတ်များနှင့် ပတ်သက်ပြီး ခိုင်မာသည့်အချက်ပေးမှု လုပ်ဆောင်ရန် သင်လုပ်နိုင်သည့်အရာအချို့မှာ-

**ပွင့်သစ်စ အစီရင်ခံစာ**



အကြီးစားနှင့် အလတ်စားလုပ်ငန်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားဆိုင်ရာ အလေ့အကျင့်များ အကြောင်းကို ပြောရန် သီးခြားအခွင့်အရေးရှိသည်။

ပြီးခဲ့သည့် သုံးနှစ်အတွင်း စီးပွားရေးလုပ်ငန်းဆိုင်ရာမြန်မာစင်တာ (MCRB) သည် ပွင့်သစ်စ (သို့) မြန်မာ့စီးပွားရေးလုပ်ငန်းများရှိ ပွင့်လင်းမြင်သာမှု မှတ်တမ်းကို ထုတ်ဝေခဲ့သည်။ အစီရင်ခံစာ၌ အဂတိလိုက်စားမှုဆန့်ကျင်ရေးနှင့် ဆက်စပ်သည့် စံနှုန်းများ၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် လူ့အခွင့်အရေးစံနှုန်းများ (မြေယာ၊ ကျန်းမာရေး၊ လုံခြုံစိတ်ချမှု၊ သဘာဝပတ်ဝန်းကျင်စသည်) စသည်တို့ ပေါင်းစပ်ပါဝင်သည်။

၂၀၁၆ မှစတင်ကာ MCRB သည် အကဲဖြတ်မှုခံယူလိုသည့် အလတ်စားလုပ်ငန်းများ အတွက် ပွင့်သစ်စ အစီရင်ခံစာအငယ်စားကို လုပ်ဆောင်ပေးလိမ့်မည်။ အကယ်၍ သင့်လုပ်ငန်းသည် လိုအပ်သည့် အလေ့အကျင့်အားလုံးကို လုပ်ဆောင်ထားခြင်း မရှိ (သို့) ဝက်ဆိုဒ်မရှိသေးသည့်တိုင်အောင် အကဲဖြတ်မှုဆိုင်ရာမေးခွန်းများမှလေ့လာသင်ယူစရာများစွာရှိပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရနိုင်သည့်မေးခွန်းများနှင့် ပွင့်သစ်စအသေးစားနှင့် ပတ်သက်သည့်သတင်းအချက်များကို http://www.myanmar-responsiblebusiness.org/pwint-thit-sa/mini.html တွင်ကြည့်ပါ။ မြန်မာဘာသာဖြင့် http://www.myanmar-responsiblebusiness.org/my/pwint-thit-sa/mini.html တွင်ကြည့်ပါ။

***ကော်ပိုရိတ်လုပ်ငန်းပွင့်လင်းမြင်သာမှုရှိရန် လေ့ကျင့်လုပ်ဆောင်ပါ။*** ပွင့်လင်းမြင်သာမှုအခြေခံစံနှုန်း များနှင့် ပြည့်စုံခြင်းသည် ရင်းနှီးမြှုပ်နှံသူများနှင့် ဖောက်သည်များကို လိုအပ်သည့်ကနဦးဆန်းစစ်သုံးသပ်ချက် များ due diligence ဆောင်ရွက်နိုင်ရန် အလွန်အရေးကြီးသည့် အဆင့်တစ်ရပ်ဖြစ်သည်။ အထူးအရေးပါသည့် အချက်များမှာ- ငွေကြေးအခြေအနေ၊ လုပ်ငန်းခွဲများ၏ တည်ဆောက်မှုပုံစံ၊ ကုမ္ပဏီကို အမှန်တကယ်ပိုင်ဆိုင်သူများ၏ အမည်များ ဖြစ်ကြသည်။

- ***သင်၏ အဂတိလိုက်စားမှုဆန့်ကျင်ရေးအစီအစဉ်များကို အားလုံးအားသိရှိခွင့်ပေးပါ။*** ဝဘ်ဆိုဒ်တွင် အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒနှင့် လုပ်ငန်းကျင့်ဝတ်များဖော်ပြထားဖို့လိုသည်။ ယင်းတို့ကို အကောင်အထည်ဖော်ထားသည့် သက်သေအထောက်အထားများမှာမူ ပို၍ အရေးကြီးသည်။

## ၄.၃။ စုပေါင်းလုပ်ဆောင်မှု။ ကျင့်ဝတ်ဖြောင့်မှန်မှုကို မြှင့်တင်ရန်နှင့် အဂတိ လိုက်စားမှု ကိုတိုက်ဖျက်ရန် စီးပွားလုပ်ငန်းများမှ အတူတကွ လုပ်ဆောင်ခြင်း

အဂတိလိုက်စားသည့်အလေ့အထများကို လူအများကလက်ခံထားနေဆဲဖြစ်ပါက ကုမ္ပဏီ၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် မည်မျှပင်ကောင်းမွန်မှန်ကန်သော်လည်း ကျင့်ဝတ်ဖြောင့်မှန်စွာ စီးပွားလုပ်ကိုင်ရန် အခက်အခဲများစွာ ရှိနိုင်သည်။ ကမ္ဘာအနံ့တွင် စီးပွားလုပ်ငန်းများသည် အဂတိလိုက်စားမှုကိုကိုယ်နည်းကိုယ့်ဟန်ဖြင့် ထိန်းချုပ်ရန် ကြိုးပမ်းကြသော်လည်း အများနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းက ပို၍အကျိုးဖြစ်ကြောင်းမြင်လာကြသည်။ အစိုးရ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းသည် ကျယ်ပြောသော စီးပွားပတ်ဝန်းကျင်တစ်ခုလုံးကို တိုးတက်ဖြစ်ထွန်းစေသည်။

> **စုပေါင်းလုပ်ဆောင်မှုသည် ကြီးမားသည့် ကောင်းကျိုးနှစ်ရပ်ရှိသည်။**
>
> - စီးပွားအလေ့အကျင့်ကောင်းများနှင့် ပတ်ဝန်းကျင်ကောင်းကို တိုးတက်မြင့်မားလိုသည့် စီးပွားလုပ်ငန်းများ၏ ပြောဆိုပိုင်ခွင့်ကို ပိုမိုရစေသည်။
>
> - တူညီသည့် စံနှုန်းများ၊ စီးပွားအလေ့အကျင့်များဖြစ်စေရန် အဖွဲ့ဝင်အားလုံးမှ ကတိထား ကြိုးပမ်းမှုကြောင့် အခွင့်ညီမျှမှုကို ပိုမိုဖန်တီးပေးသည်။

ထိုသို့ စုပေါင်းလုပ်ဆောင်မှုကြောင့် ကုမ္ပဏီများအတွက် အဂတိလိုက်စားမှုများကို ပြောဆိုထောက်ပြနိုင်ခွင့်ပိုရလာစေသည်။ ကုမ္ပဏီတစ်ခုတည်းမှ ပြဿနာများ ကို ထောက်ပြပြောဆိုခြင်းထက် အများပါဝင်ခြင်းကအင်အားတစ်ရပ်ဖြစ်စေပြီး ကိစ္စတစ်ရပ်ကို ထပ်တလဲလဲ ကိုင်တွယ်လုပ်ဆောင်ရခြင်းမျိုးကိုလည်း ရှိတော့မည်မဟုတ်ချေ။ စုပေါင်းအဖွဲ့အစည်းတစ်ရပ်၏ အစိတ်အပိုင်းဖြစ်ခြင်းသည် ကုမ္ပဏီငယ်များအား အဖွဲ့ဝင်ကုမ္ပဏီကြီးများ၏အရှိန်အဝါကို အသုံးချကာ အကျိုးဖြစ်နိုင်သည်။

စုပေါင်းလုပ်ဆောင်မှုသည် အဂတိလိုက်စားမှုကို ဆန့်ကျင်ရန် ကြိုးပမ်းရာ၌ ကုမ္ပဏီများအတွက် တူညီသော ရေခံမြေခံများကို ဖန်တီးပေးပြီး စီးပွားကျင့်ဝတ်လျော်ညီစွာ ဆောင်ရွက်ရေးတွင် အကူအညီဖြစ်စေသည်။ ကုမ္ပဏီအများစုမှ အဂတိလိုက်စားမှုကို အတူတကွ ဆန့်ကျင်ဆောင်ရွက်ရန် သဘောတူညီမှုရပါက ကန်ထရိုက်ရရေးတွင် အမှန်တကယ်မျှတသည့်အခွင့်လမ်းရစေမည်ဖြစ်သည်။ လာဘ်ပေးမှုကြောင့် မဟုတ်ဘဲ မှန်ကန်ထိုက်တန်သည့်တင်ဒါတင်မှုအပေါ် အခြေခံသောကြောင့် ကုမ္ပဏီတစ်ခုချင်းစီအတွက် ယုံကြည်မှုပိုဖြစ်စေသည်။

### ရေရှည်စုပေါင်းလုပ်ဆောင်မှုအတွက် အစပျိုးလုပ်ဆောင်မှုများ

စုပေါင်းလုပ်ဆောင်မှုများသည် ရေရှည်အတွက် ရည်ရွယ်လုပ်ဆောင်နိုင်သကဲ့သို့ အစိုးရတင်ဒါ[13] ကဲ့သို့ သီးသန့်ကိစ္စရပ်များအတွက်လည်းဖြစ်နိုင်သည်။ ရေရှည်အတွက် အစပျိုးလုပ်ဆောင်မှုများသည် ဘုံမူဝါဒများနှင့်ကျင့်ဝတ်စံနှုန်းများ ဖြစ်မြောက်လာရေးကို ရည်ရွယ်ခြင်း ဖြစ်သည်။ သတင်းအချက်အလက်မျှဝေရန်နှင့် အပြန်အလှန်လေ့လာသင်ယူနိုင်သော ကွင်းတစ်ခုလည်းဖြစ်လာမည်။ ယင်းတွင် မူဝါဒနှင့် အင်စတီကျူးရှင်းများ တိုးတက်ရေးအတွက် အစိုးရနှင့်ပူးပေါင်းလုပ်ဆောင်ခြင်းလည်း ပါဝင်ပါသည်။ အဆိုပါ ကိစ္စတွင်နမူနာကောင်းများစွာ ရှိပြီး အာရှတိုက်မှ နမူနာအချို့မှာ[14]

- ဖိလစ်ပိုင်။ *ကျင့်ဝတ်ဖြောင့်မှန်ရေး စဦးလုပ်ဆောင်မှု- ရှိုင်းစီမံချက်* ကိုပုဂ္ဂလိကမှ ဦးဆောင်လုပ်ကိုင်သည့် လှုပ်ရှားမှုအဖြစ် ၂၀၁၀တွင် စတင်လုပ်ကိုင်ခဲ့သည်။ ရည်ရွယ်ချက်မှာ လူ့အဖွဲ့အစည်း၏ကဏ္ဍမျိုးစုံတွင် အများလက်ခံနိုင်သည့် စီးပွားကျင့်ဝတ်စံနှုန်းများ ပြန်လည်ဖြစ်ထွန်းလာရန် ဖြစ်သည်။ တစ်သတ်မတ်တည်းဖြစ်သည့်စီးပွားကျင့်ဝတ်လက်စွဲ၊ ကျင့်ဝတ်စည်းကမ်းမူဘောင်၊ ကျင့်ဝတ်မှန်ကန်မှုဆိုင်ရာ

[13] ဤအပိုင်းသည် ကမ္ဘာ့ဘဏ်အဖွဲ့အစည်း၏ ပေါင်းစည်းလုပ်ဆောင်မှုမှတဆင့် အဂတိလိုက်စားမှုကို ချေမှုန်းတိုက်ဖျက်ရေး- စီးပွားရေးလမ်းညွှန် (၂၀၀၈)မှ ထင်ထင်ရှားရှား ထုတ်နုတ်အသုံးပြုထားခြင်း

[14] ဤအပိုင်းတွင် ပါရှိသည့် လုပ်ဆောင်မှု ဖော်ပြချက်များသည် လက်စွဲစာအုပ်၊Hills program on Governance၏ အဂတိလိုက်စားမှု ဆန့်ကျင်ရေး စုပေါင်းလှုပ်ရှားမှု-အာဆီယံနိုင်ငံများအတွင်း စီးပွားရေးနှင့် အဂတိလိုက်စားမှု ဆန့်ကျင်ရေး ရှေ့ဆောင်လှုပ်ရှားမှုများ (၂၀၁၄)မှ ထုတ်နုတ်ဖော်ပြထားခြင်းဖြစ်ပြီး ရယူနိုင်သည့် နေရာများတွင် စီမံကိန်းဝက်ဆိုဒ်များမှ ထပ်ဆောင်းသတင်းအချက်အလက်များ ပံ့ပိုးပေးထားသည်။


ကိုယ်တိုင်ဆန်းစစ်ချက် လမ်းညွှန်တို့ကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ခဲ့သည်။ Makati စီးပွားရေးကောလိပ်နှင့် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်းတို့သည် Siemens မှရသော ရန်ပုံငွေဖြင့် စီမံချက်ကို စတင်လုပ်ကိုင်ခဲ့သည်။ ၂၀၁၆ မတ်လအထိတွင် စီးပွားရေးလုပ်ငန်း ၂၀၀၀ ကျော်သည်ကျင့်ဝတ်မှန်ကန်မှုဆိုင်ရာ ကိုယ်တိုင်ဆန်းစစ်ချက် လမ်းညွှန်ကို အသုံးပြုခဲ့ကြပြီး ဖြစ်သည်။ သတင်းအချက်များ ပိုမိုရယူလိုပါက http://www.integrityinitiative.com/features/shine တွင်ကြည့်ပါ။

- ထိုင်း။ *ပုဂ္ဂလိကကဏ္ဍဆိုင်ရာ အဂတိလိုက်စားမှုဆန့်ကျင်ရေး စုပေါင်းအဖွဲ့ (CAC)* သည် ၂၀၁၀ တွင်စတင်ခဲ့သည်။ ကျင့်ဝတ်မှန်ကန်မှုဆိုင်ရာ ကိုယ်တိုင်ဆန်းစစ်ချက် လမ်းညွှန်ကို ဖွံ့ဖြိုးအောင် လုပ်ဆောင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများကိုဒေသတွင်းစံနှုန်းထက် ပိုမိုသာလွန်သည့်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး လုပ်ငန်းစဉ်ကို ဖွံ့ဖြိုးစေခဲ့သည်။ အဂတိလိုက်စားမှုဆန့်ကျင်ရေး ထိုင်းအမျိုးသားကော်မရှင်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကာ ထိုင်းစီးပွားလုပ်ငန်း အသိုက်အဝန်း၌ အလေ့အကျင့်ကောင်းများ မြှင့်တင်ရေးကို လုပ်ဆောင်ခဲ့သည်။ CAC တွင် ယခုအဖွဲ့ဝင် ၇၃၁ ဦးထိရှိနေပြီး ကုမ္ပဏီ ၁၇၇ ခုအား အသိမှတ်ပြုလက်မှတ်ပေးအပ်ခဲ့ပြီး ဖြစ်သည်။ သတင်းအချက်များ ပိုမိုရယူ လိုပါက http://thai-cac.com တွင်ကြည့်ပါ။

## ရေရှည်စုပေါင်းလုပ်ဆောင်မှု၏ အကျိုးများ

- ကျင့်ဝတ်ဖြောင့်မှန်မှုကို မြှင့်တင်ရန်နှင့် အဂတိလိုက်စားမှုကို လျှော့ချရန် ဆန္ဒရှိသည့် စီးပွားရေးသမားများအကြား၌ အတူစုပေါင်းလုပ်ဆောင်ခြင်းကြောင့် အသိုင်းအဝိုင်းစိတ်ဓာတ်ကို ဖြစ်စေသည်။
- အထူးသဖြင့် အသိမှတ်ပြုလက်မှတ်ကဲ့သို့ တူညီသည့် စံနှုန်းများသည်ဂုဏ်ယူစရာဖြစ်စေသည့် အပြင် လုပ်ငန်းအောင်မြင်မှုကိုလည်း ဆောင်ကျဉ်းပေးသည်။ ထိုစံနှုန်းများရှိခြင်းသည် ဒေသဆိုင်ရာ လုပ်ငန်းမိတ်ဖက်များကို ရှာဖွေနေသည့် နိုင်ငံတကာကုမ္ပဏီများအတွက် သဘောကျနစ်သက်စရာ အရင်းမြစ် ဖြစ်လာနိုင်ပါသည်။
- ပြဿနာများကို သုံးသပ်ဖော်ထုတ်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းအတွက် မူဝါဒရေးဆွဲသူများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်သည့် အခြေအနေ တစ်ရပ်ကို ဖြစ်စေသည်။ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရအကြား မိတ်ဖက်လုပ်ဆောင်မှုသည် ပုဂ္ဂလိကတစ်ဦးတည်းမှ ရှေ့ဆောင်လုပ်ကိုင် ဆောင်ရွက်မှုထက် ပိုမိုထိရောက် အကျိုးဖြစ်သည်။ (မြန်မာစီးပွားရေးဖိုရမ် သည် အဆိုပါ မိတ်ဖက်လုပ်ဆောင်မှုအတွက် နမူနာတစ်ခုဖြစ်သည်။ မြေယာမှတ်ပုံတင်ခြင်း၊ အခွန်ကိစ္စရပ်များ၊ ပြုပြင်ပြောင်းလဲမှုများတိုးတက်ဖြစ်ပေါ်လာရန် အစိုးရနှင့် တွေ့ဆုံဆွေးနွေးခြင်း စသည်များ အတွက် အသေးစိတ်စီစဉ်ဆောင်ရွက်ပေးသည့် အဖွဲ့များရှိသည်။ (http://myanmarbusinessforum.org )

**စုပေါင်းဆောင်ရွက်မှုများသည် အဖွဲ့အစည်းတစ်ရပ်အဖြစ်စုဖွဲ့ရန် အမြဲတမ်းမလိုအပ်ပေ**




ဆောက်လုပ်ရေးနယ်ပယ်ရှိ ကုမ္ပဏီများသည် Facebook စာမျက်နှာတစ်ခုတည်ထောင်ပြီး တင်ဒါကိစ္စရပ်များအပြင် အဂတိလိုက်စားမှုနှင့် ၎င်းတို့ကြုံတွေ့ရသော ပြဿနာရပ်များကို ဆွေးနွေးဖလှယ်ကြသည်။

ရေရှည်စုပေါင်းလုပ်ဆောင်မှု၏ အားနည်းချက်များ

- အများပြည်သူဆိုင်ရာ ဝယ်ယူမှုများအတွက် သင့်တင့်ကောင်းမွန်သောရလာဒ်များ (သို့) ပိုမိုထိရောက်သည့် ဝန်ဆောင်မှုပေးခြင်း စသည်တို့ကဲ့သို့သော ရလာဒ်ကောင်းများရရှိရန် အမြဲလုပ်ဆောင်နိုင်ခြင်း မရှိပေ။
- အလှူရှင်များမှ မတည်ပေးသည့်ရန်ပုံငွေဖြင့် စဦးလုပ်ဆောင်မှုများသည် ရေရှည်တည်တံ့ရန် ခက်ခဲနိုင်သည်။ ဆိုလိုသည်မှာ ရန်ပုံငွေကုန်ဆုံးသွားပါက လုပ်ငန်းများသည်လည်း ရပ်တန့်သွားမည် ဖြစ်သည်။ ရေရှည်ရပ်တည်နိုင်ရေးအတွက် အဖွဲ့ဝင်ကြေးကောက်ခံခြင်း (သို့) အခြားသော ဒေသတွင်းရနိုင်သော အရင်းမြစ်များကို စဦးကတည်းကပင် ကြိုတင်စဉ်းစားထားသင့်သည်။

စုပေါင်းလုပ်ဆောင်မှုကို အမြဲတမ်း ပုံစံချလုပ်ကိုင်ဆောင်ရွက်စရာ မလိုအပ်ပါ။ ဆောက်လုပ်ရေး လုပ်ငန်းများသည် ဖေ့ဘုတ်စာမျက်နှာကို သုံးပြီး တင်ဒါများအကြောင်း၊ အဂတိလိုက်စားမှုအပါအဝင် ကြုံတွေ့ရသည့် ပြဿနာများအကြောင်း ဆွေးနွေးကြသည်။

## ရေတို (သို့) စီမံချက်အခြေခံ စုပေါင်းလုပ်ဆောင်မှု

တူညီသော စည်းမျဉ်းများ၊ အလေ့ကျင့်ကောင်းများကို တိုးတက်ခိုင်မာရေးအတွက် အဓိကစုပေါင်း လုပ်ဆောင်နေသည့် ရေရှည်စုပေါင်းလုပ်ဆောင်မှုနှင့် ကွဲပြားခြားနားသည်မှာ စီမံချက်အခြေခံ စုပေါင်း လုပ်ဆောင်မှုသည် သီးသန့်လုပ်ငန်းစဉ်တစ်ခု (အများပြည်သူ့လုပ်ငန်းဆိုင်ရာ တင်ဒါ၊ အခြေခံ အဆောက်အဦး စီမံချက် စသည်ဖြင့်) ၏ ရလာဒ်တိုးတက်ရေးကိုသာ ရည်ရွယ်ခြင်းဖြစ်သည်။ ဤအစပျိုးလုပ်ဆောင်မှုများသည် ကျင့်ဝတ်ဖြောင့်မှန်မှုကို အခြေခံကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို လုပ်ဆောင်သည်။ သို့သော် တိကျသောရည်မှန်းချက်ကို အချိန်တို အတွင်း ပြီးမြောက်အောင်မြင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်သည်။

ဤနည်းလမ်း၏ အကောင်းဆုံးသော ဥပမာမှာ- ကျင့်ဝတ်ဖြောင့်မှန်မှု ပဋိညာဉ် ဖြစ်သည်။ ထိုပဋိညာဉ်သည် အများပြည်သူဆိုင်ရာလုပ်ငန်း ကန်ထရိုက်ချုပ်ဆိုရေး[15] ၌အဂတိလိုက်စားမှု တားဆီးရေး အတွက် လမ်းညွှန်တစ်မျိုးဖြစ်သည်။ ကျင့်ဝတ်ဖြောင့်မှန်မှု ပဋိညာဉ်၏ ထူးခြားသည့် အရည်အသွေး တစ်ရပ်မှာ အန်ဂျီအိုကဲ့သို့သော ပြင်ပမှစောင့်ကြည့်လေ့လာသူများ ပါဝင်ခြင်းဖြစ်သည်။ အန်ဂျီအိုသည် အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၏ လုပ်ကိုင်ဆောင်ရွက်ချက်များကို စောင့်ကြည့်လေ့လာကာ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးသည်။ ဖြစ်ပွားလာသည့် အငြင်းပွားမှုများကို ဖြေရှင်းပေးရန် အများလက်ခံထားသည့် တရားရေး စနစ်တစ်ခုလည်း ရှိသည်။ ထိုတရားရေးဆိုင်ရာ တာဝန်ရှိသူများ[16] ထံသို့ တင်ပြအစီရင်ခံရန် ပဋိညာဉ်အဖွဲ့ဝင်အားလုံးမှ သဘောတူညီ ထားကြသည်။

အကယ်၍ ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ်၏ သတ်မှတ်ထားသော လိုက်နာကျင့်သုံးရမည့် အချက်များကို အဖွဲ့အားလုံးမှ သဘောတူလက်ခံရန် မဖြစ်နိုင်ပါက ကျင့်ဝတ်ဖြောင့်မှန်မှုကြေညာချက်သည် ရွေးချယ်စရာ နောက်တစ်မျိုး ပင်ဖြစ်သည်။ ယင်းကြေညာချက်တွင် စောင့်ကြည့်စစ်ဆေးရေးနှင့် တရားရေးစနစ်များ မပါဝင်သော်လည်း ကျင့်ဝတ်ဖြောင့်မှန်စွာ စီးပွားလုပ်ကိုင်ဆောင်ရွက်ရေးနှင့် အဂတိလိုက်စားမှုရှောင်လျားရေးကို ကတိပြုထားဆဲပင်ဖြစ်သည်။ ထိုကတိကဝတ်ကို ထိန်းချုပ်ချည် နှောင်ထားသည့် တစ်ခုတည်းသောအရာမှာ ပါဝင်သူတို့၏ ကတိပြုချက်သာဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်များ အချင်းချင်းမှ စောင့်ကြည့်ခြင်းမျိုးသည်လည်း ထိန်းချုပ်မှုတစ်မျိုး ဖြစ်နိုင်ပါသေးသည်။ စီးပွားရေး လုပ်ငန်းများကို ကြေညာချက်ပါအတိုင်း လုပ်ကိုင်ဆောင်ရွက်ခိုင်းရန်

---

[15] နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ https://www.transparency.org/whatwedo/tools/integrity_pacts/4/. Accessed 4 October 2016.

[16] ကမ္ဘာ့ဘဏ်အဖွဲ့အစည်း၏ ပေါင်းစည်းလုပ်ဆောင်မှုမှတဆင့် အဂတိလိုက်စားမှုကို ချေမှုန်းတိုက်ဖျက်ရေး- စီးပွားရေးလမ်းညွှန်။ စာမျက်နှာ ၄၅-၄၇

ပိုမိုလွယ်ကူနိုင်ပါသည်။ အကြောင်းမှာ လုပ်ငန်းများသည် ၎င်းတို့ကို စောင့်ကြည့်စစ်ဆေးရန် သဘောတူစရာ မလိုဘဲ တရားရေးအဖွဲ့ထံ တင်ပြ အစီရင်ခံပေးရခြင်းမျိုးလည်း လုပ်စရာမလိုသည့် အတွက်ဖြစ်သည်။ ထိုအကြောင်းချက်များကြောင့် အစိုးရကိုလည်း ပူးပေါင်းပါဝင်လာအောင် စည်းရုံးရန် ပို၍လွယ်ကူနိုင်ပါသည်။ သို့ရာတွင် ယင်းအချက်များကြောင့်ပင် စီမံချက်အတွင်း အဂတိကင်းသည့် အလေ့အကျင့်များခိုင်မာရေးအတွက် လုပ်ငန်းစီစဉ် အကောင်အထည်ဖော်ခြင်းအား အားလျော့စေသည်။

**ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ်ဆိုသည်မှာ အဘယ်နည်း။**

ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ်သည် အများပြည်သူသုံးပစ္စည်းများ ဝယ်ယူရေးစီမံချက်တွင် မျှတ၍ ပွင့်လင်းမြင်သာသည့် လေလံဖြစ်စေရန် အစိုးရကိုယ်စားလှယ်နှင့် ဈေးပြိုင်လေလံဆွဲသူအကြား သဘောတူညီထားသော တရားဝင်စာချုပ်တစ်ခု ဖြစ်သည်။ ပဋိညာဉ်ပါ အဓိကလိုအပ်ချက်များမှာ-

- အစိုးရကိုယ်စားလှယ်နှင့်ဈေးပြိုင်လေလံဆွဲသူများအားလုံးအကြား တရားဝင်စာချုပ်ဖြစ်ပြီး လေလံဆွဲသူများမှ လေလံဆွဲရာတွင် လိမ်လည်လှည့်ဖြားမှု မလုပ်ကြောင်းနှင့် လာဘ်ပေးမှု မပြုကြောင်း ဝန်ခံကတိပြုရသည်။
- လေလံတင်ဒါ မတင်သွင်းမီကတည်းက ပဋိညာဉ်ကို မိတ်ဆက်တင်ပြပေးထားသည်။
- ပဋိညာဉ်၏ စည်းမျဉ်းများမှာ- ပွင့်လင်းမြင်သာမှုရေး၊ မျှတသည့် စီးပွားလုပ်ဆောင်ရေး၊ အဂတိနှင့် လာဘ်ပေးမှု မရှိရေးပင် ဖြစ်သည်။
- ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ်နှင့် ကိုက်ညီမှုရှိမရှိ စောင့်ကြည့်ရန် လွတ်လပ်အမှီခိုကင်း သည့် စောင့်ကြည့်စစ်ဆေးသူတစ်ဦးကို ခန့်အပ်သည်။
- ပဋိညာဉ်ကို ဖောက်ဖျက်ကြောင်းတွေ့ရှိရသည့် လေလံဆွဲသူကို အပြစ်ပေးရသည်။ အပြစ်ပေးရာတွင် လေလံတင်ဒါတင်သွင်းခွင့်ကို နှစ်အတန်ကြာသည်အထိ ပိတ်ပင်ထားခြင်း၊ ဒဏ်ကြေးကောက်ခြင်း များပါဝင်သည်။

ပဋိညာဉ်သည် သက်ဆိုင်သူအားလုံးကို အကျိုးဖြစ်စေသည်။ လေလံဆွဲသည့်ကုမ္ပဏီများအတွက် ပစ္စည်းတင်သွင်းသူအဖြစ်ရွေးချယ်ခံရရန် မျှတသောရွေးချယ်ခံခွင့်ကို အာမခံပေးသည်။ အစိုးရကိုယ်စားလှယ်အတွက်မှ အရည်အသွေးနိမ့်ကျသော ပစ္စည်းတစ်ခုအတွက် ဈေးအဆမတန် ပေးလိုက်ရခြင်းမျိုးကို ရှောင်လွှဲသွားနိုင်ခြင်းကြောင့် အများပြည်သူအတွက်လည်း များစွာအကျိုးဖြစ်စေသည်။

Source: Hills Program on Governance, Anti-Corruption Manual for SMEs, pp. 72-73

**ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ်ကို ကျင့်သုံးခြင်း**

၂၀၀၀ ခုနှစ်၌ ပါကစ္စတန်နိုင်ငံဆိုင်ရာ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်း (TI) သည် မဟာကရာချီ ရေပေးဝေရေးစီမံချက်တွင် ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ်ကို စတင်ကျင့်သုံးခဲ့သည်။ ထိုစီမံချက်ကို ကရာချီ ရေနှင့်မိလ္လာသိမ်းစနစ် ဘုတ်အဖွဲ့မှ တာဝန်ယူအကောင်ထည်ဖော်ခြင်း ဖြစ်သည်။ TI သည် စီမံချက်ဒီဇိုင်း နှင့်ကြိုးကြပ်ခွင့်အတွက် လုပ်ဆောင်သည့် ဈေးပြိုင်လေလံလုပ်ငန်းစဉ်ကို စောင့်ကြည့်စစ်ဆေးခဲ့သည်။ ထို့ပြင် အဆိုပါ စီမံချက်၏ နောက်ကျန်ရှိနေသော ကန်ထရိုက်များအတွက် လုပ်ထုံးလုပ်နည်းများကို အကြံပြုပေးခဲ့သည်။ စီမံချက်သည် မူလခန့်မှန်းထားသည့် စုစုပေါင်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀ သန်းအောက် လျော့နည်း ကုန်ကျခဲ့ပြီး မှန်းထားသည်အချိန် စောလျင်စွာ ပြီးစီးအောင်မြင်ခဲ့သည်။

အရင်းအမြစ်။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့ https://www.transparency.org/whatwedo/tools/integrity_pacts/4/

အကယ်၍ ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ်ကို ကျင့်သုံးခြင်း၏ နောက်ထပ်နမူနာကြည့်လိုပါက အင်ဒိုနီးရှားနိုင်ငံရှိ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့အစည်းသည် ပဋိညာဉ်ကို Solok ခရိုင်၊ အနောက်ဆု မတ်တြား၌ မည်သို့မည်ပုံ အကောင်ထည်ဖော်သည်ကို အောက်တွင်ပေးထားသည့် လင့်ခ်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အများပြည်သူဆိုင်ရာဝယ်ယူမှုတွင် အဂတိလိုက်စားမှုထိန်းချုပ်ရေး လက်စွဲ ၂၀၀၆၊ စာ-၁၂၀-၁၃၀ https://www.transparency.org/whatwedo/publication/handbook_for_curbing_corruption_in_public_procurement

## မြန်မာနိုင်ငံမှ နမူနာတစ်ခု၊ ပြဿနာဖြေရှင်းရေးအတွက် အတူတကွလုပ်ဆောင်ခြင်း

ငွေဆောင်ကမ်းခြေ ဟိုတယ်ပိုင်ရှင်များ အစည်းအရုံးသည် လုပ်ငန်းပြဿနာများဖြေရှင်းရန် အတူပူးပေါင်း လုပ်ဆောင်ကြသည်။ ပြဿနာတစ်ခုမှာ ဧည့်ခံကျွေးမွေးရန်၊ တရားဝင်ပြုလုပ်သည့် အခမ်းအနားများ အတွက် နေရာစီစဉ်ပေးရန်နှင့် ကမ်းခြေသို့ အလည်လာသည့် အစိုးရအရာရှိများအတွက် အခန်း စီစဉ်ပေးရန် မကြာခဏတောင်းဆိုခံရခြင်း ဖြစ်သည်။ အစည်းအရုံးသည် တရားဝင်လာရောက် လည်ပတ်ခြင်းများနှင့် အခမ်းအနားများကို ထောက်ပံ့ပေးချင်သော်လည်း ကုန်ကျစရိတ်များကိုမူ ထိန်းချုပ်ချင်ကြသည်။ ထို့ကြောင့် အဖွဲ့ဝင်များသည် တရားဝင်တောင်းဆိုမှုများကို လုပ်ငန်း တစ်ခုချင်း အနေနှင့် မဟုတ်ဘဲ အစည်းအရုံးအနေဖြင့်သာ လက်ခံတုန့်ပြန်ရန် သဘောတူညီကြသည်။ ယင်းသို့ လုပ်ဆောင်လိုက်ခြင်းသည် အဖွဲ့ဝင်များကို မည်မျှထောက်ပံ့ကျခံသင့်သည်ဆိုသည့် သဘောတူ သတ်မှတ်ချက်တစ်ခု ရရန် လုပ်ဆောင်ခွင့်ပေးသည်။ (ဥပမာ- ညအိပ်တည်းခိုမည့် အစိုးရအရာရှိများ အတွက် Standard room ပေးခြင်း)။ ထို့ပြင် ထည့်ဝင်ထောက်ပံ့ရသည့် စရိတ်များကို အဖွဲ့ဝင်အားလုံးမှ စုပေါင်းကျခံရန် သဘောတူထားကြသည်။ ထို့ကြောင့် တရားဝင်လာရောက် လည်ပတ်ခြင်းများအတွက် တောင်းဆိုချက်အားလုံးကို အစည်းအရုံးသို့ တင်ပြရမည်ဖြစ်ပြီး အစည်းအရုံးမှ တောင်းဆိုချက်တစ်ခုချင်းစီကို မူဝါဒများအတိုင်း ဆန်းစစ်၍ အဖွဲ့ဝင်ကိုယ်စား တုန့်ပြန်ဆောင်ရွက်ပေးမည် ဖြစ်သည်။
*အရင်းအမြစ် အင်တာဗျူး၊ အောက်တိုဘာ ၂၀၁၆*

## ၅။ အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်း- မည်သည့်အခန်းကဏ္ဍကို တာဝန်ယူ လုပ်ဆောင်နိုင်သနည်း။

စီးပွားလုပ်ငန်းများသည် ၎င်းတို့၏ စည်းမျဉ်းများ၊ အလေ့အကျင့်များကို ပြောင်းလဲရေးအတွက် ၎င်းတို့ကိုယ်တိုင် လုပ်နိုင်သည့်အရာ အများအပြားရှိသည်။ စီးပွားလုပ်ငန်းနယ်ပယ်အတွင်း အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ပေါ်လာရေးနှင့် လုပ်ငန်းစီမံခန့်ခွဲမှုတွင် အခရာကျသည့် ဥပဒေများ၊ စည်းမျဉ်းများ၏ အားနည်းချက်များကို ရှာဖွေဖော်ထုတ်ရေးအတွက်လည်း အတူတကွ စုပေါင်းလုပ်ဆောင်နိုင်ကြသည်။ သို့ရာတွင် ကျင့်ဝတ်ဖြောင့်မှန်မှုကို အားမပေးသည့် ပတ်ဝန်းကျင်တွင် အလေ့အကျင့်ကောင်းများ အကောင်ထည်ဖော်ကျင့်သုံးရေးမှာ အလွန်ခက်ခဲသည်။ ထို့ကြောင့် စီးပွားလုပ်ငန်းများသည် အဂတိလိုက်စားမှုကို ဆန့်ကျင်ရန်နှင့် ကျင့်ဝတ်ဖြောင့်မှန်စွာ စီးပွားလုပ်ကိုင်ရန် ကြိုးပမ်းအားထုတ်ရာတွင် မိတ်ဖက်များလိုအပ်သည်။

## ၅.၁။ အစိုးရ- စီးပွားလုပ်ငန်းများ အဂတိကင်းရေးကြိုးပမ်းအားထုတ်မှုတွင် အရေးပါသော မိတ်ဖက်

အစိုးရသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သည်။ ရှုပ်ထွေးသည့် စည်းမျဉ်းစည်းကမ်းများ၊ ညံ့ဖျင်းသည့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ၊ ဥပဒေတင်းကြပ်မှု လျော့လျဲခြင်း၊ အစိုးရအရာရှိများ၏ စည်းကမ်းပျက်မှု စသည်တို့အားလုံးသည် အဂတိလိုက်စားမှုကို ဖြစ်စေခြင်းဖြစ်သည်။ ယင်းတို့အားလုံးသည် အစိုးရ၏ တာဝန်ယူလုပ်ကိုင်ရသည့် နယ်ပယ်များအတွင်း ရှိနေကြခြင်းပင် ဖြစ်သည်။ အစိုးရမှ တာဝန်ယူ လုပ်ကိုင်ဆောင်ရွက် ပေးရမည့် အရာများပြားစွာရှိသော်လည်း ထိုသို့လုပ်ဆောင်ပေးရန်လိုအပ်သည့် အရင်းမြစ်နည်းပါးမှုမှာလည်း ငြင်းမရသည့် အမှန်တရားပင်ဖြစ်သည်။ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်း၊ အစိုးရဝန်ထမ်းများအား လစာတိုးမြှင့်ပေးခြင်းသည် လာဘ်ပေးမှုပြဿနာကို လျော့ပါးစေနိုင်မည် ဖြစ်သော်လည်း အချိန်ယူလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်နေနိုင်သည်။ အဂတိလိုက်စားမှုတွင် ပါဝင်နေသည်ဟု တွေ့ရှိရသည့် အရာရှိများကို တရားရုံး၌ တရားစွဲဆိုကာ သင့်လျော်သည့်အပြစ်ပေးမှုများရှိစေရန်လိုအပ်သည်။ တရားရုံးမှ ထိထိရောက်ရောက်နှင့် တရားမျှတမှုရှိစွာ စီရင်ပေးခြင်းသည် အဓိကကျသည့် လုပ်ငန်းစဉ်လည်း ဖြစ်သည်။ အဆိုပါနယ်ပယ်များတွင်ပြောင်းလဲတိုးတက်လာမှု သည်အခြားသော ပြုပြင်ပြောင်းလဲမှုကြီးများနှင့်အတူ မြန်မာနိုင်ငံ စီးပွားရေး ပတ်ဝန်းကျင်ကို တိုးတက်စေရေးအတွက် အရေးကြီးသည်။

ပြုပြင်ပြောင်းလဲမှုကြီးများ ရှေ့ဆက်ဖြစ်ပေါ်နေစဉ်၌ စီးပွားလုပ်ငန်းများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ကျင့်ဝတ်ဖြောင့်မှန်စွာ စီးပွားလုပ်ကိုင်ရေး ကြိုးပမ်းအားထုတ်မှုများကို ကူညီထောက်ပံ့ရန်အတွက် အစိုးရအနေနှင့် လက်ဆုပ်လက်ကိုင်ပြနိုင်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ပါသည်။

### ၅.၁.၁။ ပြုပြင်ပြောင်းလဲမှုအတွက် ရှင်းလင်းသည့် ဦးစားပေးမှုများ ထားရှိခြင်းနှင့် တာဝန်ခံမှုအပြည့်ရှိသည့် ခေါင်းဆောင်မှု

အဂတိလိုက်စားမှုကို ဆန့်ကျင်ကာ ကျင့်ဝတ်ဖြောင့်မှန်စွာ စီးပွားလုပ်ကိုင်လိုသည့် စီးပွားလုပ်ငန်းများအဖို့ ၎င်းတို့တွင် ခိုင်မာသည့် လုပ်ငန်းတွဲဖက်ရထားကြောင်း သိရခြင်းကပင် များစွာအကျိုးရှိစေပါသည်။ အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုင်ရာ၊ ကျင့်ဝတ်ညီစွာလုပ်ကိုင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသည် ကြီးမားသည့် တာဝန်ယူဆောင်ရွက်ရခြင်းမျိုး ဖြစ်သဖြင့် အရာအားလုံးကို ချက်ချင်းပြောင်းလဲသွားအောင် လုပ်ဆောင်ပေးနိုင်မည် မဟုတ်ပေ။ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အတွင်း မည်သည့်ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင်သွားမည်ဆိုသည့် လမ်းပြမြေပုံရှိထားရန် အရေးကြီးသကဲ့သို့ ထိုပန်းတိုင်တစ်ခုချင်းဆီ သို့ရောက်ရေးအတွက် မည်သူမှ တာဝန်ယူ လုပ်ဆောင်ပေး

မည်ဆိုသည်ကိုလည်း သိရန်အရေးကြီးသည်။ အဂတိလိုက်စားမှုဆန့်ကျင်ရေးကော်မရှင်[17] (သို့) အခြားအာဏာပိုင်အဖွဲ့ကို ဤလုပ်ငန်းစဉ်ကို ဦးဆောင်ရန်နှင့် တိုးတက်မှုကို စောင့်ကြည့်လေ့လာရန် ဖွဲ့စည်းထူထောင်သည်။ တစ်ခါတစ်ရံ၌ ယင်းလုပ်ငန်းစဉ်ကို အမျိုးသား အဂတိလိုက်စားမှုဆန့်ကျင်ရေးမဟာဗျူဟာ[18] ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်ထည်ဖော်စဉ် တစ်ပါတည်းလုပ်ဆောင်တတ်သည်။ အဂတိလိုက်စားမှု ပြဿနာများကို စုံစမ်းစစ်ဆေးရခြင်းကဲ့သို့သော တာဝန်များလုပ်ဆောင်ရခြင်းကြောင့် ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်၌ ကော်မရှင်အနေနှင့် တာဝန်ယူလုပ်ဆောင်ရန် မလိုအပ်ပေ။ သို့သော် ကော်မရှင်ကိုယ်စား စီစဉ်ဆောင်ရွက်ခြင်း နှင့်စောင့်ကြည့်စစ်ဆေးခြင်းကို တာဝန်ခံလုပ်ကိုင်ပေးမည့် တစ်စုံတစ်ယောက်ကိုကား လိုအပ်လိမ့် မည်။

### ၅.၁.၂။ စည်းမျဉ်းစည်းကမ်းများကို လွယ်ကူရှင်းလင်းစေခြင်း

ဤလမ်းညွှန်မှ အကြံပြုသည်မှာ စီးပွားလုပ်ငန်းများသည် စည်းမျဉ်းများကိုလိုက်နာသင့်ပြီး မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်ရန်ပြင်ဆင်ထားသင့်သည်။ သို့ရာတွင် စည်းမျဉ်းများသည် အလွန်ရှုပ်ထွေး ခက်ခဲနေပါက ထိုသို့လုပ်ဆောင်ရန် မလွယ်ကူတော့ပေ။ အစိုးရများအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်မှာ လိုင်စင်များရရှိရန်နှင့် ပြည်သူ့ဝန်ဆောင်မှုများ ရယူရန်အတွက် ရှင်းလင်းတိကျသည့် လုပ်ငန်းစဉ်များ ချမှတ်ထားရေးဖြစ်သည်။ အများပြည်သူဝန်ဆောင်မှုများဟုဆိုရာ၌ လျှပ်စစ်နှင့် ဆက်သွယ်ရေးဖုန်းလိုင်း၊ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆောက်အဦး (သို့) မြေအသုံးပြုခွင့် ပါမစ်ရရေး စသည်တို့ဖြစ်ပြီး စီးပွားလုပ်ငန်းများသည် ဥပဒေနှင့်အညီ လုပ်ငန်းလုပ်ကိုင်ရန်အတွက် အစိုးရမှချမှတ်ထား သည့် လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရသည်။

လုပ်ငန်းစဉ်အညွှန်းသည် လုပ်ငန်းတစ်စုံတစ်ခုကို ပြီးမြောက်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်အားလုံး နှင့် ကြုံတွေ့ရနိုင်သည့် ပြဿနာများကို ဖော်ပြပေးသည့်အတွက် ထိရောက်အသုံးဝင်သော လမ်းညွှန်တစ်ခု ဖြစ်သည်။ ထိုအညွှန်းသည် အချို့သောလုပ်ငန်းဆောင်တာများ၏ ရှုပ်ထွေးခက်ခဲပုံကို အသားပေးဖော် ပြပေးသည့်အပြင် လုပ်ငန်းတစ်ခု၌ ကျင့်သုံးနေသည့် ဥပဒေအမျိုးမျိုးအကြား ကွာဟချက်များနှင့် ဆန့်ကျင်ကွဲပြားချက်များရှိနေသော နေရာများကိုလည်း ဖော်ပြပေးသည်။ ဤဆန်းစစ်လေ့လာချက်သည် အပြောင်းအလဲများကို အကြံပြုပေးရေးအတွက် အခြေခံ ကျသည်။

မြန်မာစီးပွားရေးဖိုရမ်[19] သည် ကျေးလက်နှင့်မြို့ပြမြေယာအသုံးချမှု၊ အခွန်၊ အကောက်ခွန်လုပ်ငန်း အပါ အဝင် အရေးကြီးသည့် လုပ်ငန်းစဉ်များစွာအတွက် အညွှန်းထုတ်ပေးခြင်းကို လုပ်ဆောင်ထားပြီး ဖြစ်သည်။ လုပ်ငန်းစဉ် အညွှန်းထုတ်ခြင်းသည် လုပ်ငန်းဆောင်တာများလုပ်ကိုင်ရာတွင် လွယ်ကူရှင်းလင်းစေရေး အတွက် ပထမအဆင့်လုပ်ငန်းစဉ်ပင် ဖြစ်သည်။ အဆိုပါပြောင်းလဲမှုများကြောင့် နိုင်ငံတစ်နိုင်ငံတွင် စီးပွား လုပ်ကိုင်ရန် မည်မျှလွယ်ကူသည်ဆိုသည့်အချက်နှင့် ရင်းနှီးမြှုပ်နှံသူများကို မည်မျှဆွဲဆောင် ပေးနိုင်သည်ဆို သည့်အချက်များ အပေါ်


[17] အတွေ့အကြုံများအရ ကမ္ဘာပေါ်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်များသည် အမြဲတမ်း ထိရောက်မှုမရှိသည်ကို တွေ့ရှိရသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းကော်မရှင်များသည် အရင်းအမြစ်ရှိနိုင်မှု အားနည်းခြင်း၊ အမှီအခိုကင်းမှု မရှိခြင်း၊ လုပ်ပိုင်ခွင့်များလွန်းခြင်း (သို့) လုပ်ပိုင်ခွင့် မရှင်းလင်းခြင်း၊ အစိုးရပိုင်းဆီမှ ပံ့ပိုးကူညီမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။ လက်တွေ့အသုံးဝင်သော အလေ့အကျင့်ကောင်းများကို သုံးသပ်မှုတစ်ခုမှာ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်များအတွက် အကောင်းဆုံး လုပ်ထုံးများ (၂၀၁၃) ဖြစ်သည်။ ၄င်းကို http://www.transparency.org/files/content/corruptionqas/Best_practices_for_anti-corruption_commissions_2.pdf တွင် ရယူနိုင်သည်။

[18] အာရှပစိဖိတ်ဒေသအတွင်းရှိ အမျိုးသားအဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာများ၏ အားသာချက်အားနည်းချက် လမ်းညွှန်မှာ UNDP၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မဟာဗျူဟာများ- မည်သည့်အရာက အလုပ်ဖြစ်သည် မဖြစ်သည်နှင့် အဘယ်ကြောင့် အလုပ်ဖြစ်သည် မဖြစ်သည်ကို သိနားလည်ခြင်း အာရှပစိဖိတ်ဒေသအတွင်းမှ သင်ယူစရာ သင်ခန်းစာများ (၂၀၁၄)စာအုပ်ဖြစ်သည်။ ၄င်းကို http://www.asiapacific.undp.org/content/rbap/en/home/library/democratic_governance/anti-corruption-strategies/ တွင် ရယူနိုင်သည်။

[19] MBF သည် မြန်မာအစိုးရနှင့် UMFCCI တို့၏ကြား စပ်တူလုပ်ငန်း တစ်ခုဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေး ရှင်းမှ ထောက်ပံ့ထားသည်။ MBF သည် မြန်မာအစိုးရနှင့် စီးပွားရေးအသိုင်းအဝိုင်းကြား ပုံမှန်ထိရောက်မှုရှိသည့် တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်စေရန် ဖန်တီးပေးသည်။

သိသာထင်ရှားစွာ သက်ရောက်မှုရှိသည်။ စီးပွားလုပ်ငန်းသစ်တစ်ခု စတင်ခြင်းလုပ်ငန်းရပ်အတွက် ၂၀၁၆ခုနှစ် ကမ္ဘာလုံးဆိုင်ရာ စီးပွားလုပ်ဆောင်ရန်လွယ်ကူမှု အဆင့်များကို သတ်မှတ်ရာတွင် မြန်မာနိုင်ငံသည် အဆင့်တိုးတက်ရန် လုပ်ဆောင်နိုင်ခဲ့သည်။ ဥပမာ- ဒေသတွင်း ကုမ္ပဏီများအတွက် အနည်းဆုံးထားရှိရမည့် မတည်ရင်းနှီးငွေ လိုအပ်ချက်ကို ဖယ်ရှားပေးခြင်း၊ ထိရောက်အသုံးတည့်သည့် လုပ်ငန်းလုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်စရာ များစွာရှိသေးသော်လည်း အဆိုပါလုပ်ဆောင်ချက်များသည် အရေးပါ သည့် လုပ်ငန်းစဉ်များပင်ဖြစ်သည်။

**ပုံ (၁) ။ စီးပွားလုပ်ဆောင်ရန်လွယ်ကူမှု အဆင့်များတွင် မြန်မာနိုင်ငံ၏ရပ်တည်မှုအဆင့်**





Source: World Bank, Doing Business 2016 Economy Profile Myanmar, p. 19

### ၅.၁.၃။ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းစေရန်နှင့် လွယ်ကူလက်လှမ်းမီစေရန် လုပ်ဆောင်ခြင်း

တစ်ခါတစ်ရံတွင် ပြဿနာဖြစ်ရခြင်းသည် လုပ်ငန်းစဉ်များ ရှုပ်ထွေးခက်ခဲခြင်းကြောင့်ဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်များ ကို ကောင်းစွာ သိရှိထားခြင်း မရှိသောကြောင့်လည်း ဖြစ်သည်။ ဥပဒေများသည်လည်း ခေတ်နှင့်လျော်ညီမှုမရှိဘဲ ဥပဒေအမျိုးမျိုးအကြား ဆန့်ကျင်ကွဲပြားချက်များရှိနိုင်ပါသည်။ တစ်ခါတစ်ရံ၌ ထိုဥပဒေများ မရှိခြင်းလည်း ဖြစ်နိုင်ပါသေးသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကို စတင်ဖွင့်ပေးနေသည့် နိုင်ငံအများအပြားတွင် အရေးပါသော လုပ်ငန်း စဉ်တစ်ခုမှာ ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအတွက် ဥပဒေများအား လက်လှမ်းမီအောင် လုပ်ဆောင်ပေးထားခြင်း ဖြစ်သည်။ လက်ရှိ ရှိနေသည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၏ PDF ဖိုင်များကို စာရင်းပြုကာ ဝက်ဆိုဒ်တစ်ခု ဖန်တီး လွှင့်တင်ခြင်းသည် အခြေခံအကျဆုံး နည်းလမ်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ပြီးပါက ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို ဘာသာပြန်ထား၍ ယင်းဘာသာပြန်များကို အများရှာဖွေအသုံးပြုရန် လွယ်ကူသော ပုံစံများအဖြစ် ထားရှိပါ (ဥပမာ- PDF အစား Word Document)။ ယင်းသည် ကုမ္ပဏီများမှ ဥပဒေနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ရန် ၎င်းတို့လိုအပ်သော သတင်းအချက်လက်များ ရှာဖွေရာတွင် အထောက်အကူဖြစ်စေသည်။

စီးပွားရေးလုပ်ငန်းများသည် လိုအပ်သည့် ခွင့်ပြုချက်လုပ်ငန်းစဉ်များကို လုပ်ဆောင်ရာတွင် ဥပဒေနှင့်အညီ လုပ်ဆောင်နိုင်ရန် အစိုးရကိုယ်စားလှယ်များမှ လွယ်ကူရိုးရှင်းသည့် လမ်းညွှန်အကျဉ်းချုပ်ကို စီးပွားရေးလုပ်ငန်းများအား ပေး၍ကူညီပေးနိုင်သည်။ ဥပမာကောင်းတစ်ခုမှာ- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ဝေထားသည့် စီးပွားလုပ်ငန်းများမှတ်ပုံတင်ရေးဆိုင်ရာ ရှင်းလင်းလွယ်ကူသည့် လမ်းညွှန်ဖြစ်သည်။ ထို့ပြင် အေဂျင်စီကို လာရောက်သည့်သူများအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များ အတိုင်း လိုက်နာဆောင်ရွက်ရန် လွယ်ကူအဆင်ပြေအောင် လုပ်ဆောင်ထားပေးသည်။

ပုံ (၂) မြန်မာနိုင်ငံ၌ တရားဝင်လုပ်ငန်းဆောင်ရွက်ရန် ရှင်းလင်းလွယ်ကူသည့် လမ်းညွှန် (ပထမစာမျက်နှာ)




Source: Myanmar Directorate of Investment and Company Administration, How To Register Your Company in Myanmar 2016. http://www.dica.gov.mm/sites/dica.gov.mm/files/uploads/pdf/how_to_register_eng.pdf

## ၅.၁.၄။ လုပ်ငန်းစဉ်အခြေခံများကို ထုတ်ပြန်ကြေညာပေးထားခြင်း

ဥပဒေအားလုံးကို လွယ်ကူရှင်းလင်း၍ ခေတ်နှင့်လျော်ညီအောင်ပြင်ဆင်ထုတ်ဝေခြင်း မပြုမီကပင် အေဂျင်စီသည် လုပ်ငန်းကိစ္စရပ်အချို့ကို အလွန်ရှင်းလင်းလွယ်ကူသွားအောင် လုပ်ဆောင်ပေးနိုင်ပါသည်။ ရုံးတိုင်းတွင် အဆိုပါရုံးများမှပေးအပ်သည့် ဝန်ဆောင်မှုများအတွက် တရားဝင်မည်မျှကောက်ခံကြောင်းနှင့် လုပ်ငန်းစဉ်တစ်ခုချင်းစီ (ပါမစ်၊ လိုင်စင်၊ ခွင့်ပြုချက် စသည်ဖြင့်) အတွက် မည်မျှအချိန်ကြာမြင့်နိုင်ကြောင်း အသေးစိတ်ဖော်ပြ ထားသည့် ကြော်ငြာဆိုင်းဘုတ်များ ချိတ်ဆွဲထားပေးနိုင်သည်။ ဤနည်းဖြင့် လုပ်ငန်းဆိုင်ရာ ဗဟုသုတ များပေးနိုင်သည့်အပြင် ဝန်ဆောင်မှုဝယ်ယူသူများကို လုပ်ငန်းစဉ်များအား အမှန်တကယ်သိရှိနားလည်သွားစေသည်။ ဝက်ဆိုဒ်များ၊ သတင်းစာကြော်ငြာများ၊ လမ်းဘေးဆိုင်းဘုတ်များကိုသုံးကာ ဝန်ဆောင်မှုအတွက်ပေးရမည့် အခကြေးငွေများ၊ ကြာမြင့်ချိန်၊ လိုအပ်သည့် စာရွက်စာတမ်းများ (သို့) ကြိုတင်ရယူထားရမည့် ခွင့်ပြုချက်များ စသည်တို့နှင့်ပတ်သက်ပြီး ဝန်ဆောင်မှုဝယ်ယူရန် အလားလာရှိသူများကို အသိပေးအကြောင်းကြားနိုင်သည်။

### ၅.၁.၅။ အဂတိလိုက်စားမှုဆန့်ကျင်ရေး အစီအစဉ်များကို အများပြည်သူများအား ဝန်ဆောင်မှုပေးသည့် အေဂျင်စီများတွင် အကောင်ထည်ဖော်လုပ်ဆောင်ခြင်း

အများပြည်သူများအား ဝန်ဆောင်မှုပေးသည့် အေဂျင်စီများ သည် ဤလမ်းညွှန်၌ပါရှိသည့် အစပျိုးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို အကောင်ထည်ဖော်သင့်သည်။ စီးပွားလုပ်ငန်း အတွင်း ပြည်သူ့ရေးရာမန်နေဂျာများသည် ရှင်းလင်းသည့် မူဝါဒများချမှတ်ထားရန် လိုအပ်သည်။ ဝန်ထမ်းများအား အသိပညာပေး၍ နားမလည်သည်များကို မေးမြန်းနိုင်ရန် အခွင့်အလမ်း ပေးရသည်။ ထို့ပြင် အဂတိလိုက်စားမှုကို အစီရင်ခံတင်ပြရေးစနစ်ကို တည်ထောင်၍ ဥပဒေများ ပြဌာန်းကာတိုးတက်မှုများကို စောင့်ကြည့် လေ့လာရသည်။ ရာထူးကြီးအရာထမ်းများသည် စည်းမျဉ်းစည်းကမ်း များကို မသွေမတိမ်းလိုက်နာခြင်းဖြင့် ၎င်းတို့ကိုယ်ကို အခြားသော ဝန်ထမ်းများအတွက် စံပြသဖွယ်ဖြစ်စေရန် ပြုမူနေထိုင်သင့်သည်။



ရန်ကုန်မြို့ရှိ DICA ရုံးတွင် လမ်းညွှန်ချက်များကို ကပ်ထားသည်။

### ၅.၁.၆။ ဝန်ဆောင်မှုရယူသူများထံမှ သဘောထားတုန့်ပြန်ချက် ကောက်ယူခြင်း

သဘောထားတုန့်ပြန်ချက်ကို ရိုးရှင်းသော စာရွက်ဖောင်ပုံစံ၊ စမတ်ဖုန်း အပ်ပလီကေးရှင်း (သို့) ပုံမှန် ဝယ်သူသူ စစ်တမ်းများမှတဆင့် ကောက်ခံရယူနိုင်သည်။ ဝယ်ယူသူများထံမှ သဘောထား တုန့်ပြန်ချက်သည် ပြဿနာ ဖြစ်နေသည့် နေရာများကို ဆန်းစစ်ဖော်ထုတ်ခြင်းနှင့် တိုးတက်မှုများကို အကဲဖြတ်ခြင်းများအတွက် အလွန်အရေးပါ သည်။ ဝယ်ယူသူများအတွက် သဘောထားတုန့်ပြန်ချက် ကောင်တာကို ရုံးပြင်ပ၌ ထားရှိရန် NGO (သို့) စီးပွားရေး လုပ်ငန်းများအစည်းအရုံး တို့နှင့် အတူပူးပေါင်းကာ လုပ်ဆောင်နိုင်ပါသည်။ အဓိကအချက်မှာ သဘောထား တုန့်ပြန်ချက်စနစ်ကို လွယ်ကူစွာ အသုံးပြုနိုင်ကြရန်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အေဂျင်စီ၏ လုပ်ဆောင်မှုများ ပိုမိုတိုးတက်စေရန် မည်သည့်အချက်အလက်များကို အလိုအပ်ဆုံးဖြစ်ကြောင်း စဉ်းစားရသည်။

### အများပြည်သူများအား ဝန်ဆောင်မှုပေးသည့် အေဂျင်စီများတွင် သဘောထားတုန့်ပြန်ချက် ကောက်ယူခြင်း

အဂတိလိုက်စားမှုဆန့်ကျင်ရေး အစီအစဉ်ကြီး၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ၎င်း၏ အဂတိလိုက်စားမှုဆန့်ကျင်ရေး အစီအစဉ်တိုးတက်မှုကို ဆန်းစစ်ရန် ဝယ်ယူသူများထံမှ သဘောထားတုန့်ပြန်ချက်များကို စတင်ကောက်ခံလျက်ရှိသည်။ ညွှန်ကြားမှုဦးစီးဌာန၏ စီမံခန့်ခွဲရေးအဖွဲ့သည် ပြဿနာဖြစ်နေသည့် နေရာများအား ဆန်းစစ်ဖော်ထုတ်ရန်နှင့် ထိုပြဿနာများကို ဖြေရှင်းသည့် နည်းလမ်းများ ရှာဖွေရန်အတွက် ထိုသဘောထား တုန့်ပြန်ချက်များကို အသုံးပြုမည်ဖြစ်သည်။ သို့ရာတွင် ကောက်ယူထားသည့် သတင်းအချက်အလက်များ၏ ရလာဒ်များကိုမူ ထုတ်ပြန်ပေးမည် မဟုတ်ပေ။

**Evaluation Form**

You are requested to evaluate the Directorate of Investment and Company Administration (Tick (Â) in relevant column)

| No. | Evaluation | Good | Fair | Bad | Remark |
|---|---|---|---|---|---|
| 1 | Treatment of staff | | | | |
| 2 | Staff's service on your business | | | | |
| 3 | Tidiness of the office | | | | |
| 4 | Smooth completion of work | | | | |
| 5 | Overall finding | | | | |
| The name and division of staff whose performance is dissatisfied | | | | | |
| The name and division of staff whose performance is satisfied | | | | | |
| **Other Suggestions** | | | | | |
| | | | | | |
| | | | | | |
| | | | | | |

## ၅.၁.၇။ မိမိကိုယ်ကို ဆန်းစစ်သုံးသပ်မှုကို လုပ်ဆောင်ခြင်း

လူ့အဖွဲ့အစည်းအတွင်းရှိ အဂတိလိုက်စားမှုသည် မြောက်မြားလှသော အကြောင်းအချက်များကို အခြေခံကာ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ညံ့ဖျင်းသည့် အုပ်ချုပ်ရေးစွမ်းရည်၊ အားနည်းသည့် တရားရေးမှုဘောင်များ၊ အလုပ်မဖြစ်သည့် အင်စတီကျူးရှင်းများ၊ ကျင့်ဝတ်မညီသော ခေါင်းဆောင်မှု၊ ပြင်ပလွှမ်းမိုးမှုဆိုးများ၊ လူတို့၏လောဘ၊ "ဘာမှပြောင်းလဲလာ လိမ့်မည်မဟုတ်" ဆိုသည့် အတွေးအမြင်များ စသည့်တို့သည် အဂတိလိုက်စားမှုဖြစ်စေသည့် အကြောင်းအချက်များ ဖြစ်ကြသည်။ အဂတိလိုက်စားမှုဖြစ်စေသည့် အကြောင်းအချက်များကို နားလည်ခြင်းသည် ထိုပြဿနာကို မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းရန် စီစဉ်ဆောင်ရွက်ရေးအတွက် ပထမအဆင့်လုပ်ငန်းပင်ဖြစ်သည်။ အစိုးရ၌ အဂတိလိုက်စားမှုကို ကိုင်တွယ်ဖြေရှင်းမှုအစီအစဉ်တစ်ခု ရှိထားခြင်းကြောင့် ထိုပြဿနာအား ဖြေရှင်းရန် ကြိုးပမ်းနေကြသည့် စီးပွားလုပ်ငန်းများအတွက် အစိုးရများသည် လုပ်ငန်းတွဲဖက်ကောင်းတစ်ဦး ဖြစ်သည်။ (အောက်တွင် ကြည့်ပါ)

ယင်းသို့သော ဆန်းစစ်သုံးသပ်မှုကို လုပ်ဆောင်ခြင်းအတွက် အသုံးပြုရမည့်အရာများတွင် အဂတိ လိုက်စားမှု ဆန့်ကျင်ရေး ကုလသမဂ္ဂညီလာခံ (UNCAC) ၏ ကွာဟမှုဆန်းစစ်မှုများ[20]၊ အမျိုးသား ကျင့်ဝတ်ဖြောင့်မှန်ရေး စနစ်များဆိုင်ရာ လေ့လာချက်များ[21] စသည်တို့ပါဝင်သည်။ ကောင်းမွန်သည့် ဆန်းစစ်သုံးသပ်ချက်တစ်ခု၏ အရေးကြီးဆုံး အရည်အသွေးမှာ နိုင်ငံတစ်နိုင်ငံ၏ တရားရေးဆိုင်ရာနှင့် အင်စတီကျူးရှင်းဆိုင်ရာ မူဘောင်၌ ပျောက်ပျက်နေသည့် အရာများနှင့် အားနည်းနေ သည့်အရာများကို သတ်မှတ်ဖော်ထုတ်ရန်ပင် ဖြစ်သည်။ ထို့ပြင်မည်သည့်အတွက်ကြောင့် ထိုသို့အားနည်း၊ ပျောက်ပျက်ခြင်း ဖြစ်ကြောင်းကိုလည်း ဖော်ထုတ်ပေးရမည်။ တစ်ခါတစ်ရံတွင် အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု စဦးလုပ်ငန်းစဉ်များသည် မအောင်မမြင် ဖြစ်တတ်သည်။ အကြောင်းမှာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြောင်းလဲခြင်း (သို့) အေဂျင်စီအသစ်တစ်ခု ထူထောင်ခြင်းသည် အဓိကကျသည့် ဦးတည်ချက်ဖြစ်သည်ဆိုသည့် အယူအဆမှားအပေါ် အခြေခံကာ လုပ်ဆောင်နေကြသောကြောင့် ဖြစ်သည်။ တကယ့်လက်တွေ့တွင် အဆိုပါလုပ်ငန်းစဉ်များသည် ဤလုပ်ငန်းအစီအစဉ်ကြီးတစ်ခုလုံး၏ အစဦးအဆင့်သာ ဖြစ်ချေသည်။ ပြုပြင်ပြောင်းလဲမှုကို အကောင်ထည်ဖော်လုပ်ဆောင်ခြင်းသည် ပိုမိုကြီးမားသည့် စိန်ခေါ်မှု တစ်ခုဖြစ်သည်။ ထိုစိန်ခေါ်မှု သည်လည်း အချင်းချင်းဆက်နွယ်မှုရှိနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အပြောင်းအလဲများကြောင့် ဖြစ်လာရသည်။ အဆိုပါကိစ္စရပ်များကို ပထမဦးစွာ သတိထား စောင့်ကြည့်ခြင်းသည် ရှေ့ဆက်ရမည့်လမ်းကြောင်းကို မှန်းဆရာ၌ အကူအညီပေးမည် ဖြစ်သည်။

## ၅.၂။ အရပ်ဘက်အဖွဲ့အစည်း- သတင်းအချက်အလက်များ၏ အရေးပါသော အခန်းကဏ္ဍ

အရပ်ဘက်အဖွဲ့အစည်းသည် စီးပွားလုပ်ငန်းများ၏ ကျင့်ဝတ်ဖြောင့်မှန်ရေး၊ အဂတိလိုက်စားမှုဆန့်ကျင်ရေး ကြိုးပမ်းမှုများတွင် အရေးပါသည့်နည်းလမ်းများစွာကို ကူညီပံ့ပိုးပေးနိုင်သည်။ ကျင့်ဝတ်ဖြောင့်မှန်မှုဆိုင်ရာ ပဋိညာဉ် စောင့်ကြည့်လေ့လာရေးတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ဆွေးနွေးထားပြီး ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုက်အဝန်း ကာကွယ်ရေးလုပ်ငန်း၌ အလေ့အကျင့်ကောင်း များ ဖြစ်လာစေရေး အတွက် အရပ်ဘက်အဖွဲ့အစည်းများသည် လှုံ့ဆော်စည်းရုံးသူများနှင့် စောင့်ကြည့် စစ်ဆေးသူများ အဖြစ်လည်း ဆောင်ရွက်ပေးသည်။ မူဝါဒပြုပြင်ပြောင်းလဲမှုများသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ကျင့်ဝတ်ဖြောင့်မှန်မှုတိုး တက်စေရေး လုပ်ငန်းစဉ်အား အကူအညီဖြစ်စေသည်။ အရပ်ဘက်အဖွဲ့အစည်းများသည် အဆိုပါ မူဝါဒပြုပြင် ပြောင်းလဲမှုများအတွက် အလွန်အရေးပါသည့် လှုံ့ဆော်စည်းရုံးသူများလည်း ဖြစ်သည်။ မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့ အစည်းများသည် အစိုးရနှင့် စီးပွားလုပ်ငန်းများ၏ အကျိုးစီးပွားများအတွက် တတိယအဖွဲ့အစည်းအဖြစ် လုပ်ကိုင် ဆောင်ရွက်ပေးသည်။ ဥပမာ- တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေး ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)[22]

နယ်ပယ်နစ်ရပ်- အဂတိလိုက်စားမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကြောင်းအရာများအား လူထုအသိပညာပေးမှု မြှင့်တင်ရေး နှင့် အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် စနစ်ကျသည့် သတင်းအချက်အလက်များ ဖန်တီးရေး စသည့် နယ်ပယ်များတွင် ဒေသဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ၏ ရပ်တည်မှုသည် အလွန်အရေးပါ အဖိုးတန်သည်။ မြန်မာနိုင်ငံတွင် ၎င်းအဖွဲ့အစည်းများသည် နယ်ပယ် နစ်ရပ်လုံးတွင် အထောက်အပံ့ပေးနိုင်သည်။ ဤအပိုင်း၌

[20] အခြေခံနည်းလမ်းတစ်ခုမှာ တရားဝင်ဖြစ်သည့် UNCAC၏ သုံးသပ်စစ်ဆေးမှုစနစ်၏ အပိုင်းတစ်ပိုင်းဖြစ်ပြီး UNCAC ၏ ကိုယ်တိုင်ပြန်လည်သုံးသပ်မှုဆိုင်ရာ စစ်ဆေးမှုဇယားပင်ဖြစ်သည်။ (http://www.unodc.org/unodc/en/treaties/CAC/self-assessment.html) ပြန်လည်ပြုပြင်ရေး အစီအစဉ်၏ အလုပ်ဖြစ်မှု၊အကောင်အထည်ဖော်မှုကို စစ်ဆေးသော ကျယ်ပြန့်သော လုပ်နည်းကိုင်နည်းတစ်ခုကို UNDP ၏ လမ်းညွှန်မှတ်စု UNCAC ၏ ကိုယ်တိုင်ပြန်လည်သုံးသပ်မှု၊ အနိမ့်ဆုံးကို ကျော်လွန်၍ (၂၀၁၀)
http://contentext.undp.org/aplaws_publications/3080500/UNCAC_Self_Assessment_Guidance_Note.pdf

[21] NIS လေ့လာမှုများကို NGOများ ၊သုတေသနအဖွဲ့စည်းများက မကြာခဏလုပ်ဆောင်ကြသည်။
http://www.transparency.org/whatwedo/nis/

[22] http://www.myanmareiti.org/ တွင်ကြည့်ပါ။

အကြံပြုချက်အချို့နှင့် ၎င်းအဖွဲ့အစည်းများ တာဝန်ယူလုပ်ဆောင်နိုင်သည့် လုပ်ရှားမှုဥပမာများ (မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများမှ) ကို ဖော်ပြထား သည်။

**အရေးကြီးသောအချက်။** နိုင်ငံတစ်နိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ တိုးတက်ဖြစ်ပေါ်ရေး၌ အရပ်ဘက်အဖွဲ့အစည်းများမှ ကူညီလုပ်ဆောင်ပေးနိုင်သော နည်းလမ်းများ များစွာရှိပါသည်။ ဤလမ်းညွှန်တွင်မူ နည်းလမ်းအနည်းငယ်ကိုသာ အသားပေးတင်ပြထားသည်။

### ၅.၂.၁။ လူထုအသိပညာပေးမှု မြှင့်တင်ခြင်း

အဂတိလိုက်စားမှုဆိုင်ရာအသိပညာပေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းရေးဆိုင်ရာ သတင်းစကားများကို ပိုမိုကျယ်ပြန့်သည့် လူ့အဖွဲ့အစည်းဆီသို့ ရောက်ရန် လုပ်ဆောင်ကြရသည်။ အဂတိလိုက်စားမှုကြောင့် ဖြစ်လာနိုင်သည့် ကုန်ကျမှုများနှင့် အဂတိ လိုက်စားမှု ကိုဆန့်ကျင်နိုင်သည့်နည်းလမ်းများကို လူအများမှ သိရှိနားလည်လာပါက စီးပွားလုပ်ငန်းများအနေနှင့် ကျင့်ဝတ်ဖြောင့်မှန်ရေး၊ အဂတိလိုက်စားမှုဆန့်ကျင်ရေး ကြိုးပမ်းမှုများတွင် မိတ်ဖက်များ ပိုမိုရရှိလာနိုင်မည် ဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းများသည် ပြည်သူများအားအသိပညာပေးမှုလုပ်ငန်းနှင့် ပတ်သက်သည့် အကြံဉာဏ်သစ်များ ပေါ်ပေါက်ရေးကဏ္ဍတွင် ရှေ့တန်းရပ်တည်နေကြသည်။ အသိပညာပေးမှုများတွင် အဂတိလိုက်စားမှုသည် ပြည်သူများအပေါ် မည်သို့မည်ပုံသက်ရောက်မှုရှိကြောင်းနှင့် ထိုကိစ္စနှင့် ပတ်သက်ပြီး မည်သည်တို့ကို လုပ်ဆောင်နိုင်ကြောင်းပြည်သူအများနားလည်စေရန် ဖြစ်သည်။ ပြဿနာများသည် လူ့အဖွဲ့အစည်း၏ ထောင့်ပေါင်းစုံမှ ရောက်လာနိုင်ပြီး မတူညီသည့် အကျိုးစီးပွားအမျိုးမျိုးကိုလည်း ကိုယ်စားပြုနိုင်သဖြင့် အရပ်ဘက်အဖွဲ့အစည်းများသည် ရှုထောင့်ပေါင်းစုံမှ အခွင့်အလမ်းများနှင့် လိုအပ်ချက်များကို မြင်နိုင်ပါသည်။ အာရှမှ အနည်းငယ်သော ဥပမာအချို့ကပင် (လူမှုရေးရာ တီထွင်ဆန်းသစ်မှု ပြိုင်ပွဲမှ အနိုင်ရသူများ) လူမှုအဖွဲ့အစည်း၏ အစိတ်အပိုင်းတော်တော်များများဆီသို့ အသိပညာနှင့်စွမ်းဆောင်ရည်ကို ဆောင်ကျဉ်းပေးနိုင်သည်ဆိုသော စိတ်အား ထက်သန်မှုပေးနိုင်သည်။

- ဖိလစ်ပိုင်နိုင်ငံ-နိုင်ငံသား လုပ်ပိုင်ခွင့်မြှင့်တင်ရေး ဌာနများ
    - နိုင်ငံသား လုပ်ပိုင်ခွင့်မြှင့်တင်ရေး ဗဟိုဌာနသည် ဖိလစ်ပိုင်နိုင်ငံ၏ အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည့် သဘာဝဘေး စီမံခန့်ခွဲမှုကို ကိုင်တွယ်ဆောင်ရွက်သည်။ သဘာဝဘေးအန္တရာယ်များသည် ယခုအခါတွင် မကြာခဏဆိုသလို ဖြစ်ပွားလာတတ်ပြီး ပိုမိုအင်အားပြင်းထန်လာကြသည်။ ထိခိုက်မှု အများဆုံး ခံကြရသူများမှာ ဒေသခံပြည်သူများဖြစ်ကြသည်။ အထူးသဖြင့် ထိခိုက်လွယ်သည့် အုပ်စုများဖြစ်ကြသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ ဖြစ်ကြသည်။ သဘာဝဘေး အန္တရာယ်များကိုဒေသခံများမှ တုန့်ပြန်ဆောင်ရွက်မှုအပေါ် အလေးပေးသည့် အနေဖြင့် အောက်ခြေ အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ပေးပြီး၎င်းတို့မှ ဘေးအန္တရာယ် ရင်ဆိုင်ခြင်းတွင် ဝန်ဆောင်မှုပေးခြင်းကိစ္စရပ်ကို စောင့်ကြည့်စစ်ဆေးနိုင်မည်ဖြစ်သည်။ အထူးကြိုးပမ်းရမည်မှာ အောက်ခြေအမျိုးသမီးများနှင့် ဒေသခံတာဝန်ရှိသူများအကြား ပူးပေါင်းလုပ်ဆောင်မှုကို တိုးမြှင့်ရေး ပင် ဖြစ်သည်။ ဤနည်းအားဖြင့် သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျော့ချရေးအတွက် ရသုံးမှန်း ခြေငွေစာရင်းရေးဆွဲခြင်း အပါအဝင် ဒေသတွင်း ဆုံးဖြတ်လုပ်ကိုင်ရေးဖြစ်စဉ်၌ အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ပါသည်။
- ထိုင်းနိုင်ငံ- တက္ကသိုလ်များရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်ဖီဆိုင်များ
    - ဤစဦးလုပ်ဆောင်မှုသည် "အဂတိလိုက်စားမှုကို ငြင်းဆန်ပါ" ဆိုသည့် ထိုင်းလူငယ်များ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကွန်ရက် (TYACN) ၏ လူမှုစီးပွားလုပ်ငန်းကို ချဲ့ထွင်လုပ်ဆောင်ခြင်း ဖြစ်သည်။ ၎င်းသည် ထိုင်းနိုင်ငံ၏ ပြည်တွင်းဖြစ်အကြီးမားဆုံး ကော်ဖီဆိုင်လုပ်ငန်းဖြစ်သည့် True

Coffee နှင့် စပ်တူလုပ်ငန်းစီမံချက် ဖြစ်သည်။ TYACN သည် "အဂတိလိုက်စားမှုကိုငြင်းဆန်ပါ" ကော်ဖီဆိုင်များကို Khon Kaen တက္ကသိုလ်နှင့် Ubon Ratchathani တက္ကသိုလ်များတွင် ထပ်ဖွင့်ပြီးကွန်ရက်ချဲ့ထွင်သည်။ ကော်ဖီဆိုင်တစ်ခုချင်းစီ၌ ကျောင်းသားများအတွက် နေရာနှင့် ဆွေးနွေးခန်းတစ်ခု ထားပေးထားသည်။ ထိုနေရာများ၌ ပြဿနာရပ်များကို ဆွေးနွေးခြင်း၊ မီဒီယာ အခမ်းအနားများ စီစဉ်ဆောင်ရွက်ခြင်း၊ ၎င်းတို့၏ တက္ကသိုလ်များနှင့် လူမှုအသိုင်းအဝိုင်းတွင် အဂတိလိုက်စားမှုကို အရေးယူရန် အစီအစဉ်များ အသေးစိတ်ချမှတ်ခြင်း လုပ်ဆောင်နိုင်ကြသည်။

- တရုတ်နိုင်ငံ- အဂတိလိုက်စားမှုတိုက်ဖျက်ရေး၌ လူငယ်ပါဝင်သည့် ဆန်းသစ်တီထွင် စမ်းသပ်ခန်း
  - အစပျိုးလုပ်ဆောင်မှုတစ်ခုအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၌ လူငယ်ပါဝင်ရေး အတွက် ဆန်းသစ်တီထွင်စမ်းသပ်ခန်း တစ်ခုကိုတည်ထောင်၍ တရုတ်နိုင်ငံ အဆင့်မြင့် ပညာရေးကဏ္ဍရှိ အဂတိလိုက်စားမှု ကာကွယ်ရေးလုပ်ငန်းရပ်တွင် လူငယ်များ ပါဝင်လာ မှုကို မြှင့်တင်ရန် လုပ်ဆောင်သည်။ UNDP မှ နည်းပညာပံ့ပိုးမှုနှင့်အတူ အဆင့်မြင့် ပညာရေးကဏ္ဍ၌ အဂတိ လိုက်စားမှု ပြန့်ပွားနေခြင်းကို ထိန်းချုပ်ဟန့်တားရန် ကျောင်းသား လူငယ်များ၏ ဆန်းသစ်သော အစီအစဉ်ဒီဇိုင်း ပြိုင်ပွဲလုပ်ဆောင်ပေးခြင်းသည် စဦးလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်သည်။ တရုတ်နိုင်ငံ ကျင့်ဝတ်ဖြောင့်မှန်မှု ပညာရေး ကွန်ရက် (CIEN)[23]၏ ရွေးချယ်ခံရသော အဖွဲ့ဝင် တက္ကသိုလ်များတွင် အနိုင်ရရှိသော အစီအစဉ်များကို စမ်းသပ်အကောင်ထည်ဖော်မည် ဖြစ်သည်။

## ၅.၂.၂။ သတင်းအချက်အလက်များ ဖန်တီးဖော်ထုတ်ခြင်း

သတင်းအချက်အလက်များ ဖန်တီးဖော်ထုတ်ခြင်းကြောင့် စီးပွားလုပ်ငန်းများနှင့် ၎င်းတို့၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မိတ်ဖက်များအတွက် အဂတိပြဿနာဖြစ်တတ်သည့် နယ်ပယ်များကို တိတိကျကျ သိရှိလာခြင်း၊ ပိုမိုထိရောက်သည့် တုန့်ပြန်မှုများ လုပ်ဆောင်လာနိုင်ခြင်း၊ နောင်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား ခိုင်မာအားကောင်းစေခြင်း စသည့် အကျိုးများ ရရှိစေသည်။

အရပ်ဘက်အဖွဲ့အစည်းများသည်စနစ်ကျသည့်သတင်းအချက်အလက်များ ဖော်ထုတ်ဖန်တီးရေးလုပ်ငန်စဉ်အတွက် ရှေ့တန်းမှရပ်တည်ဆောင်ရွက်ပေးထားပြီး ဖြစ်သည်။ ထိုသတင်းအချက်အလက်များသည် အဂတိလိုက်စားမှုနှင့် တိုက်ရိုက်ပါတ်သက်သည့် အချက်များ (သို့) အဂတိလိုက်စားမှုကို ဖြေရှင်းကိုင်တွယ်ရေးအတွက် အသုံးဝင်သော အချက်အလက်များပင်ဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများသည် ယခုအခါတွင် နည်းပညာနှင့် အခြားသော နည်းလမ်းများကို အသုံးပြု၍ သတင်းအချက်အလက် တည်ဆောက်ခြင်း၊ ဖြန့်ဝေခြင်းများကို လုပ်ဆောင်ကြသည်။

- အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ သတင်းအချက်အလက်။ မြန်မာနိုင်ငံတွင် ပွင့်လင်း မြန်မာရှေ့ဆောင် (OMI) (www.omimyanmar.org) သည် အစိုးရ၏ ရသုံးမှန်းခြေငွေ စာရင်းဆိုင်ရာ သတင်းအချက် အလက်ကို စီစဉ်ထုတ်ဝေနေပါသည်။ ၎င်းသည် နိုင်ငံ၏ အရင်းအမြစ်များကို မည်သို့မည်ပုံ သုံးစွဲနေကြောင်း နိုင်ငံသားများမှ စောင့်ကြည့် လေ့လာနိုင်ရေးအတွက် လုပ်ဆောင်နေသည့် ပထမအဆင့် လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ကမ္ဘာအနှံ့အပြား၌ နိုင်ငံတကာ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ မိတ်ဖက်လုပ်ငန်း (www.internationalbudget.org) သည် အဆိုပါလုပ်ငန်းအတွက် လမ်းညွှန်ချက်များနှင့် အထောက်အပံ့များ ပေးသည်။ ထို့ပြင် ပွင့်လင်းရသုံးမှန်းခြေငွေစာရင်း အညွှန်းကိန်း ကိုလည်း တွက်ချက်ပေးသည်။ ကမ္ဘာအနှံ့ အပြား၌ ထိုအညွှန်းကိန်းသည် ရသုံးမှန်းခြေငွေ စာရင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု၏ အတိုင်းအတာ ဖြစ်သည်။ (၂၀၁၅ တွင် မြန်မာနိုင်ငံသည် ရမှတ် ၁၀၀ ပေးသည့်အနက် ၂ မှတ်ရသည်)

[23] http://www.asia-pacific.undp.org/content/rbap/en/home/presscenter/articles/2014/06/13/six-innovations-to-combatcorruption-win-awards-at-first-ever-undp-social-innovation-challenge/ Accessed 4 October 2016 မှ။

- လွှတ်တော် လုပ်ဆောင်ချက်များ။ (ပြည်သူ့ လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်ထောင်စု လွှတ်တော်) လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုပြုတင်သွင်းချက်များမှ ကိန်းဂဏန်းအချက်အလက်များကို စုဆောင်းတည်ဆောက်သည်။
- ပြဿနာဖြစ်တတ်သည့် နယ်ပယ်များကို သတ်မှတ်ဖော်ထုတ်ခြင်း။ အရပ်ဘက်အဖွဲ့အစည်း များသည် နည်းပညာများအသုံးပြု၍အဂတိလိုက်စားမှုနှင့် ပါတ်သက်သည့် သတင်းအချက်အလက်များ စုဆောင်းရာတွင် ဆန်းသစ်တီထွင်မှုအရှိဆုံးဖြစ်သည်။ သာမန်ပြည်သူ များမှပေးပို့သော သတင်းအချက်အလက်များပေါ် မူတည်သည့် "crowd-sourced" သတင်းအချက်အလက်များကို အသုံးပြု၍ အဂတိလိုက်စားမှု ပြဿနာ အများဆုံး ဖြစ်နေသော အေဂျင်စီများနှင့် ဒေသများကို သတ်မှတ်ဖော် ထုတ်နိုင်သည်။ ယင်းနောက် တာဝန်ရှိ အစိုးရများနှင့် အခြားတာဝန်ရှိသူများမှ ပြဿနာဖြေရှင်းရန် စတင်လုပ်ဆောင်နိုင်သည်။

## အဂတိလိုက်စားမှုကို ခြေရာခံရန် နည်းပညာများအသုံးပြုခြင်း

နိုင်ငံတကာ အရပ်ဘက်အဖွဲ့အစည်းများသည် အဂတိလိုက်စားမှုအချက်အလက်များကို ရယူသုံးစွဲရန် နည်းပညာများသုံးစွဲကြသည်

ipaidabribe.com. သည် အိန္ဒိယနိုင်ငံရှိ Janaagraha Centre for Citizenship အဖွဲ့မှ တည်ထောင်ထား သည့် ဝက်ဆိုဒ်တစ်ခုဖြစ်သည်။ ထိုဝက်ဆိုဒ်မှတဆင့် နိုင်ငံသားများသည် ၎င်းတို့တွေ့ကြုံခံစားရသည့် အဂတိလိုက်စားမှုလုပ်ရပ်များ၏ သဘာဝ၊ အရေအတွက်၊ အမျိုးအစား၊ ပုံသဏ္ဍာန်၊ နေရာဒေသ၊ အကြိမ်ရေ၊ တန်ဖိုးများ စသည်တို့နှင့် ပါတ်သက်ပြီး တင်ပြနိုင်သည်။ ထိုဝက်ဆိုဒ်မှာပင် နိုင်ငံသားများသည် ၎င်းတို့တွေ့ကြုံရသည့် ရိုးသားသည့် အရာရှိများအကြောင်း ကောင်းသတင်းကိုလည်း တင်ပြနိုင်ပါသေး သည်။ အစပျိုးလုပ်ဆောင်မှုကို အိန္ဒိယနိုင်ငံတွင် စတင်ခဲ့သော်လည်း ယခုအခါ၌ ဂရိ၊ ကင်ညာ၊ ဇင်ဘာဘွေ နှင့် ပါကစ္စတန် စသည့်နိုင်ငံများတွင်လည်း ထပ်တူလုပ်ဆောင်နေကြပြီဖြစ်သည်။ Transparencymyanmar.com သည် မြန်မာနိုင်ငံတွင် ထိုကဲ့သို့ အစပျိုးလုပ်ဆောင်မှုကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။


Draw a Red Line နိုင်ငံတကာ ပွင့်လင်းမြင်သာမှု မက်ဆီဒိုနီးယားအဖွဲ့သည် ဆဲလ်ဖုန်းပံ့ပိုးပေးသည့် လုပ်ငန်းနှင့်အတူ Draw a Red Line (https://transparencywatch.org/main?l=en_US) ဟုခေါ်ဆိုသည့် အွန်လိုင်းမှ တင်ပြအစီရင်ခံနိုင်သည့် အင်တာနက်ပလက်ဖောင်း တစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။ ထိုအွန်လိုင်းပလက်ဖောင်းသည် အဂတိလိုက်စားမှုကို ကြုံတွေ့ရသည့် (သို့) အဂတိလိုက်စားမှုကို မျက်မြင်တွေ့ရသည့် လူများကို ၎င်းတို့၏အဖြစ်အပျက်များအား SMS ပို့ပေးခြင်း၊ မေးလ်ပို့ခြင်း၊ Twitter (သို့) တယ်လီဖုန်း စသည်တို့မှတဆင့် တင်ပြအစီရင်ခံခွင့်ပြုပေးထားသည်။ ယင်းအစီရင်ခံတင်ပြချက်များကို နိုင်ငံတကာ ပွင့်လင်းမြင်သာမှု မက်ဆီဒိုနီးယားအဖွဲ့မှ သုံးသပ်အကဲဖြတ် ပေးပြီး သက်ဆိုင်သည့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများသို့ ရှေ့ဆက်လုပ်ဆောင်နိုင်ရန် လွှဲအပ်ပေး သည်။

Bribe Market (http://www.piatadespaga.ro/) သည် ရိုမေးနီးယားနိုင်ငံတွင် အကောင်အထည်ဖော်လုပ်ဆောင်ခဲ့သည့် အစပျိုးလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ထိုလုပ်ငန်းစဉ်သည် နိုင်ငံသားများအား အများပြည်သူ့ဝန်ဆောင်မှုများ ရယူသုံးစွဲရာ၌ ၎င်းတို့တွေ့ကြုံရသည့် လာဘ်ပေးလာဘ်ယူမှုများနှင့် လာဘ်ပေးရသည့် ငွေပမာဏ စသည်တို့ကို မျှဝေတင်ပြခွင့်ပြုသည်။ စတင်လုပ်ဆောင်သည့် ပထမလေးလအတွင်း Bribe Marketသည် အဂတိလိုက်စားမှုတင်ပြချက် ၆၅၀ နီးပါးရရှိခဲ့သည်။ ထိုတင်ပြချက်များကြောင့် လူအများသည် မည်သည့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းမှာ စျေးအသက်သာဆုံးနှင့် အဂတိလိုက်စားမှုအနည်းဆုံးဖြစ်ကြောင်း သိရှိလာကြသည်။

အရင်းအမြစ်။ နိုင်ငံတကာ ပွင့်လင်းမြင်သာမှုအဖွဲ့နှင့် U4 မှ ကောက်နုတ်ချက်များ၊ "အဂတိလိုက်စားမှုကို သတ်မှတ်ဖော်ထုတ်ရန်နှင့် လျော့ချရန် နည်းပညာဆန်းသစ်တီထွင်မှုများ" U4 Helpdesk Answer (2013)။ http://www.u4.no/publications/technological-innovations-to-identifyand-reduce-corruption/ တွင်ကြည့်ပါ။

စစ်တမ်းများကဲ့သို့သော လုပ်ရိုးလုပ်စဉ်နည်းလမ်းများကိုလည်း အသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် အရှေ့အာဖရိက၌ နိုင်ငံတကာပွင့်လင်းမြင်သာမှု ဒေသဆိုင်ရာအသင်းများနှင့် အခြား အရပ်ဘက်အဖွဲ့အစည်းများသည်

အရှေ့အာဖရိကလာဘ်ပေးလာဘ်ယူမှုအညွှန်းကိန်း[24] ကို ဖန်တီးရန် စစ်တမ်းများ လုပ်ဆောင်ခဲ့ကြသည်။ ထိုအညွှန်းကိန်းသည် အင်စတီကျူးရှင်းအမျိုးမျိုးတွင် တွေ့ကြုံရသည့် လူတစ်ဦးချင်းစီ၏ အဂတိလိုက်စားမှု အတွေ့အကြုံများအား မှတ်တမ်းပြုထားသည်။ ထိုသို့သော စစ်တမ်းမျိုးကို နိုင်ငံအများအပြားတွင်လည်း လုပ်ဆောင်ကြသည်။ မြန်မာနိုင်ငံတွင် ထိုသို့သော သိပ္ပံနည်းကျစစ်တမ်းမျိုးကို မလုပ်ဆောင်ရသေးသော်လည်း အခြားသမရိုးကျမဟုတ်သည့် နည်းလမ်းများကို အသုံးပြုကြသည်။ အဂတိလိုက်စားမှုဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ အစည်းအဝေးသုံးခုမှ ပါဝင်တက်ရောက်သူများ၏ စစ်တမ်းတစ်ခုအရ အဂတိလိုက်စားမှု အများဆုံးဖြစ်ပွားလေ့ရှိသော နယ်ပယ်များ၏ အဂတိလိုက်စားမှုပျံ့နှံ့မှုရာခိုင်နှုန်းများကို ထုတ်ပြန်ပေးခဲ့သည်။


MM "Heat Mapping" - % of Sample
Overall Perception of Corruption

| | | |
|---|---|---|
| 1 | Police | 16.0% |
| 2 | Judiciary | 15.9% |
| 3 | Land Department | 14.6% |
| 4 | Tax Department | 12.4% |
| 5 | Military | 9.1% |
| 6 | Education | 6.6% |
| 7 | Large Business | 6.5% |
| 8 | Medical | 4.8% |
| 9 | International Business | 4.7% |
| 10 | Chamber of Commerce | 3.3% |
| 11 | President's Office | 2.1% |
| 12 | Media | 1.3% |
| 13 | Parliament | 1.1% |
| 14 | Faith Based Groups | 0.9% |
| 15 | Small & Medium Business | 0.8% |

အရင်းအမြစ်။ David Allan၊ လိုအပ်ချက်ကို သုံးသပ်အကဲဖြတ်ခြင်း၊ NIS ရှေ့ပြေးအဖြစ် အဂတိလိုက်စားမှု 'Heat mapping"၊ မြန်မာနိုင်ငံ၏ လေ့လာချက်

[24] http://www.tikenya.org/index.php/the-east-african-bribery-index# တွင်ကြည့်ပါ။

## ၆။ နိဂုံးချုပ်၊ သင်မည်သို့ ရှေ့ဆက်ဆောင်ရွက်မည်နည်း

အဂတိလိုက်စားမှုသည် ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အကြောင်းအချက်အမျိုးမျိုးရှိနေပြီး ၄င်းကို အမြစ်ပြတ် ခြေမှုန်းနိုင်သော နိုင်ငံဟူ၍ မရှိသေးချေ။ အကြောင်းမှာ ၄င်းသည် ဥပဒေပြောင်းလဲမှုများ၊ အင်စတီကျူး ရှင်းဆိုင်ရာ ပြောင်းလဲမှုများ၊ အပြုအမူ အလေ့အထပြောင်းလဲမှုများနှင့်အတူ စိတ်သဘောထားနှင့် ယုံကြည်မှုများကို ပြောင်းလဲရသည့်အတွက် အလွန်နှေးကွေးသော လုပ်ငန်းတစ်ခု ဖြစ်နေသောကြောင့်ဖြစ်သည်။ ထို့ပြင် အထက်ဖော်ပြပါ ပြောင်းလဲမှု တစ်ခုစီသည်ပင် မလွယ်ကူလှပေ။ အဂတိလိုက်စားမှုကြောင့် ဆိုးကျိုးခံရသည့် စီးပွားရေးလုပ်ငန်းများသည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုမျှသာဖြစ်သည် ဆိုသော်လည်း ၄င်းသည် စီးပွားရေးတစ်ခုလုံးနှင့် လူ့အဖွဲ့အစည်း ရှင်သန်ရပ်တည်နိုင်ရန်အတွက် အရေးပါသော နေရာတွင် ရှိနေသည်။

အရာအားလုံးကို ပြောင်းလဲပစ်ရန် အလွန်ခက်ခဲသည် မှန်သော်လည်း မည်သူကမျှ ပြောင်းလဲမှု မလုပ်လျှင် အားလုံးသည် နဂိုအတိုင်းရှိနေမည်ကို သတိချပ်သင့်သည်။ အောက်ပါ အခင်းအကျင်းများကိုလေ့လာပြီး အဂတိ လိုက်စားမှုတစ်ခုကို ရင်ဆိုင်ရသည့်အခါ သင်မည်သို့တုန့်ပြန်လုပ်ဆောင်နိုင်လိမ့်မည် (သို့မဟုတ်) လုပ်ရိုး လုပ်စဉ်မှခွဲထွက်ပြီး မည်သို့လုပ်ဆောင်နိုင်မည်ကို တွေးမိစေနိုင်ပါသည်။ ကျင့်ဝတ်ဖြောင့်မှန်မှုနှင့် အဂတိတိုက်ဖျက်ရေး အတွက် သင့်အနေနှင့် လုပ်ဆောင်နိုင်သည်များရှိနေပါသည်။

## ၆.၁ အဂတိလိုက်စားမှု ဖြစ်လာနိုင်သည့် အခင်းအကျင်းများ ။ သင်မည်သို့ လုပ်ဆောင်နိုင် သနည်း။

အခင်းအကျင်း ၁။ သွင်းကုန်စွည်းများ[25] တင်သွင်းသည့် ဖြစ်စဉ်တွင် နှောင့်နှေးအောင် လုပ်ဆောင်မှုများ။




ဒေါ်အေးအေးသည် လက်ဆောင်ပစ္စည်းများ၊ အစား အသောက်များကို နိုင်ငံရပ်ခြားမှ လက်ကားတင်သွင်း ဖြန့်ချိသူ တစ်ဦးဖြစ်သည်။ သူ့တွင် မိမိတို့ဆိုင်များအတွက်အမှာစာများ ကိုစောင့်မျှော်နေကြသည့် ဆိုင်ပိုင်ရှင် ဝယ်လက်များစွာရှိ သည်။ သို့သော်လည်း ဒေါ်အေးအေးသည် အကောက်ခွန်ဦးစီး ဌာနမှ သူမ၏ကုန်ပစ္စည်းများကို ထုတ်ခွင့်ပြုမည့်အချိန်ကို စောင့်စားနေရတုန်းဖြစ်သည်။ အကောက်ခွန်အရာရှိတစ်ဦးနှင့်တွေ့သည့်အခါ သွင်းကုန်ပါမစ်တွင် ပြဿနာများ ရှိကြောင်း သတင်းပေးရုံသာမက ၄င်းပြဿနာများကို ပူးပေါင်းဖြေရှင်း၍ ရနိုင်ကြောင်းပြောလာသည်။ ဒေါ်အေးအေး အနေနှင့်အရာရှိမှ လာဘ်ပေးရန်တောင်းဆိုနေကြောင်း သိနေသော်လည်း တစ်ခါပေးရုံဖြင့်ပြီးမည် မဟုတ်ကြောင်း ကိုပါသိနေသည်။

### ဖြစ်နိုင်သည့် တုန့်ပြန်ဆောင်ရွက်မှုများ

- စာရွက်စာတမ်းများသည် စနစ်တကျရှိပြီး လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ထားရမည်။
- အကောက်ခွန်အရာရှိနှင့် တွေ့ဆုံသည့်အခါ အသိသက်သေဖြစ်စေရန်တစ်စုံတစ်ယောက်ကို ခေါ်ဆောင်သွားပါ။ အသိသက်သေရှိနေခြင်းသည် အရာရှိအတွက် လာဘ်ငွေ တောင်းဆိုရန် ပိုမိုခက်ခဲစေနိုင်သည်။
- တွေ့ဆုံဆွေးနွေးရာတွင် အကောက်ခွန်အရာရှိကို မိမိ၏စာရွက်စာတမ်းများတွင် မည်သည့် ပြဿနာများ ရှိနေကြောင်း အတိအကျ ရှင်းပြခိုင်းပါ။
- အလျင်လိုနေကြောင်း မပြမိပါစေနှင့်။ တည်ငြိမ်ပျော့ပြောင်းပြီး စိတ်ရှည်ဖွဲ့ကောင်းမှုရှိပါစေ။

[25] ဇာတ်ညွှန်း ၁နှင့်၂ကို SME များအတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လက်စွဲစာအုပ်၊Hills program on Governance မှ လိုက်လျောညီထွေ ပြုပြင်ထားခြင်းဖြစ်သည်။

· အရာရှိပြောဆိုသမျှကို ပုံမှန်နားထောင်ပေးပြီး လာဘ်ပေးစေလိုသည့် အရိပ်ယောင်ပြပါက လျစ်လျူရှု နေပါ။ အရာရှိအနေနှင့် လာဘ်တောင်းဆိုမှုသည် တရားမဝင်ကြောင်း သိရှိထားပြီး ဖြစ်သောကြောင့် သင့်အား လာဘ်ပေးရန်တိုက်ရိုက်တောင်းဆိုလိမ့်မည် မဟုတ်ချေ။ သင်သည်သင်၏ စာရွက်စာတမ်းများ၏ တိကျမှုကို သိနေပါကငှင်း၏ အရိပ်အမြွက်ပြောဆိုမှုကို လျစ်လျူရှုနိုင်မည်ဆိုလျှင် ထိုအရာရှိသည် လက်လျော့ကာ သင်၏ သဘော်ာတင်သွင်းမှုကို ခွင့်ပြုပေးကောင်းပေးနိုင်သည်။

· လာဘ်ပေးမှုသည် သင်၏ ရွေးချယ်မှု မဟုတ်သည်ကို အကောက်ခွန်အရာရှိ သိအောင်လုပ်ပါ။

· အကယ်၍ အကောက်ခွန်အရာရှိသည် ကျိုးကြောင်းခိုင်လုံမှုမရှိ ဆက်လက်လုပ်ဆောင်နေမည်ဆိုပါက ၄င်း၏ အထက်အရာရှိအားတွေ့ဆုံခွင့်တောင်းပါ။

· မိမိ၏ ဝယ်ယူသူများနှင့် ထိုပြဿနာအကြောင်း တိုင်ပင်ဆွေးနွေးကာ ဖြန့်ဝေရန် အချိန်ပိုမို လိုအပ် ကြောင်း အသိပေးညှိနှိုင်းပါ။

အခင်းအကျင်း ၂။ အခွန်တန်ဖိုးဖြတ်မှု ပြဿနာ။

ဦးအောင်မင်းသည် လွန်ခဲ့သော သုံးနှစ်ကပင် ဟိုတယ်တစ်ခုကိုလုပ်ကိုင်ဆောင်ရွက်နေပြီး ၄င်းလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ခရီးသွားလာရေး လုပ်ငန်းဆန်းသစ်စကာလတွင်အဆင်ပြေကောင်းမွန်လျက်ရှိသည်။ နှစ်စဉ်နှစ်တိုင်း အခွန်ဆောင်လျက်ရှိသော်လည်း တစ်နှစ်နှင့်တစ်နှစ်ကောက်ခံသည် အခွန်ငွေ မတူညီသောကြောင့် ဦးအောင်မင်း အနေနှင့် အခွန်ပမာဏ မည်သို့ သတ်မှတ်ဆုံးဖြတ်သည်ကို မသိရှိပေ။ ယခုနှစ်တွင် သူ့၌ ပိုင်ဆိုင်မှု ပိုများသည်ဟု အခွန်တန်ဖိုးသတ်မှတ်သူ (အခွန်ရာဖြတ်) က ပြောဆိုသော်လည်း ဦးအောင်မင်းအနေနှင့် ပိုမို အခွန်ဆောင်သင့်သည်ဟု ယူဆမထားပေ။ သို့သော်လည်း သူသည် ရာဖြတ်အား လာဘ်မထိုးချင်ပေ။

## ဖြစ်နိုင်သည့် တုန့်ပြန်ဆောင်ရွက်မှုများ

- အခွန်ရာဖြတ်နှင့် တွေ့ဆုံသောအခါ အခွန်ရာဖြတ်မှု အခြေခံမှုများအကြောင်း ရှင်းပြခိုင်းပါ။ ပြီးခဲ့သော နှစ်များအတွင်းရရှိခဲ့သည့် ဝင်ငွေစာရွက်စာတမ်းအားလုံးနှင့် ပြီးခဲ့သော နှစ်များက အခွန်ရာဖြတ်ထားသည့်များ ကိုပါ ယူဆောင်သွားပါ။
- အခွန်ရာဖြတ်ကိစ္စနှင့် ပတ်သက်ပြီး ပိုမိုနားလည်လာစေရန် ဘဏ္ဍာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေ့လာသုံးသပ်ပါ။
- ပြင်ပမှ စာရင်းကိုင် (သို့) ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးပြီး ကုမ္ပဏီ၏ မှတ်တမ်းမှတ်ရာများသည် မှန်မှန်ကန်ကန် သိမ်းဆည်းထားပါ။
- အခွန်ရာဖြတ်သူအား သင့်အနေနှင့် ဤသို့သော ပြဿနာကို ဖြေရှင်းရန် လာဘ်ထိုးမှု နည်းလမ်းကို သုံးမည်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းပြော၍ ရာဖြတ်ကိစ္စကို တရားဝင် နည်းလမ်းဘောင်အတွင်းမှသာ ဖြေရှင်းမည်ဖြစ်ကြောင်း အသိပေးပါ။
- အကယ်၍ သင်သည် ပိုမိုနည်းပါးသည့် အခွန်ရာဖြတ်မှုကို ဆွေးနွေးညှိနှိုင်းအဆင်ပြေသွားပါက ၄င်းကိစ္စကို စာရွက်စာတမ်းခိုင်မာမှန်ကန်အောင် လုပ်ဆောင်ထားပါ။
- မည်သည့် လာဘ်တောင်းဆိုမှုကိုမျှ လက်သင့်မခံပါနှင့်။ အကယ်၍ သင့်အနေနှင့် လိုက်လျောလိုက်ပါက နောက်နောင်တွင် ပိုမိုများပြားသော လာဘ်တောင်းဆိုမှုများ ဆက်လက် ဖြစ်လာနိုင်ကြောင်း သိထားပါ။

အခင်းအကျင်း ၃။ ကြားပွဲစားများ (သို့မဟုတ်) တဆင့်ခံ ကန်ထရိုက်များ[26] များ၏ အန္တရာယ်ကို ကိုင်တွယ် ဖြေရှင်းခြင်း

[26] ၄င်းကို နိုင်ငံတကာ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ UK ၏ "လာဘ်ပေးမှုမရှိဘဲ စီးပွားရေးလုပ်ဆောင်ခြင်း" အွန်လိုင်းသင်တန်းမှ လိုက်လျောညီထွေ ပြုပြင်ထားခြင်းဖြစ်သည်။ http://www.doingbusinesswithoutbribery.com/

Skyline ပို့ဆောင်ရေး ကုမ္ပဏီတွင် မြဝတီနယ်စပ်ကို ဖြတ်ကာ တင်သွင်းလာမည့် ပို့ကုန်များစွာရှိနေသည်။ ၄င်းတို့ ကုမ္ပဏီသည် ဒေသခံ ကုန်ပစ္စည်းထုတ်ယူပေးသည့် ကြားပွဲစား တစ်ဦး (အကောက်ခွန်ရှင်းလင်းရေး ဝန်ဆောင်မှုပေးသူ) နှင့် နှစ်ပေါင်းများစွာ လက်တွဲလုပ်ကိုင်လျက်ရှိသည်။ ထိုပွဲစားသည် သင့်တင့်သောဈေးနှုန်းနှင့် ကုန်ပစ္စည်းများကို ထုတ်ယူပေးလျက်ရှိသည်။ သို့သော် ၄င်း၏ ပြေစာများ၌ သာမန်အချက်အလက်များကို သာဖော်ပြထားပြီး ၄င်းကိုပေးလိုက်သည့် ငွေအား မည်သို့ အသုံးပြုလိုက်သည်ကိုအသေးစိတ် ဖော်ပြ ထားခြင်း မရှိပေ။ ထို့ကြောင့် Skyline ကုမ္ပဏီ၏ စာရင်းအင်းဌာနသည် မိမိတို့ ကုမ္ပဏီ၏ ရန်ပုံငွေများကို မည်သို့ အသုံးပြုလိုက်ကြောင်း မှတ်တမ်းမရှိသည့်အတွက် စိုးရိမ်လျက်ရှိသည်။ ထိုမျှမက လာဘ်ငွေအတွက် သုံးစွဲထား မည်လားဟုလည်း စိုးရိမ်လျက်ရှိသည်။

## ဖြစ်နိုင်သည့် တုန့်ပြန်ဆောင်ရွက်မှုများ

- ကုန်ပစ္စည်းထုတ်ယူပေးသည့် ကြားပွဲစားအား ကုမ္ပဏီ၏ မူဝါဒများပြောင်းလဲနေပြီဖြစ်ကြောင်း ရှင်းပြပေးပါ။ ထို့ကြောင့် ၄င်း၏ပြေစာများတွင် အကောက်ခွန်ရှင်းလင်းမှုအတွက် မည်သည့်ကြေးများကို ပေးသွင်းရကြောင်း အတိအကျ အသေးစိတ်ရှင်းလင်းချက်များ ပါဝင်ရန် လိုအပ်သည်ကို ပြောပြထားပါ။
- အကောက်ခွန်ရှင်းလင်းခများအတွက် ပြေစာဘောက်ချာတွင် တရားဝင် လက်ခံပြေစာများ ပံ့ပိုးပေးရန် လိုအပ်ကြောင်းရှင်းပြပေးပါ။
- ကုန်ပစ္စည်းထုတ်ယူပေးသည့် ကြားပွဲစားနှင့် စာချုပ်အသစ် ထပ်မချုပ်ခင် ထိုကြားပွဲစား ကုမ္ပဏီအား ၄င်းတို့၏ စီးပွားရေး ကျင့်ထုံးများသည် မိမိတို့ ကုမ္ပဏီကို ထိခိုက်မှုရှိမရှိ ပြန်လည် သုံးသပ်ရမည် ဖြစ်သည်။
- အကယ်၍ အကောက်ခွန်ရှင်းလင်းပေးသည့် ကြားပွဲစား ကုမ္ပဏီသည် လာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်ပတ်သက်နေပါက စာချုပ်အသစ်ထပ်မချုပ်ပါနှင့်။ ထို့အပြင် ကျင့်ထုံးအသစ်များနှင့် စံနှုန်းအသစ်များ ချမှတ်အကောင်အထည်ဖော်စဉ်တွင် ဖြစ်ပေါ်လာနိုင်သည့် ကုန်ကျစရိတ်နှင့် အချိန်ပိုလာနိုင်မှု အတွက် အစီအစဉ်ဆွဲထားပါ။

## နောက်ဆက်တွဲ- ၁။ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ၂၀၁၃
အင်္ဂလိပ်ဘာသာ။ http://www.accm.gov.mm/acc/image/data/acc/books/ACCL_en.pdf
မြန်မာဘာသာ။ http://www.accm.gov.mm/acc/image/data/acc/books/ACCL_mm.pdf

မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ၂၀၁၅
အင်္ဂလိပ်ဘာသာ။ http://www.accm.gov.mm/acc/image/data/acc/books/ACCR_en.pdf
မြန်မာဘာသာ။ http://www.accm.gov.mm/acc/image/data/acc/books/ACCR_mm.pdf

## နောက်ဆက်တွဲ- ၂။ ကုမ္ပဏီများ၏အဂတိလိုက်စားမှုဆန့်ကျင်ရေးမူဝါဒနမူနာများ

### FMI Myanmar ၏ Anti-Bribery မူဝါဒ

အင်္ဂလိပ်ဘာသာ။ http://fmi.com.mm/anti-bribery-policy/
မြန်မာဘာသာ။ http://fmi.com.mm/myanmar/anti-bribery-policy/

### SMART Technologies ၏ Anti-Bribery နှင့် Corruption မူဝါဒ

အင်္ဂလိပ်။ http://smartmyanmargroup.com/wp-content/uploads/2015/12/ANTI-BIRBERY-ANDCORRUPTION-POLICY.pdf
မြန်မာဘာသာ။ http://smartmyanmargroup.com/wp-content/uploads/2016/08/ABC-PolicyMyanmar-Version.pdf

## နောက်ဆက်တွဲ- ၃။ Code of Conduct နမူနာများ

### လုပ်ငန်းကျင့်ဝတ်လက်စွဲ Code of Conduct ရေးဆွဲရေးလမ်းညွှန်- အဂတိလိုက်စားမှုဆန့်ကျင်ရေးဆိုင်ရာ လွတ်လပ်သော ဟောင်ကောင်ကော်မရှင်အဖွဲ့

ကျင့်ဝတ်၏အခြေခံအချက်များ

(၁) အခွင့်အရေးယူခြင်း

- ဒါရိုက်တာများနှင့် ဝန်ထမ်းများအား ၎င်းတို့၏ လက်အောက်ငယ်သားများ/လုပ်ဖော်ကိုင်ဖက်များနှင့် ၎င်းတို့နှင့် တရားဝင်ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသူများထံမှ (ကုမ္ပဏီမှ ခွင့်ပြုချက်မရှိဘဲ) အခွင့်ရေးယူခြင်းကို တားမြစ်သည်။ သို့မဟုတ်ပါက ကုမ္ပဏီ၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာ၌ ဝန်ထမ်းများ၏မူလ ဦးတည်ချက်ကို သက်ရောက်ထိခိုက်ခြင်း ဖြစ်နိုင်ပါသည်။
- ဝန်ထမ်းများကို တရားဝင်လက်ခံခွင့်ပေးထားသည့် လက်ဆောင်ဘောက်ချာများ၏တန်ဖိုးကို သတ်မှတ်ထားပါ။
- သတ်မှတ်ထားသည့် အခြေအနေများအရ လက်ဆောင်လက်ခံခြင်းအတွက် တာဝန်ရှိသူ၏ခွင့်ပြုချက်နှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ပါ။

(၂) လာဘ်ပေးခြင်း

- ဒါရိုက်တာများနှင့် ဝန်ထမ်းများအား ကုမ္ပဏီ၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာ၌ လာဘ်ပေးခြင်းများ (သို့) အခြားကုမ္ပဏီ/အဖွဲ့အစည်း၏အေးဂျင့်များထံမှ ကျင့်ဝတ်နှင့်မညီသော အခွင့်ရေးယူမှုများကို တားမြစ်သည်။

(၃) ဧည့်ခံပြုစုမှုများကို လက်ခံခြင်း

- လုပ်ငန်းတွဲဖက်လုပ်ကိုင်သူများထံမှ အလွန်ခမ်းနားအဖိုးတန်သည့်ဧည့်ခံပြုစုမှုများ (သို့) မကြာခဏဧည့်ခံပြုစုမှုများကို လက်မခံကြရန် ဒါရိုက်တာများနှင့် ဝန်ထမ်းများအား အကြံပြုထားသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် နောင်အနာဂတ်တွင် မမျှတသောအခွင့်ရေးတောင်းခံမှုများအတွက် ချစ်ကြည်မှု တည်ဆောက်သည့်အသွင်မျိုး ဖြစ်လာနိုင်သောကြောင့် ဖြစ်သည်။

(၄) အကျိုးစီးပွားပဋိပက္ခ ကြေညာချက်

- အမှန်တကယ် အကျိုးစီးပွားပဋိပက္ခ ဖြစ်သည်ဖြစ်စေ (သို့) အကျိုးစီးပွားပဋိပက္ခဖြစ်မည်ဟု ထင်မြင်မိလျှင်ဖြစ်စေ ဒါရိုက်တာများနှင့်ဝန်ထမ်းများသည် မည်သည့်အကျိုးစီးပွားပဋိပက္ခကိုမဆို ကြေညာရန်နှင့် ရှောင်ရှားရန် လိုအပ်သည်။
- ကိုယ်ကျိုးစီးပွားရရန် (သို့) ၎င်းတို့၏ ဆွေမျိုးများနှင့် သူငယ်ချင်းများအား အကျိုးအမြတ်ဖြစ်စေရန်အတွက် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်း (သို့) ရာထူးအဆင့်အတန်းကို အသုံးပြုခြင်းများ မပြုလုပ်ကြရန် ဒါရိုက်တာများနှင့် ဝန်ထမ်းများအား သတိပေးသည်။
- အကျိုးစီးပွားပဋိပက္ခတစ်ခုဖြစ်လာပါက ဒါရိုက်တာများသည် ဘုတ်အဖွဲ့ထံသို့လည်းကောင်း၊ ဝန်ထမ်းများသည် ၎င်းတို့၏ကြီးကြပ်သူများထံသို့လည်းကောင်း ထိုအကျိုးစီးပွားပဋိပက္ခနှင့် ပတ်သက်၍ ကြေညာချက်ပေးရန် လိုအပ်သည်။
- လုပ်ငန်းခွင်တွင် ထိုအကျိုးစီးပွားပဋိပက္ခနှင့် ပတ်သက်သည့် ဥပမာများကို ပြသပေးသည်။ (ဥပမာ- ဝန်ထမ်းသစ်ခန့်အပ်ခြင်းလုပ်ငန်းစဉ်နှင့် ထောက်ပို့လုပ်ငန်းစဉ် စသည့်ဆက်စပ်သည့်ဥပမာများ)
- အကျိုးစီးပွားပဋိပက္ခနှင့်ပတ်သက်၍ကြေညာချက်ပေးရန်အတွက်စံသတ်မှတ်ထားသည့်ဖောင်တစ်ခု ပေးထားပါ။
- ထုတ်ပြန်ကြေညာထားပြီးသောအကျိုးစီးပွားပဋိပက္ခကို စီမံခန့်ခွဲရေးအတွက် အကျိုးစီးပွားပဋိပက္ခနှင့် ဆက်စပ်တွေ့ကြုံမှုများကို ရှောင်ရှားရန် တာဝန်များကို ပြန်လည်ခွဲဝေပေးခြင်းကဲ့သို့သော လုပ်ဆောင်ရမည့် အချက်များကို သတ်မှတ်ပြဌာန်းထားပါ။

(၅) ကုမ္ပဏီ၏ ပိုင်ဆိုင်မှုနှင့် သတင်းအချက်အလက်များကို ကာကွယ်ခြင်း

- ကုမ္ပဏီပိုင်ပစ္စည်းများနှင့် သတင်းအချက်အလက်များကို ကုမ္ပဏီ၏လုပ်ငန်းဆောင်တာများ ကို ဆောင်ရွက်ရန်အတွက်သာ သုံးစွဲခွင့်ရှိပြီး အခြားတရားမဝင်သုံးစွဲမှုများကို တားမြစ်ထားကြောင်း ဒါရိုက်တာများနှင့် ဝန်ထမ်းများအား သတိပေးထားပါ။
- ဒါရိုက်တာများနှင့် ဝန်ထမ်းများသည် ၎င်းတို့၌ ရှိနေသော ကုမ္ပဏီ၏သတ်မှတ်ထားသည့် အထူးသတင်းအချက်အလက်များကို ထိန်းသိမ်းရန် လိုအပ်ပြီး အဆိုပါသတင်းအချက်အလက်များ တရားမဝင်ပေါက်ကြားမှုကို တားမြစ်ထားသည်။

(၆) ကျင့်ဝတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း

- ကျင့်ဝတ်ချိုးဖောက်မှုများအတွက် သတိပေးချက်ထုတ်ပြန်ခြင်း၊ အလုပ်မှထုတ်ပယ်ခြင်း ကဲ့သို့သော အပြစ်ပေးအရေးယူမှုများကို ဖော်ပြပေးထားပါ။
- အကယ်၍ တတ်နိုင်ပါက ကျင့်ဝတ်နှင့်ပတ်သက်သည့် မေးမြန်းစုံစမ်းမှုများကို ကိုင်တွယ်ဖြေရှင်းရန် သင့်တော်သည့်ရာထူးနှင့် ဝန်ထမ်းတစ်ယောက် ခန့်အပ်တာဝန်ပေးပါ။

(၇) ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း

- ကုမ္ပဏီ၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာ၌ ဒေသဆိုင်ရာ ဥပဒေများနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းဥပဒေများနှင့် ကိုက်ညီစွာ လုပ်ကိုင်ဆောင်ရွက်ကြရန် ဒါရိုက်တာများနှင့် ဝန်ထမ်းများအား သတိပေးထားပါ။

### နမူနာ- ၁။ Coca Cola ၏ Code of Business Conduct

အင်္ဂလိပ်။
http://www.cocacolacompany.com/content/dam/journey/us/en/private/fileassets/pdf/2012/11/COBC_English.pdf
မြန်မာဘာသာ။
http://www.cocacolacompany.com/content/dam/journey/us/en/private/fileassets/pdf/2013/02/code-ofbusiness-conduct-burmese.pdf

### နမူနာ- ၂။ First Myanmar Investment, Ltd (FMI) ၏ Code of Conduct

အင်္ဂလိပ်။ http://fmi.com.mm/code-of-conduct/

မြန်မာဘာသာ။ http://fmi.com.mm/code-of-conduct/

### နမူနာ- ၃။ Smart Technologies Code of Ethics

အင်္ဂလိပ်ဘာသာ။ http://smartmyanmargroup.com/wp-content/uploads/2015/12/code-ofethics.pdf
မြန်မာဘာသာ။ http://smartmyanmargroup.com/wp-content/uploads/2015/12/Code-ofEthics-_Mya_.pdf

### နမူနာ- ၄။ Telenor ၏ Anti-Corruption Handbook

အင်္ဂလိပ်ဘာသာ။ https://www.telenor.com.mm/pages/anti-corruption/86

# နောက်ဆက်တွဲ- ၄။ အခြားကိုးကားစရာ အရင်းအမြစ်များ

## မြန်မာဘာသာဖြင့်ရနိုင်သော အရင်းအမြစ်များ

စီးပွားရေးလုပ်ငန်းများအတွက်

- Transparency International, Business Principles for Countering Bribery—Small and Medium Enterprise (SME) Edition 2008. Translated to Myanmar and available at

http://www.myanmar-responsiblebusiness.org/publications/principles-for-counteringbribery.html

- Sample Code of Ethics and Employee Handbook on Anti-Corruption is available in electronic version and hard copy from Building Markets office in Yangon. See http://buildingmarkets.org/our-impact/myanmar

အရပ်ဘက်အဖွဲ့အစည်းများအတွက်

- Transparency International, Teaching Integrity to Youth: Examples from 11 countries 2004. Translated to Myanmar and available in hard copy from Spectrum SPDK, in Yangon (see http://www.spectrumsdkn.org/my/ )

## မြန်မာနိုင်ငံအတွင်းဆောင်ရွက်နေသော လုပ်ငန်းစဉ်များ/အဖွဲ့အစည်းများ

- Building Markets. http://buildingmarkets.org/our-impact/myanmar
- Myanmar Alliance for Transparency and Accountability (MATA). http://www.matanrg.org/
- Myanmar Business Forum. http://myanmarbusinessforum.org/en/home/
- Myanmar Centre for Responsible Business (MCRB). www.myanmarresponsiblebusiness.org
- Myanmar Extractive Industry Transparency Initiative. http://myanmareiti.org/
- Open Myanmar Initiative. http://www.omimyanmar.org
- Spectrum SPDK. http://www.spectrumsdkn.org/
- Transparency Myanmar. www.transparencymyanmar.com

## အင်္ဂလိပ်ဘာသာဖြင့် ရနိုင်သော အရင်းအမြစ်များ

အဂတိတိုက်ဖျက်ရေးလမ်းညွှန်များနှင့် ကိုးကားအရင်းအမြစ်များ

- Business Anti-Corruption Portal. Free anti-corruption compliance & risk management resources, including e-learning training, country risk profiles and due diligence tools. http://www.business-anti-corruption.org/
- Center for International Private Enterprise (CIPE), Anti-Corruption Compliance: A guide for mid-sized companies in emerging markets (2014). English. Available at http://cctrends.cipe.org/anti-corruption-compliance-guide/
- Hills Program on Governance, Anti-Corruption Manual for SMEs (Manila: Asian Institute of Management Hills Program on Governance, 2011). English. Available at http://www.cipe.org/sites/default/files/publicationdocs/antiCorruptionManualForSMEs_English.pdf
- Independent Commission Against Corruption (Hong Kong), "Governance and Internal Control: A Best-Practice Checklist (for use by small and medium enterprises)" English. Available at http://www.icac.org.hk/filemanager/en/Content_1031/sme.pdf
- International Finance Corporation, "SME Integrity Tool" English. Available at http://www.smetoolkit.org/smetoolkit/en/content/en/54664/SME-Integrity-Tool

- Transparency International, "Business Principles for Countering Bribery—Small and Medium Enterprise (SME) Edition" 2008. https://www.transparency.org/whatwedo/tools/business_principles_for_countering_bribery_sme_edition/1/
- Transparency International, Handbook on Curbing Corruption in Public Procurement 2006. English. https://www.transparency.org/whatwedo/publication/handbook_for_curbing_corruption_in_public_procurement
- Transparency International, Teaching Integrity to Youth
- Transparency International UK, Countering Small Bribes: Principles and good practices guidance for dealing with small bribes including facilitation payments. 2014 http://www.transparency.org.uk/publications/countering-small-bribes/
- World Bank Institute, Fighting Corruption Through Collective Action – A guide for business. 2008. English. Available at http://www.grantthornton.ca/resources/Guides/Forensics/Collective%20action%20gui de.pdf
- World Economic Forum, "Partnering Against Corruption -- Principles for Countering Bribery" Partnering Against Corruption Initiative (PACI). 2009. English. Available at http://www3.weforum.org/docs/WEF_PACI_Principles_2009.pdf

သင်တန်းဆိုင်ရာ အရင်းအမြစ်များ

- International Chamber of Commerce, Transparency International, UN Global Compact, and World Economic Forum, RESIST—Resisting Extortion and Solicitation in International Transactions: A company tool for employee training. 2011. Scenariobased discussion tool (PDF). English, French, Spanish. Available at https://www.unglobalcompact.org/library/157
- Transparency International UK, "Doing Business Without Bribery". Interactive on-line training. English. Available at http://www.doingbusinesswithoutbribery.com

နိုင်ငံတကာသဘောတူစာချုပ်များနှင့် ဥပဒေများ

- OECD Convention Against Bribery
  - OECD home page for the Convention: http://www.oecd.org/corruption/oecdantibriberyconvention.htm
- United Kingdom Anti-Bribery Act
  - Fraud Advisory Panel, Introduction to UK Legislation, 2016. https://www.fraudadvisorypanel.org/wp-content/uploads/2016/05/Bribery-andcorruption-3rd-edition-May2016.pdf
  - Transparency International resource page: https://www.transparency.org.uk/our-work/business-integrity/bribery-act/
- United Nations Convention Against Corruption (UNCAC)

- Business Anti-Corruption Portal UNCAC site: http://www.business-anticorruption.com/anti-corruption-legislation/united-nations-convention-againstcorruption
- Civil Society Guide: UNCAC and the private sector. 2013. https://www.unodc.org/documents/NGO/Civil-Society-Guide-English.pdf

- United States Foreign Corrupt Practices Act (FCPA)
    - Business Anti-Corruption Portal FCPA site: http://www.business-anticorruption.com/compliance-quick-guides/united-states
    - US Department of Justice and US Securities and Exchange Commission, A Resource Guide to the FCPA. 2012 https://www.justice.gov/sites/default/files/criminalfraud/legacy/2015/01/16/guide.pdf